The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 27
တနင်္လာနေ့တိုင်းထုတ်ဝေသည်
July 17 , 2017

# ပြည်ပ ၄၇ နိုင်ငံသို့ သုံးလအတွင်း ဆန်နှင့် ဆန်ကွဲ တန်ချိန် ၅ သိန်းခန့်တင်ပို့ ယခင်နှစ်ကာလတူထက် တန်ချိန်ငါးသိန်းခန့် ပိုမိုတင်ပို့နိုင်

စာမျက်နှာ - ၈



- အစုရှယ်ယာများအပေါ်တွင် အမြတ်ဝေစု ၆ ရာခိုင်နှုန်းပေးရန် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ အတည်ပြု စာမျက်နှာ - ၉
- သီရိလင်္ကာနိုင်ငံက ပြည်တွင်းဆန် ပြတ်လပ်မှုကို ဖြေရှင်းရန် ပြည်ပမှ ဆန်တန်ချိန် နှစ်သိန်းကို အမြန်ဆုံးဝယ်ယူတင်သွင်းသွားမည် စာမျက်နှာ - ၁၅
- စည်းကမ်းပျက်ကုမ္ပဏီများအား အရေးယူတော့မည် စာမျက်နှာ - ၁၇

## အမေရိကန်နိုင်ငံသို့ တင်သွင်းမည့် Siluriformes fish and fish products များကို အမေရိကန်နိုင်ငံ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စစ်ဆေးရေး လုပ်ငန်းမှ ပြန်လည်စစ်ဆေးမည် ကြေညာချက်ထုတ်ပြန်

စာမျက်နှာ - ၁၅

## ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချမှု မြင့်မားတိုးတက်ရေးအတွက် ဘယ်လိုအဖြေရှာကြမလဲ



စာမျက်နှာ - ၁၂


GALANZ™
Classic
Adore
မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိပြီး . . .
ခန်းနားထည်ဝါစေသော ရနံ့ရှိသည့် . . .
GALANZ™
Classic
Adore
Whitening
Hand & Body Cream
200gm
BRIGHT BEAUTY TRADING CO.,LTD.
No.60, OhnPin Street, KyeeMyinDaing Township, Yangon.
Tel:(+95)-1-514392, 524714, 525687.
No.26,11th Rd, Bet; 77th x 78th St, AungMyayTharZan Township, Mandalay.
Tel:(+95)-2-69432, (+95)-9-799630617, 402546345, 402546346.

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Mr. Mohammad Sufiur Rahman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၁၃ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အစိုးရအချင်းချင်း (G to G) သော်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအချင်းချင်း (B to B) သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နယ်စပ်ကုန်သွယ်မှုသာမက ပင်လယ်ရေကြောင်းမှပါ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆန်၊ ပဲမျိုးစုံနှင့် ရေထွက်ကုန်ပစ္စည်းများကို တစ်ဆင့်ခံ ရောင်းချနေမည့်အစားတိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများအား အားပေးသွားနိုင်ရေး၊ နှစ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံရှိဆိပ်ကမ်းများနှင့် ဘင်္ဂလားဒေ့ရှ်ဆိပ်ကမ်းများအကြား တိုက်ရိုက်ပို့ဆောင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

# Sixth Global Review of Aid for Trade ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော Sixth Global Review of Aid for Trade ဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးချုပ်တွင် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဆက်စပ်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ စုစုပေါင်း ကိုယ်စားလှယ် ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

The Global Review of Aid for Trade ဆွေးနွေးပွဲများကို ၂၀၀၇ ခုနှစ်မှ စတင်၍ နှစ်နှစ်တစ်ကြိမ်ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ်တွင် ကျင်းပသောဆွေးနွေးပွဲမှာ (၆) ကြိမ်မြောက်ဆွေးနွေးပွဲဖြစ်ပါသည်။ အခွန့်ရှည်ပြီး ခိုင်မာသောဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန်အတွက် ကုန်သွယ် မှုလုပ်ငန်းများတွင် အားလုံးလိုက်ပါဆောင်ရွက်ခွင့်ရရှိရေးနှင့် ကဏ္ဍစုံဆက်သွယ်ရေးတို့ကို မြှင့်တင်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် Sixth Global Review of Aid for Trade ဆွေးနွေးပွဲ ကိုကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

ဆွေးနွေးပွဲတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် LDCs နိုင်ငံများအနေဖြင့် သတင်း အချက်အလက်နည်းပညာနှင့် ပို့ဆောင်ဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်လာရေး၊ E-Commerce ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ကုန်သွယ်မှုနှင့် ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း စဉ်များတွင် ပိုမိုပါဝင်နိုင်ရေးတို့ကို ဦးစားပေးဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် အဆိုပါလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကူအညီပေးမည့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ထိထိရောက်ရောက်အကူအညီပေးနိုင်မည့်နည်းလမ်းများအား ဆွေးနွေးခြင်း၊ LDCs နိုင်ငံများအကြား ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ ပညာရှင်များက ပြုစုထားသော စာတမ်းများအား ဆွေးနွေးခြင်းများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။

သုံးရက်ကြာကျင်းပသောဆွေးနွေးပွဲတွင် Plenary Session နှင့် Side Event များ စုစုပေါင်း ၅၆ ခု ကျင်းပခဲ့ပြီး မြန်မာကိုယ်စား လှယ်အဖွဲ့အနေဖြင့် သက်ဆိုင်ရာ Plenary Sessions and Side Event များသို့ တက်ရောက်ခဲ့ပါသည်။ ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဇူလိုင် ၁၁ ရက်တွင်ကျင်းပသော Plenary Session on Promoting Connectivity for LDCs တွင် အဓိကဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးခဲ့ပါသည်။ ဒုတိယဝန်ကြီးနှင့်အတူ ဗင်နွာတူနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်၊ ယူဂန်ဒါနိုင်ငံမှ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ကော်စတာရီကာနိုင်ငံမှ ပြည်ပကုန်သွယ်ရေးဝန်ကြီး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Enhanced Integrated Framework (EIF) အစီအစဉ်ဆိုင်ရာ အမှုဆောင်ဒါရိုက်တာနှင့် နော်ဝေနိုင်ငံအခြေစိုက် တယ်လီနောကုမ္ပဏီ၏ Executive Vice President တို့ကလည်း အဓိက ဆွေးနွေးသူများအဖြစ် တက်ရောက်ခဲ့ပါသည်။

အဆိုပါ Plenary Session တွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ Telecommunication ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ E-Commerce ဆိုင်ရာအခွင့်အလမ်းများနှင့် အခက်အခဲများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးခဲ့ပါသည်။ ယင်းဆွေးနွေးပွဲ၌ တယ်လီနောကုမ္ပဏီ၏ Executive Vice President က မြန်မာနိုင်ငံတွင် တယ်လီနောကုမ္ပဏီ၏ အောင်မြင်မှုများကို ထုတ်ဖော်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ၏ Mobile အင်တာနက်အသုံးပြု၍ Data Access ပြုလုပ်နိုင်မှုနှုန်းမှာ ၈၀ ရာခိုင်နှုန်းကျော်အထိရှိပြီး ယင်းမှာ နော်ဝေနိုင်ငံ၏ အသုံးပြုမှုနှုန်းထားထက် ကျော်လွန်ကြောင်း သိရှိရပါသည်။

ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွေးနွေးပွဲကာလအတွင်း၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများဖြစ်သည့် ဆွီဒင်၊ ဥရောပသမဂ္ဂ၊ ဂျာမနီ၊ ဗြိတိန်၊ ဆွစ်ဇာလန်နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ကမ္ဘာ့ဘဏ်၊ International Trade Centre (ITC)၊ UNCTAD နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အဓိကတာဝန်ရှိသူများနှင့် လည်းကောင်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ထုတ်ရေးဆွဲထားသော Medium Term Program (MTP) လုပ်ငန်းများတွင် လိုအပ်သည့် ကူညီပံ့ပိုးမှုများ တိုးမြှင့်ရရှိရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များနှင့်ပတ်သက်၍ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။ ယင်းသို့ဆွေးနွေးရာတွင် Sanitary and Phytosanitary (SPS) ဆိုင်ရာများ၊ E-Commerce ဆိုင်ရာများ၊ Trade Facilitation ဆိုင်ရာများ၊ Awareness နှင့် Capacity Building မြှင့်တင်သွားမည့်အစီအစဉ်များ ပါဝင်ခဲ့ပါသည်။

ဆွစ်ဇာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းနှင့်ဆက်စပ်၍ လိုအပ်သော ကူညီပံ့ပိုးမှုများပြုလုပ်သွားရန် ပြင်ဆင်လျက်ရှိပြီး ဆွစ်ဖရန့် လေးသန်းတန်ဖိုးရှိ စီမံကိန်းကို မကြာမီစတင်အကူအညီပေးနိုင်ရေးကြိုးပမ်းလျက်ရှိကြောင်း အသိပေး ဆွေးနွေးသွားခဲ့ပါသည်။ ထို့အတူ ဆွီဒင်နိုင်ငံအနေဖြင့် UNCTAD မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ E-Commerce Readiness Assessment စီမံချက်အတွက် ရန်ပုံငွေထောက်ပံ့သွားမည်ဖြစ်ပြီး ဆက်လက်၍ ကုန်သွယ်မှုဆိုင်ရာ အခြားသော ကဏ္ဍများတွင်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း အသိပေး ဆွေးနွေးသွားခဲ့ပါသည်။

**MOC(IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွင့်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မအူပင်မြို့နယ်တွင် စပါး/ဆန်စျေးတက်ရိပ်ပြ၊ မအူပင်စက်ပိုင်နှင့် ရန်ကုန်ဘုရင့်နောင် ဆန်စျေးကွက်မှ ဝယ်လိုအားများလာ

မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စု ၇၆ အုပ်စုနှင့် ရပ်ကွက် ၁၂ ရပ်ကွက်ရှိပြီး ကျေးရွာအုပ်စုများရှိ နွေစပါးနှင့် မိုးစပါးစိုက်ဧက စုစုပေါင်းမှာ ၂၂၁၀၃၇ ဧက ရှိပါသည်။ ဒေသဝမ်းစာ ဖူလုံသည့်အပြင် ပိုလျှံစပါးများကို ကျိုက်လတ်၊ ဝါးခယ်မ၊ မော်ကျွန်း၊ ညောင်တုန်း၊ တွံတေး စသည့်မြို့များမှ အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူကြကြောင်း သိရှိရပါသည်။

မအူပင်မြို့နယ်တွင် ဒေသတွင်း တန်းမြင့်ဆန်ကြိတ်ခွဲနိုင်ရန် ဆန်စက်ကြီးအနည်းငယ်သာရှိသဖြင့် ဒေသတွင်းဝမ်းစာအတွက် ဟာလာဆန်စက်ငယ်များက ကြိတ်ခွဲထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

မအူပင်ဆန်စျေးကွက်များဖြစ်သည့် မြို့မစျေး၊ မင်္ဂလာစျေးနှင့်အိမ်ဆိုင်များတွင် ယခုအခါ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ မနောသုခ၊ သီးထပ်ရင်၊ ဧည့်မထဆန်များကို လုံးစင်ကြိတ်ခွဲ ရောင်းချသည့် ဝင်းသိင်္ဂီ၊ မိတ်သစ်၊ စိန်သီဟ၊ နိုင်းဝမ်းတူး စသည့်စက်များမှ ဆန်များ သည် စျေးကွက်တွင် ရောင်းအားကောင်းကြောင်း သိရှိရပါသည်။

မအူပင်မြို့နယ်အနေဖြင့် ဇူလိုင်လဆန်းပိုင်းတွင် တောင်သူများလက်ဝယ် စပါးလက်ကျန်နည်းပါးလာပြီးစက်ပိုင်များနှင့် စပါးထားနိုင်သူများသာကျန်ရှိကြောင်း၊ စပါးလက်ကျန် နည်းလာချိန်တွင် ဧည့်မထစပါးစျေး တင်း ၁၀၀ လျှင် ကျပ် ၄၉၀၀၀၀ထိ မြင့်တက်လာကြောင်း စျေးကွက်သတင်းအရ သိရပါသည်။

စျေးကွက်အတွင်းတွင် ပေါ်ဆန်းစပါးစျေး အနည်းငယ်ကျနေပြီး ဧည့်မထစပါး စျေးတက်လာရခြင်းမှာ မအူပင်မြို့နယ်တွင် စပါး/ဆန် လက်ကျန်နည်းလာသဖြင့် တက်ရိပ်ပြခြင်း၊ ရန်ကုန်-ဘုရင့်နောင်စျေးကွက်မှ တရုတ်ပြည်သို့ ကုန်းလမ်းမှ ပို့သောလမ်းကြောင်းပြန်ဖွင့်လျှင် ဆန်စျေးတက်လာမည်ကို မျှော်မှန်း၍ စပါး/ဆန်များကို ဝယ်ယူသို့လှောင်ရန်အတွက် ဘုရင့်နောင်ဝယ်လက်များက စျေးတိုးပေးဝယ်ယူနေခြင်းတို့ကြောင့် မအူပင်စျေးကွက်တွင် တက်ရိပ်ရှိလာကြောင်း သတင်းရရှိသည်။ Consumer MT



## ဇူလိုင်လ ဒုတိယပတ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဧည့်မထ၊ မိုး/နွေ ဆန်အရောင်းအဝယ် အနည်းငယ်သွက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဇူလိုင်လဒုတိယပတ်အတွင်း ဆန်စပါးစျေးကွက်တွင် ဧည့်မထ မိုး/နွေဆန်များ အရောင်းအဝယ်အများဆုံးဖြစ်သည့်အတွက် စပါးစျေးနှုန်းများလည်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ ဇလွန်၊ အင်္ဂပူ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး၊ မအူပင်၊ ဓနုဖြူ၊ အိမ်မဲ၊ လပွတ္တာမြို့နယ်များရှိ ဧည့်မထ မိုး/နွေစပါး ၄၆ ပေါင်တင်း ၁၀၀ ကို သောင်းဂဏန်းဝန်းကျင်နှင့် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ နဲ့ ၁၀၀၀ ကြား မြင့်တက်လျက်ရှိကြောင်း စျေးကွက်သတင်းများအရ သိရသည်။

ဆန်စပါးစျေးကွက် အရောင်းအဝယ်သွက်လျှင် လှောင်ထားသော တောင်သူများက စျေးတိုးမြင့်၍ တောင်းဆိုလျက်ရှိပြီး ရောင်းသူစျေးကွက်နှင့်ဆန်စပါးစျေးကွက်အရောင်းအဝယ်အေးလျှင် ရောင်းချလိုသည့်တောင်သူက စျေးနှုန်းလျှော့၍ ရောင်းချသည့်အတွက် ၎င်းအချိန်တွင် ဝယ်ယူသူစျေးကွက်ဖြစ်သွားကြောင်းသိရသည်။

ဆန်စပါးစျေးကွက်မှာ ၄၆ ပေါင် တင်း၁၀၀ ကို (ဥပမာ- ပေါ်ဆန်းစပါး လက်ရှိ ပေါက်စျေးကျပ် ၇၇၁၀၀၀ စျေးရှိသော်လည်း)၎င်းပေါက်စျေးအတိုင်း အရောင်းအဝယ်မဖြစ်ဘဲ စပါးအရည်အသွေးပေါ် မူတည်၍ စျေးနှုန်းကွာခြားမှုရှိကြောင်း၊စိုက်ပျိုးရာသီမှာ ပြန်လည်ရင်းနှီးရန် ထုတ်ရောင်းသည့်တောင်သူများရှိပြီး ငွေမလိုသည့် တောင်သူလက်ကြီးသမားတချို့မှာစပါးများကို ရောင်းချမှုမရှိသေးကြောင်း ရန်ကုန်စျေးကွက် အရောင်းအဝယ်သွက်သည့်အပေါ် မြို့နယ် အချို့မှာ စပါး၊ဆန်စျေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရပါသည်။ **မင်းမင်းဦး(ပုသိမ်)**

## ဆန်ချောထိပ်စနဲ့ဆန်ကြမ်းစျေးတက်

ယခုတစ်ပတ် ရန်ကုန် ဆန်စျေးကွက်မှာ ဖျာပုံပေါ်ဆန်းထိပ်စနဲ့ ဆန်ကြမ်းထိပ်စစျေးတက်ပြီး ကျန်ဆန်ချောများ စျေးငြိမ်နေကြောင်းသိရပါသည်။ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၅၀၀၀၊ လတ်စ တစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ်လျှင် ကျပ် ၃၆၅၀၀၊ လက်စ တစ်အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ် ထိပ်စ တစ်အိတ်ကျပ် ၃၂၀၀၀၊ အလတ်စ တစ်အိတ် ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၄၂၀၀၀ မှ ကျပ် ၄၄၀၀၀ စျေးပေါက်ပြီး ဖျာပုံပေါ်ဆန်း ထိပ်စ တစ်အိတ် ကျပ် ၅၀၀ခန့် စျေးတက်ပါတယ်။ ကျန်တဲ့ ဆန်ချော အမျိုးအစားတွေကတော့ စျေးငြိမ်နေတယ်လို့သိရပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းစျေးကွက်မှာ စျေးတက်တာတွေ့ရပါတယ်။ ဧည့်မထဆန်ထိပ်စ တစ်အိတ်ကျပ် ၂၀၅၀၀နဲ့ လတ်စ တစ်အိတ် ကျပ် ၁၈၀၀၀၊ နွေသီးထပ်ရှယ် တစ်အိတ် ကျပ် ၂၀၃၀၀ မှ ကျပ် ၂၀၅၀၀၊ နွေဆန် ရက် ၉၀ တစ်အိတ်ကျပ် ၂၀၀၀၀ မှ ကျပ် ၂၁၀၀၀၊ မနောသုခ တစ်အိတ် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ အိတ်စပို့ ၂၅ မှတ် တစ်အိတ် ကျပ် ၁၇၈၀၀ မှ ကျပ် ၁၈၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၅၀၀ မှ ၁၀၀၀ကြား စျေးတက်တယ် လို့သိရပါတယ်။

မူဆယ်ဆန်စျေးကွက်မှာ ယခုတစ်ပတ်စျေးနှုန်း မပြောင်းလဲဘဲ ဧည့်မထ ၅ မှတ် မော်ဘီနဲ့ စူပါ တစ်အိတ် ၁၃၂ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီ တစ်အိတ် ၁၂၈ ယွမ် မှ ၁၂၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ယွမ်၊မနောသုခ ၁၅မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ယွမ်၊ မနောသုခ ဧည့်မထ ၂၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ၁၁၈ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ် တစ်အိတ်၁၁၃ ယွမ်မှ ၁၁၅ ယွမ်ရှိပြီး ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဇူလိုင် ၆ ရက်မှ ၁၂ ရက်အထိ ကာလအတွင်း ဆန် ၂၀၉၁၄ တန် ဝင်ရောက်ပါတယ်။ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း သိရပါတယ်။ ဇူလိုင် ၁၄ ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို၁၉၇ ဒသမ ၆၂ ကျပ်စျေးပေါက်ကြောင်း မူဆယ်မှ သတင်းရရှိပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁၂-၇-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၅၅ | ၄၂၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၉ | ၄၃၀ | ▽ | ၄၀၅ | ၄၁၀ | △ | ၄၁၅ | ၄၁၅ | □ | ၄၃၀ | ၄၃၅ | △ |
| ဆန်ဖြူ ၁၀% | ၄၃၀ | ၄၀၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၂၇ | ၄၀၁ | ▽ | ၃၉၀ | ၃၉၅ | △ | - | - | - | ၄၂၀ | ၄၂၀ | □ |
| ဆန်ဖြူ ၂၅% | ၄၃၅ | ၃၉၃ | ▽ | ၃၀၀ | ၃၀၅ | △ | ၃၆၅ | ၃၆၅ | □ | ၃၇၅ | ၃၇၅ | △ |
| ပေါင်းဆန် | ၄၇၀ | ၄၃၉ | ▽ | - | - | - | ၄၃၀ | ၄၃၀ | □ | ၄၂၅ | ၄၂၅ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁၄-၇-၂၀၁၇)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၄၁၆ | ▽ | ၁၆၀၀၀ | ▽ | ၅၃၃၆ | ▽ | ၃၃၀၀၀ | △ |
| ပုသိမ် | ၄၆၀၀ | □ | ၂၀၀၀၀ | □ | ၇၇၁၀ | △ | ၃၅၅၀၀ | □ |
| ပဲခူး | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၆၅၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၂၀ | □ | ၁၁၅၀၀ | □ | ၃၉၄၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၃၀၀၀ | ▽ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၂၅၀ | △ | ၁၆၈၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၇၆၀၀ | □ | ၃၂၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၉၀၀၀ | ▽ |
| ဘားအံ | ၄၅၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၈၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင်မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

| ၁၀-၇-၂၀၁၇ မှ ၁၄-၇-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 767 | 49,061,940.603 |
| 2 | Form D | 33 | 1,364,981.410 |
| 3 | Form E | 75 | 1,723,444.550 |
| 4 | Korea GSP | 7 | 248,903.420 |
| 5 | Form AK | 78 | 4,773,035.618 |
| 6 | Form AJ | 10 | 365,343.830 |
| 7 | Form AI | 129 | 5,694,439.530 |
| 8 | Form AANZ | 11 | 156,710.940 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1113** | **63,388,799.901** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၄-၇-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၀၅ | ၁၃၁၆ | ▼ | ၁၃၀၃ | ၁၃၃၃ | ▼ | ၁၄၀၀ | ၁၂၀၅ | ▼ | ၁၃၉၀ | ၁၃၇၅ | ▼ |
| ပဲစင်းငုံ | ၁၀၁၂ | ၉၀၀ | ▼ | ၉၅၀ | ၉၅၀ | ■ | ၉၇၀ | ၉၅၀ | ▼ | ၉၅၀ | ၉၅၀ | ■ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | ၂၀၂၇ | ၁၉၉၁ | ▼ | ၁၀၄၂ | - | | ၁၆၀၅ | ၁၃၁၅ | ▼ |
| ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၇၀၀ | ▲ | ၁၉၅၆ | ၂၁၆၆ | ▲ | ၂၁၅၀ | ၂၂၀၀ | ▲ | ၂၀၀၀ | ၁၉၆၀ | ▼ |
| ပဲလွန်းဖြူ | ၁၅၃၀ | ၁၅၀၀ | ▲ | ၁၂၅၀ | ၁၂၅၀ | ■ | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၁၆၇၉ | ၁၆၇၉ | ■ | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၄-၇-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၄၀ | ၆၂၀ | ▼ | ၆၀၇ | ၆၆၇ | ▼ | ၆၉၅ | ၆၉၀ | ▲ |
| ပဲစင်းငုံ | ၄၇၀ | ၄၆၀ | ▼ | ၅၄၁ | ၅၂၀ | ▼ | ၅၇၄ | ၅၇၄ | ■ |
| ပဲတီစိမ်း | ၆၀၀ | ၆၀၀ | ■ | - | - | - | ၆၀၀ | ၆၇၀ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၀၀ | ■ | ၀၅၀ | ၀၃၀ | ▼ | ၀၄၂ | ၀၃၀ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၁.၇.၁၇)ထိ | (၈.၇.၁၇)ထိ | (၈.၇.၁၇) ထိ |
| မတ်ပဲ | ၂၇၆၁၅၁ | ၈၀၈၃ | ၂၈၄၂၃၄ |
| ပဲတီစိမ်း | ၉၃၂၁၃ | ၅၆၈ | ၉၃၇၈၁ |
| ပဲစင်းငုံ | ၁၅၈၆၈၆ | ၆၀၀၉ | ၁၆၄၆၉၅ |
| ကုလားပဲ | ၃၀၃၃၉ | ၅၉၀ | ၃၀၉၂၉ |
| ပဲလွန်းဖြူ | ၁၁၆၃၆ | ၁၇၇ | ၁၁၈၁၃ |
| မြေထောက်ပဲ | ၈၀၁၁ | ၂၇၅ | ၈၂၈၆ |

## ဇူလိုင် ဒုတိယပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံသစ် တစ်တင်းလျှင် ကျပ် ၁၉၂၀၀နှင့် ပဲစင်းငုံဟောင်းမှာ တစ်တင်းလျှင် ကျပ် ၁၇၉၀၀ သာရှိခဲ့ပြီး လက်ကျန်နည်း၍တက်ဈေးကိုမျှော်သော်လည်း မျှော်သလိုဖြစ်မလာသည်ကို တွေ့ရပါသည်။

ကုလားပဲဖြူ V2မှာ တစ်တင်းလျှင် ကျပ် ၄၅၃၀၀၊ ကုလားပဲဝါ HLမှာ တစ်တင်းလျှင်ကျပ် ၃၇၂၀၀ ဈေးနှင့် ကုလားပဲဖြူလုံးကြီး 929 မှာ တစ်တင်းလျှင်ကျပ် ၃၈၀၀၀ဈေးများဖြင့်အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။ပဲတီစိမ်း တစ်တင်းလျှင် ကျပ်၃၆၅၀၀ ဈေးဖြင့် ဈေးအနည်းငယ်တက်လျက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၈၇၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဒေသတွင်းနှင့် ပြည်တွင်းဈေးကွက် တိရစ္ဆာန်အစားအစာအတွက် ပုံမှန်ဝယ်ယူမှုရှိခြင်း၊ တရုတ်မှ အဆွဲရှိခြင်းတို့ကြောင့် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိပြီး ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

အခြားပဲများဖြစ်သည့် ပဲဇီးကွက် ကျပ် ၂၆၀၀၀၊ စွန်တာနီပြာကျပ် ၂၄၀၀၀၊ ပဲလွန်းပြာ ကျပ် ၂၁၅၀၀၊ ပဲနီပြားကျပ် ၂၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ကြက်သွန်နီဈေးမှာ တစ်ပိဿာ လျှင် ထိပ်စ ကျပ် ၁၂၀၀၊ အလတ်စကျပ် ၁၀၅၀၊ အနိမ့်ကျပ် ၉၅၀ ဈေးဖြင့် တစ်နေ့လျှင် ပိဿာချိန်၃၀၀၀၀မှ၁၀၁၀၀၀ကြားအရောင်းအဝယ်ဖြစ်လျက်ရှိနေပါသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## ပြည်ပဲဈေးကွက်အတွင်း နှစ်အလိုက်ကာလတူရရှိခဲ့သော ဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်တွင်းပြည်ပ ဝယ်လက်ရှိသော ပဲများ နေ့စဉ် ရောင်းဝယ်မှုဖြစ်လျက်ရှိရာ မိုးဦးကျကာလ ဇွန်လအတွင်း ပဲအဝင်ရှိတဲ့ပဲရှိသလို လက်ကျန်လှောင်ပဲများဖြင့် ရောင်းဝယ်နေကြတဲ့ ပဲများလည်း ရှိခဲ့လို့ အချို့ပဲများမှာ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း အချို့ပဲတွေကတော့ ရက်ခြားသာ ရောင်းဝယ်နေခဲ့ကြတယ်လို့သိရပါတယ်။ပြည်ပဲဈေးကွက်အတွင်း နှစ်စဉ်ဇွန်လအတွင်းအရောင်းအဝယ်ဖြစ်ခဲ့သော ပဲအချို့၏ဈေးနှုန်းများကို လေ့လာရာမှာ ပြည်တွင်းဝယ်လက်ရောင်းဝယ်မှုများတဲ့ ကုလားပဲ၊ ပဲကြီး၊ ပဲပုပ်သီးနှံ များသာ ရှေ့ကနှစ်များထက်ဈေးကောင်းရလာပြီး ကျန်ပဲများဖြစ်သောမတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာယခုနှစ်အတွင်း ဈေးအေးခဲ့ကြောင်း ဖော်ပြပါ ဇယားအတိုင်း လေ့လာသိရှိရပါတယ်။

မတ်ပဲသီးနှံဟာဆိုလျှင် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ သုံးနှစ်နှိုင်းယှဉ်ရာတွင် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ခုနှစ်အတွင်းမှာသာဈေးကောင်းရခဲ့ပြီး ၂၀၁၇ ခုနှစ် အတွင်း ဈေးအေးခဲ့တဲ့အတွက် တစ်တင်းလျှင် ကျပ်သုံးသောင်းအောက်ဖြင့်သာ ဇွန်လအတွင်းမှာ ရောင်းဝယ်ခဲ့ကြတာကို တွေ့ရပါတယ်။ ယခင်နှစ်များကဆိုလျှင် မတ်ပဲသီးနှံဟာ တစ်တင်းလျှင် ကျပ်ငါးသောင်းကျော်ထိအောင် ဈေးကောင်းရရှိခဲ့တာကြောင့် ပဲဈေးကွက်အတွင်းမှာလည်း ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း အခြားပဲများထက် ဈေးပိုရကာ ဈေးအမြင့်ဆုံးရခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ပေမယ့် ယခု ၂၀၁၇ ခုနှစ်အတွင်းမှာတော့ ပဲကြီး၊ ကုလားပဲသီးနှံနှင့် လက်လီဝယ်ယူမှုသာရှိတဲ့ ပဲအချို့ထက်လည်း ဈေးလျော့နည်းနေခဲ့ကြောင်း သိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်၊ဇွန်လအတွင်း ပဲလက်ကျန်မရှိလို့ အရောင်းအဝယ် မဖြစ်ခဲ့ပေမယ့် ၂၀၁၇ ခုနှစ်၊ ဇွန်လလယ်မှာတော့ မျိုးပဲအတွက် ဝယ်ယူမှုရှိခဲ့ပါတယ်။ ဒါကြောင့် အိတ်အနည်းငယ် ရောင်းချ ခဲ့ရကာ မျိုးပဲဈေး တစ်တင်း ကျပ် ၃၅၀၀၀ မှ ကျပ် ၄၀၀၀၀ ကျပ်အတွင်း ဈေးကောင်းရခဲ့ ကြောင်း သိရပါတယ်။ ဒါကြောင့် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်လည်း မျိုးပဲဈေးမှာ ဈေးပိုကောင်းနေတယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ယခုနှစ်အတွင်း မတ်ပဲသီးနှံထက် ဈေးလျော့နေသလို အခြားပဲများထက်လည်း ဈေးလျော့ခဲ့ပြီး ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်နေခဲ့လို့ ကျပ်နှစ်သောင်းမကျော်ဘဲ တစ်တင်း ကျပ် ၁၉၈၀၀ ဖြင့်သာ ရောင်းဝယ်ခဲ့တာတွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များက ပဲဈေးကွက်အတွင်း ပြည်ပဝယ်လိုအားရှိသော ပဲအားလုံးလိုလို ဈေးကောင်းရခဲ့ကြတာကြောင့် မတ်ပဲသီးနှံပြီးလျှင် ပဲစင်းငုံ သီးနှံဟာ ဒုတိယဈေးအမြင့်ဆုံးရခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ယခုလိုကာလမျိုးတွင် ပဲစင်းငုံသီးနှံအနေဖြင့် လက်ကျန်ပဲများဖြင့်သာ ရောင်းဝယ်ခဲ့ကြတဲ့အတွက် ရက်ခြားသာ ရောင်းဝယ်မှုရှိခဲ့ကြောင်းလည်း သိရပါတယ်။

ကုလားပဲသီးနှံမှာ မတ်ပဲ၊ ပဲ စင်းငုံသီးနှံတို့ကဲ့သို့ မဟုတ်ဘဲ တစ်နှစ်ပြီးတစ်နှစ် ဈေးကောင်းခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၅ခုနှစ်တွင် တစ်တင်းကျပ် ၂၃၅၀၀မှကျပ် ၂၅၉၀၀၊ ၂၀၁၆ ခုနှစ်တွင် ဈေးမြင့်တက်လာခဲ့ကာ တစ်တင်း ကျပ် ၃၉၀၀၀ မှ ကျပ် ၄၀၇၀၀၊ ၂၀၁၇ခုနှစ်တွင် ဈေးထပ်မံ သိသိသာသာ မြင့်တက်ခဲ့ခြင်းမရှိပေမယ့် တစ်တင်းကျပ် လေးသောင်းခန့်ဖြင့် မတ်ပဲ၊ပဲစင်းငုံသီးနှံများထက် ဈေးကောင်းနေခဲ့ပြီး ပဲဈေးကွက်အတွင်းမှာ ယခုနှစ်တွင် ပဲကြီးသီးနှံပြီးလျှင် ဒုတိယဈေးအမြင့်ဆုံးရနေခဲ့ကြောင်း သိရပါတယ်။ ကုလားပဲသီးနှံမှာ အခြားတိုင်း၊ မြို့နယ်များသို့ တင်ပို့ရောင်းချမှု နည်းပြီး ဒေသတွင်းသာ ခွဲစက်သမားများ ပုံမှန် အဝယ်ရှိတဲ့ ပဲဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာလည်း ကုလားပဲသီးနှံကဲ့သို့ပင် တစ်နှစ်ထက်တစ်နှစ် ဈေးပိုရလာပြီး ၂၀၁၅ ခုနှစ်တွင် (ရွှေကျွန်း) တစ်တင်း ကျပ် ၂၄၅၀၀ မှ ကျပ် ၂၇၀၀၀၊ (ကမ်းနား)တစ်တင်း ကျပ် ၂၂၀၀၀ မှ ကျပ် ၂၅၀၀၀၊ ၂၀၁၆ခုနှစ်တွင် (ရွှေကျွန်း) တစ်တင်း ကျပ် ၂၈၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၅၀၀၀မှ ကျပ် ၂၅၅၀၀ ဖြင့် ယခင်နှစ်ကထက် ဈေးပိုလာသော်လည်း ကုလားပဲသီးနှံထက်တော့ ဈေးလျော့နည်းနေခဲ့ပါတယ်။ ၂၀၁၇ခုနှစ်တွင် ပဲကြီးသီးနှံဈေးဟာ ရှေ့ကနှစ်တွေထက် နှစ်ဆနီးပါးခန့် မြင့်တက် လာလို့ (ရွှေကျွန်း) တစ်တင်းကျပ် ၄၅၀၀၀မှ ကျပ် ၄၈၀၀၀၊ (ကမ်းနား) ပဲတစ်တင်းကျပ် ၄၆၅၀၀ ဖြင့် ဈေးအပြောင်းအလဲမရှိ ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုနှစ်အတွင်းမှာ ပဲကြီးသီးနှံဈေးဟာ ဈေးကောင်းရလျက်ရှိတာကြောင့် ပဲဈေးကွက်အတွင်းမှာ ပဲအားလုံးထက် ဈေးအမြင့်ဆုံး ဖြစ်နေခဲ့ပါတယ်။ ပဲပုပ်သီးနှံကတော့ ၂၀၁၅ ခုနှစ်တွင် ကျပ်နှစ်သောင်းအောက်သာရခဲ့လို့ ဈေးအနိမ့်ဆုံးပဲသီးနှံဖြစ်သလို ၂၀၁၆ခုနှစ်မှာလည်း အခြားပဲများထက် ဈေးလျော့နည်းခဲ့ပြီး ၂၀၁၇ခုနှစ်မှသာ မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးမကောင်းခဲ့တဲ့အတွက် ၎င်းပဲများထက် ဈေးပိုရခဲ့ကာ တစ်တင်းကျပ် ၂၆၅၀၀ မှကျပ် ၂၇၀၀၀ အတွင်း ရရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

| ပဲအမျိုးအစား | ၂၀၁၅ ဇွန်လ | | ၂၀၁၆ ဇွန်လ | | ၂၀၁၇ ဇွန်လ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၄၀၀၀၀ | ၄၄၅၀၀ | ၅၂၀၀၀ | ၅၈၂၀၀ | ၂၈၀၀၀ | ၂၈၇၀၀ |
| ပဲတီစိမ်း | - | - | - | - | ၃၅၀၀၀ | ၄၀၀၀၀ |
| ပဲစင်းငုံ | ၃၉၀၀၀ | ၄၁၅၀၀ | ၄၇၀၀၀ | ၄၉၅၀၀ | ၁၈၂၀၀ | ၁၉၈၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၄၅၀၀ | ၂၇၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၄၅၀၀၀ | ၄၈၀၀၀ |
| ပဲကြီး(ကမ်းနား) | ၂၂၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၂၅၅၀၀ | ၄၆၀၀၀ | ၄၆၅၀၀ |
| ကုလားပဲ | ၂၃၅၀၀ | ၂၅၉၀၀ | ၃၉၀၀၀ | ၄၀၇၀၀ | ၃၉၅၀၀ | ၄၀၀၀၀ |
| ပဲပုပ် | ၁၆၀၀၀ | ၁၆၅၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၆၅၀၀ | ၂၇၀၀၀ |

## ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရနေတဲ့ ပြည်ပဲကြီး

ပြည်ပဲဈေးကွက်အတွင်း အခြားပဲများ ဈေးအေးပေမယ့် ပဲကြီးသီးနှံ အနေဖြင့်ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ်ဖြစ်နေတာကိုတွေ့ရပါတယ်။

ပန်းတောင်း၊မင်းတုန်း၊ကံမမြို့နယ်များမှ ဝင်ရောက်ခဲ့ပြီး ပဲလက်ကျန် များလည်းရှိတာကြောင့် ပဲကြော်ဖိုသမားများ ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ပါတယ်။ ဒါကြောင့် အိတ် ၂၅၀ ကျော် နေ့စဉ် ရောင်းဝယ်မှုရှိပြီး ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်း ကျပ်၄၆၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၄၂၀၀၀ဖြင့် ပြည်တွင်းဝယ်လက် ပဲအားလုံးထက် ဈေးပိုရနေသလို ပြည်ပဝယ်လက်ပဲများထက်လည်း ဈေးမြင့်ခဲ့ပါတယ်။

ယခင်နှစ်ကပဲကြီးသီးနှံ၏ ယခုလအတွင်းဈေးမှာ ကျပ်သုံးသောင်းအောက်ဖြင့်သာရောင်းဝယ်ခဲ့လို့ ကုလားပဲသီးနှံထက် ဈေးလျော့ပေမယ့် ယခုနှစ်မှာတော့ ကုလားပဲသီးနှံဈေး ပြန်အေးသွားလို့ ပဲကြီးသီးနှံက ဈေးပိုရနေတာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၃ . ၇ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO (1) | အလုပ်မလုပ် |
| ထီးတန်းဆီဆိပ်ကမ်း | - MT.CORVUS | P.Oil (In Bulk) ၄၃၀၀ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း (၂) | - KOTA HASIL | ကုန်သေတ္တာ ၂၇၅ ကုန်တင်ရန် ကုန်သေတ္တာ ၂၅၀ ကုန်ချရန် |
| အေးရှားဝေါလ်(၁) | - SINAR BATAM | ကုန်သေတ္တာ ၄၇၉ ကုန်ချရန် |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၁) | - TRANG AN - 05 | သကြားတန် ၁၁၅၀၀ ကုန်ချဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၃) | - CAPE FLOWER | Sea Fish ၁၅၀တန်ကုန်ချဆဲ |
| မြန်မာ့စက်မှုဆိပ်ကမ်း (၄) | - MAERSK ATLANTIC | ကုန်သေတ္တာ ၆၀၃ကုန်တင်ရန် ကုန်သေတ္တာ ၄၁၄ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၁) | - MAAN AUNG | သကြား ၇၀၀၀ တန် ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - AGIA DOXA | ဆန် ၂၆၂၅၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - SEA MERAY | ဆန် ၁၈၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - MARILIA | ဆန် ၂၁၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - HAN THAR | Fertilizer ၆၇၀၀ ကုန်ချဆဲ |
| မြန်မာသီလဝါဆိပ်ကမ်း(၁) | - XETHA BHUM | ကုန်သေတ္တာ ဂ၆ ကုန်ချဆဲ ကုန်သေတ္တာ ၁၅၃ ကုန်တင်ရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - DZ QING DAO | (50) Units Truck & Steel ၃၁၆၉၈ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - DONG AN QUEEN | Concrete Pipes ၄၆၀၂ ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | - CALIMERO | Steel ၁၆၀၀၀ တန်ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| GLOBAL PROSPERITY | Steel ၁၅၅၅ တန် ကုန်ချရန် | | ၁၂.၇.၂၀၁၇ |
| RYU JIN | Units Vehicle (RO/RO) ၅၁၄ တန် ကုန်ချရန် | | ၁၃.၇.၂၀၁၇ |
| SIGAP | Cement (In Bulk) ၈၀၀၀ တန် ကုန်ချရန် | | ၁၃.၇.၂၀၁၇ |
| OCEAN PERAL | Coal (In Bulk) ၃၃၀၀၀တန် ကုန်ချရန် | INDONESIA | ၁၅.၇.၂၀၁၇ |
| SPRING SHINE | G/C ၁၁၀၀ တန် ကုန်ချရန် | INDIA | ၁၅.၇.၂၀၁၇ |
| MV.LEMANS EXPRESS | Units Vehicle (RO/RO) ၃၅၅ တန် ကုန်ချရန် | JAPAN | ၁၇.၇.၂၀၁၇ |
| OCEAN POWER | Units Contr,Equipment & G/C ၉ တန် ကုန်ချရန် | RUSSIA | ၁၈.၇.၂၀၁၇ |
| AEGIS FORTUNE | Steel & Fertilizer+ G/C ၂၈၀၀၀ တန် ကုန်ချရန် | CHINA | ၂၁.၇.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်/သီလဝါဆိပ်ကမ်း | ၁၃.၇.၂၀၁၇ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၃.၇.၂၀၁၇ |
| EVER APEX | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၃.၇.၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၃.၇.၂၀၁၇ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၄.၇.၂၀၁၇ |
| ARCA | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၄.၇.၂၀၁၇ |
| BAGAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၇.၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၄.၇.၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၇.၂၀၁၇ |
| SANTOSA STAR | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၄.၇.၂၀၁၇ |
| MV.DAWEI | SINGAPORE | | ၁၅.၇.၂၀၁၇ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၇.၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၇.၂၀၁၇ |
| MV.MCC ANDALAS | SINGAPORE | အေးရှားဝေါလ်/သီလဝါဆိပ်ကမ်း | ၁၆.၇.၂၀၁၇ |
| MV.CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၇.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU RU | ဒီဇယ်ဆီ | | ၁၃.၇.၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | | ၁၃.၇.၂၀၁၇ |
| MT.BTS CAPELLA | MOGAS 92 RON | SINGAPORE | ၁၄.၇.၂၀၁၇ |
| MT.VIRGO | P'Oil | INDONESIA | ၁၄.၇.၂၀၁၇ |
| MT.DELTA SEA | P'Oil | INDONESIA | ၁၅.၇.၂၀၁၇ |
| MT.FLY SEA | ဒီဇယ်ဆီ | SINGAPORE | ၁၅.၇.၂၀၁၇ |
| MT.AY GEMINI | P'Oil | INDONESIA | ၁၆.၇.၂၀၁၇ |

# ဇူလိုင် ဒုတိယပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန်(မြောင်)မှာ တစ်ပိဿာလျှင်ကျပ် ၂၃၀၀၊ ကျွန်းဆန်မှာ တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ပဲဈေးနှုန်းမှာ မတ်ပဲ တစ်တင်းလျှင် ကျပ် ၂၅၀၀၀နှင့်ကျပ် ၂၈၀၀၀၊စွန်တာပြာတစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၆၀၀၀၊ ပဲတီစိမ်း(ပဲနောက်) တစ်တင်းလျှင် အနိမ့်ဈေးကျပ် ၃၀၀၀၀ နှင့် အမြင့်ဈေး ကျပ်၃၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ကုလားပဲများဖြစ်သော HL မှာ တစ်တင်းလျှင် ကျပ် ၃၇၀၀၀၊ 929 မှာ တစ်တင်းလျှင်ကျပ် ၃၈၀၀၀ ၊ ကုလားပဲဖြူလုံးကြီး V2တစ်တင်းလျှင် ကျပ် ၄၀၅၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။ ပြောင်းဖူးစေ့ CPတစ်ပိဿာလျှင် အနိမ့်ဈေးကျပ် ၈၀၀၀ နှင့် အမြင့်ဈေးကျပ် ၈၆၀၀ ၊ နှမ်းဖြူသန့် အနိမ့်ဈေးကျပ် ၃၁၀၀၀ နှင့် အမြင့်ဈေး ကျပ် ၃၄၀၀၀ဖြင့် ရေစကြို ကုန်စည်ဒိုင်တွင် နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါသည်။ **လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# ပြည်မတ်ပဲဈေး အေးသည်ထက်အေးလာ

ပြည်ပဲမျိုးစုံ ဈေးကွက်မှာ ပဲသီးနှံအားလုံးလိုလို ဈေးအေး နေတာကြောင့် ပြည်ပဝယ်လို အားရှိသောပဲများပင်လျှင် ဈေး အေးနေခဲ့သလို အရောင်းအဝယ်လည်း အေးနေခဲ့တာကို တွေ့ရပါ တယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်ပါးလာပြီး ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်လျက်ရှိပေမယ့် အိတ် ၁၅၀ မှ ၂၀၀ ခန့်သာ ဝင်ရောက်မှုရှိခဲ့ကာ ရန်ကုန်ဝယ်လက်မှ ဝယ်ယူခဲ့မှုအပေါ် အိတ် ၂၀၀ ကျော် ၃၀၀ ရောင်းချခဲ့ပါတယ်။

ပဲဈေးမှာ ဈေးဆက်အေးလျက်ရှိတာကြောင့် တစ်တင်းကျပ် ၂၇၇၀၀သာရှိပြီး ယခင်တစ်ပတ်က ဈေးထက်ပင် အနည်းငယ် ထပ်မံကျဆင်းသွားခဲ့ပါတယ်။ ယခုနှစ်အတွင်းမတ်ပဲ သီးနှံဈေးဟာ ဈေးမြင့်လာခြင်း မရှိခဲ့ဘဲ တဖြည်းဖြည်း ဈေးအေးသည်ထက် အေးနေခဲ့လို့ ပဲစိုက်တောင်သူအချို့နှင့် လှောင်လက်သမားများ ထုတ်ရောင်းမှုနည်း နေခဲ့တာကိုလည်း တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ဘိုကိတ် လက်လီအဝယ်ရှိပေမယ့် ရက်ခြားသာ အရောင်းအဝယ်ဖြစ်

ဇူလိုင်လလယ် ပြည်ပဲဈေးကွက်အတွင်း မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံများ အရောင်းအဝယ် ပုံမှန်ဖြစ်နေသော်လည်း ကျန်ပဲများကတော့ ပဲလက်ကျန်နည်းခဲ့သလို အရောင်းအဝယ်လည်း အေးနေခဲ့ပါတယ်။ ဘိုကိတ်ပဲ သီးနှံဆိုလျှင်လည်း ပဲပေါ်ချိန် အထွက်လှိုင်ချိန်ကာလများတွင်သာ လက်လီလက်ကား အရောင်းအဝယ်သွက်ခဲ့ပေမယ့် ယခုလိုလှောင်ပဲလက်ကျန်အချို့ဖြင့် ရောင်းဝယ်သည့် အချိန်တွင် လက်လီဝယ်ယူသူများဖြင့်သာ အဓိက ရောင်းဝယ်ခဲ့တဲ့ ပဲသီးနှံဖြစ်ပြီး ယခုတစ်ပတ်အတွင်း နေ့စဉ်ရောင်းဝယ်မှုမဖြစ်ဘဲ ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့လို့ ပဲဈေးအတက်အကျ မဖြစ်ဘဲ တစ်တင်းကျပ် ၂၁၀၀၀ ဖြင့် ဈေးငြိမ်လျက်ရှိကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

# ပြည်ပဲနီပြား ယခင်နှစ်ဈေးနှင့် ကွာခြားမှုမရှိဘဲ ပုံမှန်ရောင်းဝယ်မှုဖြစ်

ပြည်ပဲဈေးကွက်ရဲ့ မိုးရာသီကာလအတွင်း လက်လီအရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲသီးနှံထဲမှာ ပဲနီပြားသီးနှံလည်း ပါဝင်နေခဲ့ပြီး နေ့စဉ်အိတ် အနည်းငယ် ရောင်းချခဲ့ရကြောင်း သိရပါတယ်။ ယခင်နှစ်က အခြား လက်လီပဲများဖြစ်သော ပဲလွန်းဖြူ ထောပတ်ပဲစသည့် သီးနှံများ ဈေးအေးခဲ့ပေမယ့် ပဲနီပြားသီးနှံကတော့ တစ်တင်းကျပ် ၂၅၅၀၀ ဖြင့် ဈေးကောင်းရခဲ့သလို ယခုနှစ်မှာလည်း ဈေးမကျဘဲ တစ်တင်းကျပ် ၂၆၀၀၀ ဖြင့် ယခင်နှစ်ဈေးနှင့် ကွာခြားမှု မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ယခုနှစ်အတွင်း ထောပတ်ပဲသီးနှံဟာ ယခင်နှစ်ရဲ့ဈေးထက် ထက်ဝက်ကျော်မြင့်လာခဲ့တဲ့အတွက် ပဲနီပြားသီးနှံဟာ ယခုနှစ်မှာတော့ ထောပတ်ပဲသီးနှံထက် ဈေးလျော့နည်းကာ ရောင်းဝယ်ခဲ့ကြရတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲလွန်းဖြူ လက်ကျန်နည်းသွားလို့ အရောင်းအဝယ်အေး

ပြည် ပဲဈေးကွက်အတွင်း လက်လီ ပဲဈေးကွက်မှာ ပဲအဝင်မရှိဘဲလက်ကျန်ပဲများနှင့်အရောင်းအဝယ်ဖြစ်နေတဲ့ ပဲလွန်းဖြူသီးနှံဟာ ယခုတစ်ပတ်အတွင်း ပစ္စည်းလက်ကျန်နည်းသွားတဲ့အတွက် အရောင်းအဝယ်မဖြစ်သလောက်အေးသွားခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာတော့ တစ်တင်း ကျပ်သုံးသောင်း ရရှိနေတဲ့အတွက် အခြားလက်လီပဲများနှင့် နှိုင်းယှဉ်လျှင် ဈေးကောင်းရနေခဲ့ပါတယ်။ ယခင်နှစ်က ပဲလွန်းဖြူသီးနှံဈေးဟာ တစ်တင်း ကျပ် ၂၁၅၀၀ သာ ရရှိခဲ့လို့ ယခုနှစ် လက်လီပဲသီးနှံများ အားလုံးလိုလို ဈေးကောင်းရလာတဲ့အတွက် ပဲလွန်းဖြူသီးနှံဟာလည်း ဈေးကောင်းနေခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်ပင် ဈေးကောင်းရခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

# မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးအနည်းငယ်ပြန်မြင့်

မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သောမြေပဲဆန်ဈေးနှုန်းများ ကျဆင်းနေရာမှ ယခုတစ်ပတ်မှာ အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်းသိရပါတယ်။ ဈေးနှုန်းပြန်လည်မြင့်တက်လာ၍ အရောင်းအဝယ်လည်း သွက်လာကြောင်းသိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် မြေပဲဆန်အိတ် ၁၅၀၀ခန့် ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ်မြေပဲဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ(လုံးဆန်ဖြူ)ကျပ် ၂၄၀၀နဲ့ အိတ်၇၀၀၊ (လုံးဆန်နီ) ကျပ် ၂၃၅၀နဲ့ အိတ်၄၀၀၊ (ဆီဆန်)ကျပ် ၂၁၀၀နဲ့ အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်က ဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မြေပဲဆန်ပေါက်ဈေးနှုန်းမှာ လုံးဆန်ဖြူတစ်ပိဿာကျပ် ၂၃၀၀၊ လုံး ဆန်နီ တစ်ပိဿာကျပ် ၂၂၅၀၊ ဆီဆန်တစ်ပိဿာ ကျပ် ၂၀၀၀ နှုန်းပေါက်ကာ ယခုတစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ဈေးအနည်းငယ်တက်လာကြောင်း သိရတယ်။ **ကြည်ကြည်နွယ်( မုံရွာ )**

**Export Commodity Market**
Vol: 17, No.27 Monday July 17 2017



## ကြက်သွန်

### မူဆယ်ရော မြဝတီမှပါ ကြက်သွန်နီ လျော့နည်းတင်ပို့

ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ ရက် သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၀၈၀၀ တန်ဖိုးရှိကြက်သွန်နီ ၁၂၈ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၃၄ တန်ကျော်နဲ့နှိုင်းယှဉ်ပါက တန်သုံးရာခန့် လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၄၇၅၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၅၀ နဲ့ နှိုင်းယှဉ်ပါက တန် ၅၀ လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ဇူလိုင်လ ၇ ရက်နေ့ရဲ့ လက်ကားဈေးများအရ ကြက်သွန်နီ(ဆိပ်ဖြူ)တစ်ပိဿာ ကျပ် ၇၀၀-၁၀၀၀ မှ ကျပ် ၁၀၀၀-၁၁၀၀ ဈေး ရှိကြောင်း၊ ယောချောင်းအတွင်း စိုက်ပျိုးနေတဲ့ ကြက်သွန်နီစိုက်ခင်းများမှာ၁၀ တောင်ပတ်လည် တစ်ကျင်းကို ၂၅ ပိဿာပုံမှန်ထွက်ရှိပြီး ပခုက္ကူ ကြက်သွန်ဖြူဈေးကွက်သို့ နှစ်စဉ်ပိဿာချိန် သိန်း ၉၀ ခန့် ဝင်ရောက်ကြောင်း ကုန်စည်ဒိုင်မှတ်တမ်းများအရ သိရပါတယ်။ **မော်မော်အောင်**

### ပြည်ကြက်သွန်နီဈေးကွက်တွင် ဈေးအနည်းငယ်မြင့်တက်

ယခုတစ်ပတ်အတွင်းမှာတော့ ပြည်ပွဲရုံများတွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာတာတွေ့ရပါတယ်။ တစ်ပိဿာလျှင် လက်လီ၊ လက်ကားပျမ်းမျှ ကျပ် ၁၀၀ခန့်မြင့်တက်နေကြောင်း သိရပါတယ်။ ဝင်ရောက်မှုအနေနဲ့ အောင်လံ၊ တောင်တွင်း၊ ဆိပ်ဖြူစတဲ့နယ်များမှ နေ့စဉ်ကြက်သွန်နီပိဿာ ၃၀ ဝင်အိတ် ၂၀၀ မှ ၃၀၀ အတွင်း ဝင်ရောက်နေကြောင်းသိရပြီး ပုံမှန်ထက် အဝင်နည်းနေတာ တွေ့ရပါတယ်။ အဝယ်မလိုက်တဲ့အတွက် ကြက်သွန်နီအရည်အသွေးကောင်းပေမယ့်မှာယူမှုနည်းတာကြောင့် အဝင်နည်းရခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။ အရောင်းအဝယ်မှာလည်း ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သို့ စားသုံးရန်ပုံမှန်တင်ပို့မှုနှင့် ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲဝယ်ရောင်းသမားများ စသည်ဖြင့် ပုံမှန်အရောင်းအဝယ်ရှိနေပေမယ့် ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ် မြင့်တက်သွားသဖြင့် အရောင်းအဝယ်မှာ အေးလျက်ပင်ရှိနေသေးကြောင်း သိရပါတယ်။ ဈေးနှုန်းအနေဖြင့် ပွဲရုံလက်ကားတစ်ပိဿာလျှင် ဟိုတယ်စ ကျပ် ၁၄၀၀ မှ ကျပ် ၁၅၀၀၊ ရှယ်ထူး ကျပ် ၁၃၅၀၊ (လတ်ကြီး) ရှယ် ကျပ် ၁၃၀၀၊ အသေးစ ကျပ် ၉၀၀ မှ ကျပ် ၁၁၀၀ တို့ရှိပြီး လက်လီဈေး အသေးများတွင် ဟိုတယ်စ ကျပ် ၁၆၀၀ မှ ကျပ် ၁၆၅၀၊ ရှယ်ထူး ကျပ် ၁၅၅၀၊ (လတ်ကြီး )ရှယ် ကျပ် ၁၅၀၀၊ အသေးစ ကျပ် ၁၂၀၀ မှ ကျပ် ၁၁၀၀ တို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေပါတယ်။ ယခုအချိန်ဖြစ်ပေါ်လျက် ရှိနေတဲ့ ကြက်သွန်နီဈေးနှုန်းများကို အောက်ဖော်ပြပါယခင်နှစ်ကာလတူဈေးနှုန်းများနှင့်နှိုင်းယှဉ်ကြည့်လျှင် ဈေးကောင်းရပြီး စိုက်ပျိုးသူတောင်သူများအကြိုက်တွေ့စေတဲ့ကာလဖြစ်နေကြောင်းသိရှိရပါတယ်။

ကျပ်

| လအမည် | ကြက်သွန်နီ(အလတ်စ) ကာလတူဈေးနှုန်း | | | |
|---|---|---|---|---|
| | ၂၀၁၆ | | ၂၀၁၇ | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| မေ | ၄၇၀ | ၆၀၀ | ၉၅၀ | ၁၂၀၀ |
| ဇွန် | ၆၀၀ | ၇၀၀ | ၁၂၀၀ | ၁၄၀၀ |
| ဇူလိုင်(ဒုတိယပတ်) | ၅၅၀ | ၆၅၀ | ၁၃၀၀ | ၁၅၀၀ |

**ဝင်းလဲ့ဝါ(ပြည်)**

### ပြည်ပွဲရုံကြက်သွန်ဖြူဈေးကွက်တွင် ဈေးစတင်မြင့်တက်

ပြည်ပွဲရုံ ကြက်သွန်ဖြူဈေးကွက်တွင် ယခုဇူလိုင်ဒုတိယပတ်အတွင်း ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်လျက်ရှိနေပြီး၊ ဈေးနှုန်းလည်း စတင်မြင့်တက်လာတာ တွေ့ရပါတယ်။ ကျိုင်းတုံ၊ တာချီလိတ်ဘက်မှ ပုံမှန်ဝင် ရောက်လျက်ရှိနေပြီး၊ လှောင်လက်သမားများပွဲရုံသမားများအဆွဲများနေတာတွေ့ရပါတယ်။ ဇွန်နောက်ဆုံးပတ်ထိ လှောင်စသိပ်မဆွဲသေးဘဲ ဈေးအကျဘက်သာရှိနေရာမှ ယခုတစ်ပတ်အတွင်း ဝင်ရောက်လာသော ကြက်သွန်ဖြူအိတ်လုံးသန့်ချောဈေးနှုန်းသင့်ဖြင့် အဆွဲကောင်းတာကြောင့် နှစ်ရက်ခြား၊ သုံးရက်ခြားအတွင်း တစ်ပိဿာလျှင် ကျပ် ၁၀၀ မှ ကျပ် ၂၀၀ အထိ ဈေးတက်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူပွဲရုံပေါက်ဈေးမှာ တစ်ပိဿာလျှင် ရှမ်းစကျပ် ၃၅၀၀၊ ကျပ် ၃၇၀၀ နှင့် ချောသန့်ကျပ် ၄၀၀၀ ဈေးတို့ဖြစ်ပြီး ကြူကုတ်စ တစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဈေးတို့ဖြစ်ပါတယ်။ ဒေသတွင်း လက်လီဈေးကွက်မှာတော့ ရှမ်းစ ကျပ် ၄၀၀၀၊ ချောသန့် ကျပ် ၄၅၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေပါတယ်။ ဈေးတက်ရိပ်ရှိနေတာကြောင့် တစ်ဆင့်ဈေးသည်များမှလည်း အဆွဲထပ်ရှိနေပြီး ပွဲရုံတွင်း အရောင်းအဝယ်ကောင်းနေတာလည်း တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ကြက်သွန်ဖြူအိတ် ၃၇၀ လောက် အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။ **နီနီဝင်း**

## ချင်း

### နယ်စပ်ကုန်သွယ်ရေးစခန်းစုံမှ ချင်းစို၊ ချင်းခြောက် ပိုမိုတင်ပို့

ဇူလိုင် ၁ ရက်မှ ၇ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိစစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၅၉၉၂၉ တန်ဖိုးရှိချင်းစို ၁၉၂ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ စစ်တွေမှ ၃၄ တန်၊ မောင်တောမှ ၁၅၈ တန် ကျော်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က စစ်တွေမှ ၁၅တန်နဲ့ မောင်တောမှ ၇၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ချင်း ၁၀၂ တန်ကျော် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ စစ်တွေမှာ ချင်းစို တစ်တန်ကို မိမိဘက် ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ၁၀၃၆၁၈၄ ကျပ်ရှိတယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၆၀၇၀ တန်ဖိုးရှိ ချင်းခြောက် ၂၉ တန် ကိုတရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ- ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၃၇၇၆တန်ဖိုးရှိ ချင်းခြောက် ၁၁တန်ကျော်ကို ထိုင်းနိုင်ငံသို့ လည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်ရော မြဝတီမှပါ ချင်းတင်ပို့မှု မရှိခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှာ ချင်းခြောက် တစ်တန်ကို မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ၁၆၈၆၇၅၁ ကျပ်၊ မြဝတီမှာ ၁၆၇၅၈၉၅ ကျပ် ဈေးခန့်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## နှမ်း

### မုံရွာကုန်စည်ဒိုင်နှမ်းသီးနှံဈေးကွက်အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်သို့ဆီထွက်သီးနှံဖြစ်သောနှမ်းများ နေ့စဉ် အိတ် ၁၀၀၀ကျော် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် နှမ်းသီးနှံပေါက်ဈေးနှုန်းမှာ နှမ်းဖြူတစ်ပိဿာ ၂၃၃၃ ကျပ်နဲ့ အိတ် ၂၀၀ခန့်၊ နှမ်းညိုတစ်ပိဿာ ၁၈၃၃ ကျပ်နဲ့ အိတ် ၃၀၀ခန့်၊ နှမ်းနက်တစ်ပိဿာ ၂၆၆၇ ကျပ်နှုန်းနဲ့ အိတ် ၆၀၀ခန့် အသီးသီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပြီး နှမ်းနက်ကတော့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်တက်လာပြီး အရောင်းအဝယ်လည်းသွက်လာပါတယ်။ ယခင်နှစ်ကာလတူအချိန်ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းကဈေးမြင့်နေကြောင်းသိရပါတယ်။ နှမ်းဖြူနဲ့နှမ်းညိုကို မန္တလေးဝယ်လက်ကဝယ်ယူပြီး နှမ်းညိုကို မြို့တွင်းဆီစက်သမားများကဝယ်ယူလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်း ရပ်ကွက်မှသိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

### ဇူလိုင်လဒုတိယပတ် မုံရွာကြက်သွန်နီဈေးကွက်နှင့်ဈေးနှုန်း

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီ ဈေးကွက်မှာ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်းအေးနေကြောင်းသိရပါတယ်။

ပွဲရုံသို့ နေ့စဉ် ကြက်သွန်နီပိဿာ ၈၀၀၀ ကျော်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိပြီး အရောင်းအဝယ် အနည်းငယ်အေးနေကာ လက်လီများဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာ လက်ကား ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၀၅၀၊ (လတ်)ကျပ် ၉၅၀၊(သေး) ၈၅၀နှုန်း ပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၃၀၀၊ (လတ်)ကျပ်၁၂၀၀၊(သေး)ကျပ်၁၁၀၀နှုန်းနဲ့ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ် လက်ကား ပေါက်ဈေးနှုန်းမှာ(ကြီး) ကျပ် ၁၀၅၀၊ (လတ်) ကျပ် ၉၅၀၊ (သေး) ၈၅၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၂၀၀၊ (သေး) ကျပ်၁၁၀၀ နှုန်းပေါက်လို့ ယခင်တစ်ပတ် ဈေးနှုန်းအတိုင်းဈေးငြိမ်နေကြောင်း တွေ့ရပါတယ်။

ကြက်သွန်ဖြူဈေးကွက်တွင် ပွဲရုံသို့ နေ့စဉ် ကြက်သွန်ဖြူပိဿာ ၁၀၀၀ ခန့်အဝင်ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာ ပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ )**

## နနွင်း

### ပင်လယ်ရေကြောင်းလမ်းမှ နနွင်းပိုမိုတင်ပို့

ဇူလိုင် ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၁၁၅ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၃၇ တန်၊ ကိုရီးယားနိုင်ငံသို့ ၃တန်နဲ့ မလေးရှားနိုင်ငံသို့ ၇၅ တန် အသီးသီး တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၁၀-၇၁၅ ဝန်းကျင် ရရှိခဲ့တယ်လို့လည်းသိရပါတယ်။ယခင်သီတင်းပတ်ကတင်ပို့ခဲ့တဲ့ နနွင်း၁၅ တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာနနွင်းတန်ချိန် ၁၀၀ တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၂၃၃၄ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

## မန်ကျည်း

### ပြည် မန်ကျည်းမှည့် နယ်ဝယ်လက်များကြောင့် ဈေးမြင့်တက်လာ

ပြည်(ပွဲရုံ) မန်ကျည်းမှည့်ရောင်းဝယ်ရေးတွင် နယ်ဝယ်လက်များအဝယ်ရှိနေပြီး ဈေးလည်းတက်လာတာ တွေ့ရပါတယ်။ မန်ကျည်းမှည့်ပွဲရုံများသို့ ဟင်္သာတ၊ ကြံခင်း၊ ထုံးဘို၊ ပန်းတောင်း၊ ဥသျှစ်ပင်တို့မှ ပုံမှန်ဝင်ရောက်နေပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်မှ ဝယ်လက်များက အဝယ်ရှိနေတာကြောင့်လည်း ပုံမှန်တင်ပို့နေကြောင်းသိရပါတယ်။ ယခုတစ်ပတ် ပွဲရုံတွင်း ဈေးနှုန်းတွေကတော့ မန်ကျည်းမှည့် တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ရှိပြီး၊ ဒေသတွင်း မန်ကျည်းမှည့်တစ်ပိဿာလျှင် ကျပ် ၄၀၀၀ အထိ ရောင်းဝယ်နေကြောင်းသိရတယ်။ ဒေသတွင်း အရောင်းအဝယ် အေးလျက်ရှိနေပြီး နယ်တင်ပို့မှုဆက်တိုက်ရှိနေတာကြောင့် ပွဲရုံမှာသာ အရောင်းအဝယ်ရှိနေကြောင်း သိရပါတယ်။ **နီနီဝင်း**

### ပင်လယ်ရေကြောင်းမှ မန်ကျည်း ၆၉တန် တင်ပို့

ဇူလိုင်လ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၆၉တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဖိလစ်ပိုင်နိုင်ငံသို့ ၂၅ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၄၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၃၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ မန်ကျည်းတန်ချိန် ၃၁၀ ကျော်တင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃၇၄၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)



# ပြည်ပ ၄၃ နိုင်ငံသို့ သုံးလအတွင်း ဆန်နှင့် ဆန်ကွဲ တန်ချိန် ရှစ်သိန်းခန့်တင်ပို့

# ယခင်နှစ်ကာလတူထက် တန်ချိန်ငါးသိန်းခန့် ပိုမိုတင်ပို့နိုင်

|ရှင်မင်းအုံ (တန့်ဆည်)|

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှချမှတ်ထားသော စီးပွားရေးမူဝါဒ ၁၂ ရပ်အနက် စီးပွားရေးမူဝါဒ ၆ ရပ်အပေါ် ဆောင်ရွက်ရာ၌ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်" ဟူသော ဝန်ကြီးဌာန၏ Vision ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဇူလိုင်လ ပထမပတ်အထိ) မြန်မာနိုင်ငံ၏ ကုန်သွယ်မှု အခြေအနေကိုကြည့်လျှင် ပို့ကုန် အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်တင်ပို့နိုင်ပြီး သွင်းကုန် အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော် တင်သွင်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။ ယခင်နှစ် ကာလတူထက် ပို့ကုန် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၅၄ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆ ဘီလီယံ ပိုမိုတဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။

ပို့ကုန်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့မှလွဲ၍ ပဲမျိုးစုံတင်ပို့မှု တန်ချိန် ငါးသိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၁၈ သန်း၊ ဆန်နှင့် ဆန်ကွဲတင်ပို့မှု တန်ချိန် ရှစ်သိန်းခန့်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၂၂၇ သန်း၊ ပြောင်းတင်ပို့မှု တန်ချိန် သုံးသိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၆၂ သန်းနှင့် ရော်ဘာစိမ်းတင်ပို့မှုတန်ချိန် လေးသိန်း ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၁ သန်း တင်ပို့နိုင်ပြီး အခြားသစ်သီးအစိုတင်ပို့မှုက အမေရိကန်ဒေါ်လာ ၃၂ သန်းဖြစ်တဲ့အတွက် ယခုနှစ် ဘဏ္ဍာနှစ်အစမှာ လယ်ယာထွက်ပစ္စည်း တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၉၀၀ ကျော် တင်ပို့နိုင်တဲ့အတွက် ပို့ကုန်တင်ပို့မှုရဲ့ ၂၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ကြောင်း သိရှိရပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုများအနက် ဆန်နှင့် ဆန်ကွဲတင်ပို့မှုကို လေ့လာကြည့်လျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဇူလိုင် ပထမပတ်အထိ) နိုင်ငံပေါင်း ၄၃ နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ရှစ်သိန်းခန့်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၂၇ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်နှစ် ကာလတူက နိုင်ငံပေါင်း ၂၅ နိုင်ငံသို့ တန်ချိန် သုံးသိန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို တင်ပို့ခဲ့တာကို ထုတ်ပြန်ထားတဲ့စာရင်းအရ သိရှိရပါတယ်။ ယခုနှစ် ဈေးကွက်အသစ်တိုးချဲ့ တင်ပို့နိုင်ခဲ့သည့်နိုင်ငံပေါင်း ၂၀ နိုင်ငံရှိတယ်ဆိုတာ သိရပါတယ်။

မြန်မာနိုင်ငံရဲ့ အဓိကစိုက်ပျိုးထုတ်ကုန်ဖြစ်တဲ့ ဆန်နှင့် ဆန်ကွဲဟာ Demand ဈေးကွက်ရှိသော ပစ္စည်းဖြစ်ပြီး ထိုဈေးကွက်ကို အခြား နိုင်ငံများနည်းတူ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်တင်ပို့ရာမှာ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစု ကုန်ကျစရိတ် မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့် ရရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များမြင့်မားခြင်း၊ အရည်အသွေးမြင့် ထုတ်ကုန်များ (Value Added) ထုတ်လုပ်မှု နည်းပါးခြင်း၊ နိုင်ငံတကာ ဈေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်း စတဲ့အချက်များဟာ လက်ရှိလယ်ယာထွက်ကုန်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချရာမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲများ၊ စိန်ခေါ်မှုများပဲ ဖြစ်ပါတယ်။

ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုကွင်းဆက်ရဲ့ Supply Chain တစ်လျှောက်လုံးမှာ ဒေသတွင်း နိုင်ငံတွေနဲ့ မယှဉ်နိုင်တဲ့ အချက်ကတော့ ကုန်စည်သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ် (Logistic Cost) တွေ မြင့်တက်နေတာပဲ ဖြစ်ပါတယ်။

> ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုကွင်းဆက်ရဲ့ Supply Chain တစ်လျှောက်လုံးမှာ ဒေသတွင်း နိုင်ငံတွေနဲ့ မယှဉ်နိုင်တဲ့ အချက်ကတော့ ကုန်စည်သယ်ယူ ပို့ဆောင်ရေး ကုန်ကျစရိတ် (Logistic Cost) တွေ မြင့်တက်နေတာပဲ ဖြစ်ပါတယ်။

ယခုလို ဆန်နဲ့ ဆန်ကွဲကို နိုင်ငံများစွာသို့ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ခြင်းဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး (JTC) များ၊ နှစ်နိုင်ငံ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲများ၊ UMFCCI နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) တို့လို အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များရဲ့ ချိတ်ဆက်ဆောင်ရွက်မှုများ စတဲ့ အချက်များဟာ ကုန်သွယ်မှုနှင့် ဈေးကွက်ရရှိစေဖို့ ဆွေးနွေးညှိနှိုင်းခြင်းရဲ့ အကျိုးရလဒ်များပဲဖြစ်ပါတယ်။

ကမ္ဘာ့ဆန်တင်သွင်းမှု အများဆုံး နိုင်ငံများစာရင်းတွင်ပါဝင်သည့် ဖိလစ်ပိုင်နိုင်ငံမှ ဖိလစ်ပိုင် အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ (National Food Authority) က ဆန်တန်ချိန် ၂၅၀၀၀၀ ကို တင်သွင်းရန် မြန်မာနိုင်ငံအား ဈေးနှုန်းတင်ဒါဖိတ်ခေါ်တဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် Oversea မှ ဆန်တင်ပို့သည့် ကုမ္ပဏီများနှင့် ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်းလည်း သတင်းရရှိပါတယ်။

ထို့အတူ သီရိလင်္ကာနိုင်ငံအနေနဲ့လည်း မေလအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့တဲ့အတွက် ဆန်ဝယ်ယူတင်သွင်းနိုင်ဖို့ မြန်မာနိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်ပြီး မြန်မာနိုင်ငံမှ ဆန်တန်ချိန် သုံးသိန်း ဝယ်ယူရန် G to G နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးလိုကြောင်း စသည်ဖြင့် လိုအပ်သည့်အချက်များ အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရအနေဖြင့်လည်း ပေါင်းဆန်တန်ချိန် ၅၀၀၀၀ ဝယ်ယူရန် တင်ဒါခေါ်ယူမှုများရှိကြောင်း သတင်းများလည်း ကြားသိရပါတယ်။

အလားတူ ဇူလိုင်လ ၁၃ ရက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို လာရောက်တွေ့ဆုံပြီး ၂၀၁၆ နိုဝင်ဘာလအတွင်းက နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတွင် နှစ်နိုင်ငံ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းမှုအရ ဆန်နှင့်ပဲအမျိုးမျိုးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောင်းချပေးရန်နှင့် လောလောဆယ်တွင် ဆန်တန်ချိန် သုံးသိန်း ဝယ်ယူလိုကြောင်း ဆွေးနွေးခဲ့တယ်လို့ သိရှိရပါတယ်။

ယခုဆိုရင် နိုင်ငံတော်အနေဖြင့်လည်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် ဒုတိယသမ္မတဦးဆောင်ကာ "တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့" ဖွဲ့စည်းကာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းအဆင့် ဒေသအာဏာပိုင်များ၊ UMFCCI မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများလည်း ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရှိရပါတယ်။



ထို့ကြောင့် လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် နိုင်ငံတကာ ဈေးကွက်၌ ယှဉ်ပြိုင်နိုင်ရန်အတွက် မျိုးကောင်းမျိုးသန့် ပြောင်းလဲခြင်း၊ အထွက်နှုန်း ကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရန် အထူးပြုကုမ္ပဏီများ၊ ကုန်သည်များအသင်းနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုသလို Cost of Production လျှော့ချနိုင်ရန်အတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များ အားလုံးက ဝိုင်းဝန်း ညှိနှိုင်းဖြေရှင်းပေးရန် လိုအပ်ကြောင်း အကြံပြု တင်ပြလိုက်ပါတယ်။ ❑

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၆၀၀၀၀ ကျော်ဝင်

ဇူလိုင် ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၃၂၇၅၀၇ တန်ဖိုးရှိ ဒီဇယ် ၃၈၄၉၀ ဒသမ ၄၈၃ နဲ့ အမေရိကန်ဒေါ်လာ ၁၃၇၀၆၈၆၀ တန်ဖိုးရှိဓာတ်ဆီ ၂၅၃၀၀ ဒသမ ၈၀၈ တန်ကို ပင်လယ် ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၉၁၂၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၅၉၀၀ ကျော် အဝင်လျော့ခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၆၈၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၈၃၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၈၃၃၀ တန်ဖိုးရှိဓာတ်ဆီ ၁၃၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၈၄၆၀ တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၁၄၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၆၆၀ ကျပ်၊ အောက်တိန်း (92) ကျပ် ၆၅၅၊ အောက်တိန်း (95) ကျပ် ၇၀၀၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၁၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၈၀၀၀၊ ရောင်းဈေး ကျပ် ၁၃၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင် ၁၃ ရက်တွင် ဝယ်ဈေး ဈေးငြိမ်သော်လည်း ရောင်းဈေး ကျပ် ၁၀၀၀ ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်လ ၁၃ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ်၁၄၅၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဓာတ်ဆီရောဒီဇယ်ပါ ဈေးကျခဲ့ တယ်လို့ သိရပါ တယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၇၈၅၊ ဒီဇယ် တစ်လီတာ ကျပ် ၆၆၀ ၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၀ ကျပ်၊ အောက်တိန်း(92) တစ်လီတာ ကျပ် ၆၉၀၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၁၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၂၀၀၀၊ ရောင်းဈေး ကျပ် ၁၃၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92) ဈေးမှာ ဇူလိုင် ၁၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၅၀၀၀၊ ရောင်းဈေးကျပ် ၁၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင် ၁၃ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအပြောင်းအလဲ သိပ်မရှိဘူးလို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ဓာတ်ဆီမှာဈေးငြိမ်ပြီး အောက်တိန်း (92) ၊အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (95)တို့ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ အဆင်မြင့်ဒီဇယ် ကျပ် ၇၄၀ ၊ အောက်တိန်း (92) ကျပ် ၇၀၀၊ အောက်တိန်း (95) ကျပ် ၇၆၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၂၀၀၊ အောက်တိန်း(95) တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၇၀၊ အောက်တိန်း (92) ၇၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (92) ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ပြီးခဲ့သည့်တစ်ပတ်ကထက် ဆက်လက်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ယခုတစ်ပတ်တွင်မူ ပြန်လည်ကျဆင်းမည့်အရိပ်အယောင် မတွေ့ရဘဲ ဈေးအမြင့်ဖြင့်သာ ဈေးကွက်ပိတ်ခဲ့သည်ကို တွေ့ရသည်။

"ပြီးခဲ့တဲ့ တစ်ပတ်ကတည်းက မြင့်တက်ခဲ့တာ၊ အဲဒီကတည်းက ပြန်မကျဘဲ ဆက်ပြီးမြင့်တက်လာခဲ့တာပါ။ မြင့်တက်လာတယ်ဆိုပေမယ့် တစ်ပတ်အတွင်းမှာကို လေးကျပ်လောက် မြင့်တက်ခဲ့တဲ့အတွက် ဈေးကွက်ထဲမှာ တော်တော်လေးကို လှုပ်သွားတယ်။ အဝယ်လိုက်လာတဲ့အတွက် အခုလို ဈေးမြင့်တက်လာရတာပါ" ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဇူလိုင် ၁၀ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်ရှိခဲ့ပြီး ဇူလိုင် ၁၂ရက်တွင် ရောင်းဈေး ၁၃၆၃ ကျပ်၊ ဝယ်ဈေး ၁၃၆၁ ကျပ်သို့ မြင့်တက်ခဲ့သည်။

ဇူလိုင် ၁၄ ရက်တွင် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ပြီး ရောင်းဈေး ၁၃၆၂ ကျပ်၊ ဝယ်ဈေး ကျပ်၁၃၆၀ ရှိခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ဇူလိုင် ၁၀ ရက်က ၁၃၆၂ ကျပ်ဟု သတ်မှတ်ခဲ့သော်လည်း ဇူလိုင် ၁၁ ရက်တွင် ၁၃၆၄ ကျပ်သို့ပြောင်းလဲသတ်မှတ်ခဲ့သည်။ ဇူလိုင် ၁၂ ရက်မှစတင်ကာ ၁၃၆၆ ကျပ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်

ယခုရက်သတ္တပတ်တွင် ပြည်တွင်းရွှေဈေးများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်တွင်းငွေလဲနှုန်းများမြင့်တက်လာမှုကြောင့် ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုမရှိသော်လည်း ပြည်တွင်း ရွှေဈေးများမြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက ဒီတစ်ပတ်မှာ ပြန်ပြီးတက်လာတယ်။ ကမ္ဘာ့ရွှေဈေးက သိပ်အများကြီး တက်မလာပေမယ့် ပြည်တွင်းငွေလဲနှုန်းက ပြန်ပြီးမြင့်တက်လာတဲ့အတွက် အခုလို ပြည်တွင်းရွှေဈေးတွေ မြင့်တက်လာရတာပါ။ ကမ္ဘာ့ရွှေဈေးကတော့ ကျရိပ်ပြနေပါတယ်။ ငွေလဲနှုန်းဆက်ပြီး မြင့်တက်လာဦးမယ်ဆိုရင် ပြည်တွင်းရွှေဈေးလည်း မြင့်တက်လာမယ့်အလားအလာတွေ ရှိနေပါတယ်"ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးများသည် ဇူလိုင် ၁၀ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၈၈၇၀၀၀ရှိခဲ့ရာမှ ဇူလိုင် ၁၂ ရက်တွင် ကျပ် ၈၉၁၀၀၀ သို့မြင့်တက်ခဲ့သည်။ ဇူလိုင် ၁၄ ရက်တွင် ကျပ် ၈၉၃၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၁၀ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၁၃ရှိခဲ့ပြီး ဇူလိုင် ၁၃ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၂၂ သို့ မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၁၆ သို့ ပြန်လည်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## အစုရှယ်ယာများအပေါ်တွင် အမြတ်ဝေစု ၆ ရာခိုင်နှုန်းပေးရန် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ အတည်ပြု

ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB) က ၎င်းကုမ္ပဏီမှ ဝယ်ယူထားသည့် အစုရှယ်ယာများပေါ်တွင် အမြတ်ဝေစုအဖြစ် ခြောက်ရာခိုင်နှုန်း ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၅)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ အတည်ပြု ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ အဆိုပါဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံသားများဘဏ်၏ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၏ အမြတ်ခွဲဝေလက်ကျန်ကျပ် ၃၄၅၂ ဒသမ ၆၀၆ သန်းအနက်မှ ကျပ် ၃၁၂၀ ဒသမ ၂၉၆ သန်းကို အမြတ်ဝေစု ခြောက်ရာခိုင်နှုန်းပေးမည်ဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်ခဲ့သည်။

MCB ၏ အစုရှယ်ယာများကို ဝယ်ယူထားသည့် အစုရှယ်ယာရှင်များအနေဖြင့် အစုအပေါ်အမြတ်ဝေစုများကို ဇူလိုင် ၁၀ ရက်မှစတင်ကာ မိမိတို့ စာရင်းဖွင့်လှစ်ထားသည့် Securities Company များနှင့်ဆက်သွယ်၍ လည်းကောင်း၊ မြန်မာနိုင်ငံသားများဘဏ် လက်ဝယ်ရှိ (Securities Account မဖွင့်လှစ်ရသေးသူများ) အစုရှယ်ယာရှင်များအနေဖြင့် ယခင်နှစ်များကကဲ့သို့ ဘဏ်နှင့်ဆက်သွယ်၍ ထုတ်ယူကြရန် ကြေညာထားကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

July 14, 2017
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.29 |
| BDT | Bangladesh Taka | 81.20 |
| CAD | Canada Dollars | 1.27 |
| CNY | China Yuan Renminbi | 6.78 |
| EUR | Euro | 0.86 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.46 |
| I DR | Indonesia Rupiahs | 13339.65 |
| JPY | Japan Yen | 113.24 |
| MYR | Malaysia | 4.29 |
| PKR | Pakistan Rupees | 105.28 |
| PHP | Philippines Pesos | 50.61 |
| RUB | Russia Rubles | 59.52 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1133.54 |
| LKR | Sri Lanka Rupe | 153.66 |
| THB | Thailand Baht | 33.90 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22732.89 |

*Source:xe.com*

## World Gold Price

**July-2017** **(USD/OZ)**

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 10 | 1209 | 1207 | 1207 |
| 11 | 1215 | 1212 | 1212 |
| 12 | 1223 | 1221 | 1221 |
| 13 | 1226 | 1225 | 1225 |
| 14 | 1221 | 1219 | 1219 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 10-7- 2017 | 889.00 | 880.00 |
| 11-7-2017 | 888.50 | 887.70 |
| 12-7- 2017 | 894.00 | 894.00 |
| 13-7 -2017 | 894.00 | 893.30 |
| 14-7- 2017 | 891.00 | 890.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 10 | 6 .80 | 34.11 | 81.23 | 64.54 |
| 11 | 6. 81 | 34.11 | 81.54 | 64.51 |
| 12 | 6 .79 | 33.99 | 80.96 | 64.50 |
| 13 | 6 .78 | 33.94 | 81.50 | 64.46 |
| 14 | 6.78 | 33.90 | 81.20 | 64.46 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 10- July | 15.29 | 2801.12 | 1940.06 | 5898.82 | 900.00 |
| 11- July | 15.57 | 2834.94 | 1923.26 | 5925.47 | 897.00 |
| 12- July | 15.89 | 2869.66 | 1919.46 | 5977.44 | 906.00 |
| 13 - July | 15.92 | 2880.42 | 1918.34 | 5983.94 | 918.00 |
| 14- July | 15.66 | 2825.76 | 1941.63 | 5942.94 | 904.00 |

Source:kitco.com

## Energy NYMEX 14-7-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.10 | 0.02 | 0.04 |
| Brent Crude Futr (USD/bbl) | 48.43 | 0.01 | 0.02 |
| Gasoline Rbob Fut (Cent/gal) | 152.73 | 0.12 | 0.08 |
| Natural Gas Futr (USD/MMBtu) | 2.96 | 0.00 | 0.07 |
| Heating Oil Futr (Cent/gal) | 149.39 | 0.22 | 0.15 |

## ဘိလပ်မြေ

# ဒီတစ်ပတ်ဘိလပ်မြေ တန်ချိန် ၈၀၀၀ကျော်တင်သွင်း

ဇူလိုင်လ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၉၂၆၇၃ တန်ဖိုးရှိ ဘိလပ်မြေ ၈၅၃၁ ဒသမ ၂၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၅၆ ဒသမ ၂၄ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန်၈၀၀၀နဲ့ထိုင်းနိုင်ငံမှ ၄၇၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၁၀၀ နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာဘိလပ်မြေတန်ချိန် ၈၄၀၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းအား



ဇူလိုင်လ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေ တန်ချိန် ၈၅၃၀ ကျော်အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၀၀ နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၄၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင် မှာ တန်ချိန် ၁၈၂၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၂၅၇၀ ကျော် ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၅၆၃၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်**မှာဒီတစ်ပတ်မိုးများနေပေမယ့် အရောင်းအဝယ်နည်းနည်းဖြစ်တယ်။ ဒါပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၉၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ကြံ့ဘိလပ်မြေကဈေးနည်းနည်းကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၂၀၀၊ အပါချီ (ထိုင်း)ကျပ် ၅၁၅၀၊ ကြံ့ ကျပ် ၅၀၀၀၊မြင်းခေါင်း ကျပ် ၅၄၀၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၆၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ စိန်ဘိလပ်မြေက ဈေးကွက်ထဲပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်ဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်ပြီး စိန်၊ အပါချီနဲ့ နဂါးဘိလပ်မြေများက ကျပ် ၁၀၀ ဈေးကျလာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# မြေသြဇာတန်ချိန် တစ်သောင်းကျော်ဝင်

ဇူလိုင် ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၆၂၁၃၈ တန်ဖိုးရှိ မြေသြဇာ ၁၀၁၉၅ ဒသမ ၇၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၀၄၅ တန်၊ တရုတ်နိုင်ငံမှ ၅၀၁၇ တန်၊ အီဂျစ်နိုင်ငံမှ ၇၅ တန်၊ အိန္ဒိယနိုင်ငံမှ သုည ဒသမ ၅၂ တန်၊ ဂျပန်နိုင်ငံမှ ၂၅ တန်၊ ရုရှားနိုင်ငံမှ ၅၅၃ ဒသမ ၂၀ တန်၊ ထိုင်းနိုင်ငံမှ ၁၂၆၀ တန်၊ တာမေးနစ္စတန်နိုင်ငံမှ တန်ချိန် ၂၁၀၀၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၂၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၃၆၈၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၆၆၀၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ နိုက်တြိုဂျင်၊ မေဟွားမြေသြဇာ၊ ယူရီးယား၊ ကွန်ပေါင်း၊ ဓာတ်ဆားတို့ဖြစ်တယ်လို့ သိရပါတယ်။

# မော်လမြိုင်၊ တောင်ကြီးနဲ့ မန္တလေးမြေသြဇာဈေးကွက် အရောင်းအား

ဇူလိုင် ၂ ရက်မှ ၈ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၁၀၁၉၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၆၈၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၆၆၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၈၀၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၉၉၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့မော်လမြိုင်၊မန္တလေးနဲ့တောင်ကြီးမှာအရောင်းအေးပြီး ရန်ကုန်မှာအရောင်းသွက်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းငြိမ်နေသလို ဈေးလည်း ငြိမ်နေတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြွားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ**အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၇၅၀၀ ၊ တီစူပါ (၄၆% -တရုတ်) ကျပ် ၁၉၆၀၀၊ ပန်းသီးစုံကျပ် ၁၅၁၀၀၊ မြွားသီးစုံ ကျပ် ၁၄၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** စိုက်ပျိုးရေးအတွက် မြေသြဇာ အသုံးနည်းလာတယ်။ ဒါကြောင့်အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာယူရီးယား၊ တီစူပါ၂၀%၊ ပိုးသတ်ဆေး၊ ပိုတက်မြေသြဇာများက ဈေးနည်းနည်းတက်ပြီးတီစူပါ၁၅ ပတ်လည်နဲ့ တီစူပါ ၁၀း၁၀း၅ က ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီလိုဈေးတက်ရတာကလည်း ကုမ္ပဏီဈေးတက်လို့ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၈၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၅၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၅၈၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၅၁၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၀၀၀ ၊ မြွားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက် အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**အရောင်းအဝယ်သွက်တယ်၊ ဒါပေမယ့် ဈေးက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၅၅၀၀၊ယူရီးယား(ရွှေတောင်-တရုတ်) ကျပ်၂၄၅၀၀၊ တီစူပါ(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း ၁၅ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဇူလိုင်လ ၂ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၃၂၆၁၅ တန်ဖိုးရှိ နို့ဆီ ၂၃၆ ဒသမ ၂၀၈ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၇ဒသမ ၃၂၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့တံဆိပ်များမှာ ဒွန်းနို့ဆီနဲ့ My Boy တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန် ၅၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ် မှာတန်ချိန် ၂၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ဂျာမနီနိုင်ငံမှ ၁၅ ဒသမ ၀၉၄ တန်၊အင်ဒိုနီးရှားနိုင်ငံမှ သုညဒသမ၇၀၁တန်၊ မလေးရှားနိုင်ငံမှ ၇၄ ဒသမ ၈၇၉ တန်၊ နယူးဇီလန်နိုင်ငံမှ ၂၇၇ ဒသမ ၂၀ တန်၊ စင်ကာပူနိုင်ငံမှ ၃ ဒသမ ၄၈ တန်၊ စုစုပေါင်း၃၇၁ ဒသမ ၃၅၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၁၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာနို့မှုန့်တန်ချိန် ၂၀၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့် အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၇ မှ ၇/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၆ မှ ၃၀/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၈၀၅၀ | ၁၆၂၀၅၀ | (+) | ၆၀၀၀ |
| ၂။ | လွယ်ဂျယ် | ၄၈၀၀၀၀ | ၄၄၂၀၅၀ | (+) | ၃၇၀၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၇၀၀၀ | ၁၀၀၀၀ | (+) | ၇၀၀၀ |
| ၄။ | ကန်ပိုက်တီ | ၂၀၅၄၀၀၀ | ၂၅၀၈၀၅၀ | (-) | ၄၅၄၀၅၀ |
| ၅။ | တာချီလိတ် | ၂၂၀၀၀၀ | ၆၀၀၀၀ | (+) | ၁၆၀၀၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၀၀၅၀၀၀ | ၅၈၅၀၀၆၀ | (+) | ၄၁၉၉၀၄၀ |
| ၈။ | မြိတ် | ၃၂၃၅၀၀၀ | ၃၀၀၀၀၀ | (+) | ၂၃၅၀၀၀ |
| | စုစုပေါင်း | ၁၈၂၀၄၀၅၀ | ၁၂၅၇၄၀၁၀ | (+) | ၅၆၃၀၀၄၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၇ မှ ၇/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၆ မှ ၃၀/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၀၈၆၀၉၀ | ၁၂၀၈၆၀၈၉ | (-) | ၉၉၉၀၉၉ |
| ၂။ | လွယ်ဂျယ် | ၄၂၇၀၀၀ | ၄၂၆၀၀၀ | (+) | ၁၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၉၈၆၀၅၀ | ၂၅၂၈၀၇၅ | (-) | ၅၄၂၀၂၅ |
| ၄။ | ကန်ပိုက်တီ | ၂၃၄၅၀၀၀ | ၁၀၀၀၀၀ | (+) | ၂၂၄၅၀၀၀ |
| ၅။ | မြဝတီ | ၂၀၅၀၀၀၀ | ၁၅၂၀၀၈၅ | (+) | ၅၂၉၀၁၅ |
| ၆။ | ကော့သောင်း | ၁၂၅၀၀၀ | ၃၀၀၀၀၀ | (-) | ၂၈၇၅၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | ၃၀၀၀၀ | (-) | ၃၀၀၀၀ |
| | စုစုပေါင်း | ၁၈၀၂၀၀၄၀ | ၁၉၉၆၂၀၄၉ | (-) | ၁၉၄၂၀၀၉ |

ခင်မိုးသူ

## နှမ်း

### ယင်းမာပင်ခရိုင် ဘိုက်သရက်ကျေးရွာတွင် နွေနှမ်းစိုက်ခင်းများ စတင်ရိတ်သိမ်း

ယင်းမာပင်ခရိုင်၊ ဘိုက်သရက်ကျေးရွာတွင် အလိုအလျောက် ရေလျှံတွင်းများရှိသည့်အတွက် နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ နှမ်းစိုက်တောင်သူများ ပျော်ရွှင်လျက်ရှိကြောင်း သိရပါတယ်။

တပေါင်းလကုန်၊ တန်ခူးလဆန်းလောက်ကတည်းက ရေသွင်းစိုက်ပျိုး ထားတာပါ။ ဒီနှစ်တော့ နှမ်းခင်းတော်တော်များများ ကောင်းပါတယ်။ စိုက်ပျိုးတဲ့ နှမ်းအမျိုးအစားကတော့ ဆင်းရတနာ-၃ ခေါ် နှမ်းနက်၊ ရှပ်ကလေးလို့ခေါ်တဲ့ နှမ်းဖြူ ရိုးစိမ်းလို့ခေါ်တဲ့ နှမ်းနီကြားတို့ ဖြစ်ပါတယ်။ နှမ်းမျိုးတစ်ပြည်ကို ကျပ် ၂၀၀၀ နဲ့ ဝယ်ယူရပြီး တစ်ဧကကို ပက်ကျဲစနစ်ဖြင့် သုံးပြည် ပက်ကျဲရပါတယ်။ တစ်ဧကကို နွားသုံးရှဉ်းလောက် ထယ်ရေးပြင်ရပြီး နွားတစ်ရှဉ်းငှားပါက ကျပ် ၆၀၀၀ ပေးရပါတယ်။ လူတစ်ဦးလျှင် နှမ်းရိတ်ခအဖြစ် တစ်နေ့ကျပ် ၃၀၀၀ ပေးရပြီး တစ်ဧကလျှင် လူဆယ်ဦးခန့် ငှားရမ်းရပါတယ်။ နှမ်းရိတ်၊ နှမ်းတင်၊ နှမ်းချအပြီး အစီး ကျပ်တစ်သိန်း ဝန်းကျင်လောက် ကုန်ကျပါတယ်။

နှမ်းအထွက်နှုန်းကတော့ တစ်ဧကကို ကိုးတင်း၊ ၁၀ တင်းလောက်ထွက်ရှိပြီး နှမ်းတစ်တင်းလျှင် ငွေကျပ်သုံးသောင်းကျော် ပေါက်စျေးရှိပါတယ်။ ရေလျှံတွင်းများ ရှိ၍ တစ်နှစ်သုံးသီး၊ ရာသီ မရွေး စိုက်ပျိုးနိုင်ကာ နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်သည့်အတွက် တောင်သူများ ပျော်ရွှင်လျက်ရှိကြောင်း သိရပါတယ်။

**မိုးမိုးမြင့် (ယင်းမာပင်)**

### တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဇူလိုင်ပထမပတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉၂ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၀၇၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၁၈၄ တန်၊ နှမ်းဖြူ ၁၆ တန်နဲ့ နှမ်းဖြူ(အခွံချွတ်) ၁၀ တန်ကိုလည်းကောင်း၊ ချင်းရွှေဟော်မှ နှမ်းနက် ၄၄၅ တန်ကျော်၊ နှမ်းဖြူ ၃၅၂ တန်ကျော်နဲ့ Re-export နှမ်း ၆၉ တန်ကိုလည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၂၈၆ တန်၊ ချင်းရွှေဟော်မှ ၁၀၁၄ တန်ကျော် စုစုပေါင်း တန်ချိန် ၁၃၀၀ ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ နှမ်း ၂၂၄ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူတစ်တန်ကို ကျပ် ၁၃၅၁၆၇၀ နဲ့ နှမ်းနက်တစ်တန် ၂၁၃၇၅၂၅ ကျပ်စျေးရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၆၈၅၅ တန်ဖိုးရှိ နှမ်းနက် ၂၈ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း နှမ်းနက် ၂၈ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် မြဝတီမှ နှမ်းတင်ပို့မှုပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်စျေး ရက်သတ္တခြောက်ပတ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်စျေးနှုန်းသည် ရက်သတ္တ ခြောက်ပတ်အတွင်း အမြင့်ဆုံးစျေးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းကဲ့သို့ မြင့်တက်လာခြင်းသည် စားအုန်းဆီ၏ ပြိုင်ဘက်ဆီဖြစ်သည့် ပဲပုပ်ဆီစျေးနှုန်း မြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်၏ စက်တင်ဘာလအတွက် စာချုပ်ချုပ်ဆိုခဲ့သည့် အခြေခံစံထားစျေးနှုန်းက စျေးကွက်ပိတ်ချိန်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ပြီး ဆီအုန်းတစ်တန်လျှင် ၂၅၃၉ ရင်းဂစ်နှုန်းရှိခဲ့သည်။ အဆိုပါစျေးနှုန်းသည် တစ်ပတ်အတွင်း အမြင့်ဆုံးစျေးနှုန်းဖြစ်ခဲ့သည်။

မေ ၂၅ ရက်ကတည်းက စျေးနှုန်းအမြင့်ဆုံးသို့ရောက်ရှိခဲ့သည့် စားအုန်းဆီစျေးနှုန်းသည် တစ်တန်လျှင် ၂၅၈၉ ရင်းဂစ်ရှိခဲ့သည်။ ဇူလိုင် ၁၀ ရက်က အရောင်း အဝယ်ဖြစ်မှုပမာဏမှာ ၂၅ တန်ရှိ စားအုန်းဆီအတွဲပေါင်း ၄၇၂၂၈ တွဲရှိခဲ့သည်။

"ပြင်ပအချက်အလက်တွေအရ စျေးကွက်ကမြင့်တက်လာတာပါ။ စားအုန်းဆီစျေး မြင့်တက်လာတဲ့အတွက် သူ့ရဲ့ ပြိုင်ဘက်ဖြစ်တဲ့ ပဲပုပ်ဆီစျေးနှုန်းကလည်း တစ်ရှိန်ထိုးမြင့်တက်လာခဲ့ပါတယ်။ အဲဒီလို စျေးနှုန်းမြင့်တက်လာတာဟာ ထုတ်လုပ်မှုပမာဏကို ကျဆင်းစေပါတယ်"ဟု ကွာလာလမ်ပူ အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ ဇွန်လအတွင်း စားအုန်းဆီထုတ်လုပ်မှုသည် ၁ ဒသမ ၅၁တန်ရှိခဲ့ရာ ၈ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။



အသေးစိတ် စာရင်းများတွင်လည်း စားအုန်းဆီထုတ်လုပ်မှုကျဆင်းလျက်ရှိရာ တန်ချိန် ၁ ဒသမ ၅၆ သန်းသာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ၁ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ပို့ကုန်လုပ်ငန်းရှင်များ၏ ဇွန်လတစ်လအတွင်းတင်ပို့မှုပမာဏမှာလည်း ကျဆင်းခဲ့ရာ တန်ချိန် ၁ ဒသမ ၃၈သန်းသာရှိခဲ့ပြီး ၈ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

"ဇူလိုင်လ ၁၀ ရက် နေ့လယ်ပိုင်းမှာ အပြင်မှာထွက်ပေါ်နေတဲ့သတင်းတွေကြောင့် စျေးတက်မယ်ဆိုပြီးလှုပ်လှုပ်ခတ်ခတ်တွေဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် နောက်ရက်အနည်းငယ်မှာတော့ စျေးက အဖျားရှူးသွားတယ်"ဟု ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ဇူလိုင် ၁ ရက်မှ ၁၀ ရက် အတွင်း မလေးရှားနိုင်ငံတွင် စားအုန်းဆီတင်ပို့မှု ၁ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း Intertek Testing Service က ဖော်ပြခဲ့သည်။

စားအုန်းဆီနှင့် ဆက်စပ်နေသည့် အခြားဟင်းရွက်ဆီနှင့် ပဲပုပ်ဆီတို့၏ ကြိုရောင်းစျေးမှာ ချီကာဂိုဘုတ်အဖွဲ့တွင် ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက်စာချုပ်ချုပ်ဆို စျေးသည် ၂ ဒသမ ၁ ရာခိုင်နှုန်းသို့ တစ်ရှိန်ထိုးမြင့်တက်ခဲ့သည်။

### ပြည်တွင်းဆီစျေးနှုန်းများ (၁၄-၇-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နိူင်းယှဉ်ချက် | ယခင် | ယခု | နိူင်းယှဉ်ချက် | ယခင် | ယခု | နိူင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၂၀၀ | △ | ၃၈၀၀ | ၄၂၀၀ | △ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၃၅ | ၁၇၅၅ | △ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၃၀ | ၁၈၅၀ | △ |
| ပဲခူး | ၄၂၀၀ | ၅၀၀၀ | △ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၅၀ | ၁၈၅၀ | ▽ |
| မကွေး | ၅၀၀၀ | ၅၀၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၉၅၀ | ၁၈၂၀ | ▽ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၇၀ | ၁၈၇၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၁၄-၇-၂၀၁၇ US$/Ton

| အမျိုးအစား | ဇူလိုင်ပထမပတ် | ဇူလိုင်ဒုတိယပတ် | နိူင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၄.၀၀ | ၆၆၀.၀၀ | △ |
| RBD P.Olein | ၆၅၈.၅၀ | ၆၆၅.၀၀ | △ |
| RBD P.Stearin | ၅၈၈.၀၀ | ၆၀၅.၀၀ | △ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၁၄-၇-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၅၄၀.၁၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၇၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၈.၇၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၄.၂၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၇၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၆၈၆.၅၇၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၄-၇-၂၀၁၇နေ့ (CIF စျေး Cloud Point 8 ˚C Max ၆၉၀ဒေါ်လာနှင့် USD စျေး ၁၃၆၆ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၄-၇-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာစျေး ၁၃၆၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# ကြက်သွန်ဖြူ စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချမှု မြင့်မားတိုးတက်ရေးအတွက် ဘယ်လိုအဖြေရှာကြမလဲ

| စောမောင်၊ တောင်ကြီး |

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇွန် ၂၀ ရက်က ပြည်နယ် ဦးစီးမှူး ဦးမြသန်းနဲ့ ကြက်သွန်ဖြူ အစုအဖွဲ့မှ လုပ်ငန်းရှင် ဦးသန်းမောင်တို့ ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်-

**ပြည်နယ်ဦးစီးမှူး။ ရှမ်းပြည်နယ်(တောင် ပိုင်း)တွင် ကြက်သွန်ဖြူစိုက်ပျိုးမှု အခြေအနေ၊ ပိုလျှံမှုနဲ့ စိုက်ပျိုးတဲ့မြို့နယ်များကို ပြောပြပေးပါ။**

**ဦးသန်းမောင်။** ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ကြက်သွန်ဖြူ စိုက်ဧက ၃၀၀၀၀ နီးပါး စိုက်ပျိုးကြပြီး တန်ချိန် ၉၀၀၀၀ ကျော် ပိုလျှံပါတယ်။ ကြက်သွန်ဖြူ အဓိကစိုက်ပျိုးတဲ့ မြို့နယ်များကတော့ တောင်ကြီး၊ ပင်လောင်းနဲ့ ဟိုပုံးမြို့နယ်တို့မှာ အဓိက စိုက်ပျိုးကြပြီး ကျန်မြို့နယ်များမှာလည်း အနည်းငယ် စီစိုက်ပျိုးကြပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ကြက်သွန်ဖြူစိုက်ချိန်၊ သိမ်းချိန်နဲ့ ထားသိုမှုများကို ဖြေပေးပါ။**

**ဦးသန်းမောင်။** ကြက်သွန်ဖြူ စိုက်ပျိုးချိန်မှာ သီတင်းကျွတ်၊ တန်ဆောင်မုန်း(အောက်တိုဘာလ၊ နိုဝင်ဘာလ)ဖြစ်ကြပြီး သက်တမ်းလေးလ အကြာ ဖေဖော်ဝါရီလနဲ့ မတ်လတို့မှာ ထွက်ရှိပါတယ်။ စိုက်ပျိုးချိန်ကိုတည်ပြီး သင်္ကြန်ပတ်ဝန်းကျင် (ဧပြီလဆန်း)ဟာ ကြက်သွန်ဖြူ လှိုင်လှိုင်ထွက်ရှိသည့် ကာလ ဖြစ်ပါတယ်။ ကြက်သွန်ဖြူကို ရာသီခြံအဖြစ် သီးသန့် စိုက်ပျိုးကြသလို စပါးရိတ်သိမ်းပြီး လယ်မြေများတွင်လည်း စိုက်ပျိုးကြပါတယ်။ တူးဖော်ပြီးချိန်မှာတော့ သုံးလေးရက်ခန့် နေလှန်းပြီး စည်း၍ အိမ်မှာ လှောင်ထားတတ်ကြပါတယ်။ တချို့ကလည်း စုပုံထားတတ်ကြပါတယ်။ ကြက်သွန်ဖြူဟာဆိုရင် တစ်နှစ်မှာ တစ်ကြိမ်သာ စိုက်ပျိုးတဲ့ စားသောက်ကုန်မျိုး ဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ကြက်သွန်ဖြူ အထွက်နှုန်းကို ပြောပြပေးပါ။**

**ဦးသန်းမောင်။** အထွက်နှုန်းအနေနဲ့ မျိုးထည့်သွင်းသည့် ပိဿာချိန်အပေါ် အခြေခံပြီး တွက်ချက်ကြပါတယ်။ ကြက်သွန်ဖြူပိဿာ ၁၀၀ စိုက်လျှင် ခုနစ်ဆ၊ ရှစ်ဆခန့် ထွက်ရှိပြီး၊လွန်ခဲ့တဲ့ ငါးနှစ်ခန့်က ပိဿာချိန် ၁၀၀၀(၁၀ဆ)အထိ ထွက်ရှိခဲ့ပါတယ်။ တောင်သူတစ်ဦးနဲ့ တစ်ဦးလည်း ထွက်ရှိမှု နှုန်းထားများမတူညီကြသလို စိုက်ပျိုးတဲ့မြေ၊ ရာသီဥတု၊ သွင်းအားစု ထည့်သွင်းမှုတို့အပေါ် မူတည်ပြီး အထွက်နှုန်းကွာခြားပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ကြက်သွန်ဖြူ ရောင်းဝယ်မှု အခြေအနေများကို ပြောပြပေးပါ။**

**ဦးသန်းမောင်။** ရောင်းဝယ်မှုအနေဖြင့် ကြက်သွန်ဖြူအား မျိုးခြား ထူး-၁၊ ထူး-၂၊ ထူး-၃၊ ထူး-၄၊ ထူး-၅ လို့ အဆင့်ခွဲပြီး ဈေးကွက်မှာ ရောင်းဝယ်လျက်ရှိပါတယ်။ မျိုးခြား ထူး-၁၊ ထူး-၂ တို့ဆိုရင် ဒေသတွင်းမှာသာ အရောင်းအဝယ် လုပ်ကြပါတယ်။ ထူး-၃၊ ထူး-၄၊ ထူး-၅ တို့ကိုတော့ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချပါတယ်။ အောက်တိုဘာလမှာ စိုက်ပျိုးတဲ့ ကြက်သွန်ဖြူများ အားလုံးနီးပါးကို ရောင်းချပြီးတော့ လယ်မြေမှာ အသုံးပြုဖို့ ပိုးသတ်ဆေး စတဲ့ သွင်းအားစုတွေကို ဝယ်ယူရပါတယ်။ နိုဝင်ဘာလမှာစိုက်တဲ့ ကြက်သွန်ဖြူတွေ ထွက်ရှိချိန်မှာတော့ မိသားစု စားစရိတ်၊ ပွဲလမ်းသဘင်များမှာ သုံးစွဲဖို့အတွက် အနည်းငယ်သာ ရောင်းချပြီး သိုလှောင်ထားတတ်ကြပါတယ်။ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ရှိသလို ပွဲရုံများအနေနဲ့ သင်္ကြန်ကာလ (ဧပြီလ) ကြက်သွန်ဖြူ လှိုင်လှိုင်ထွက်ချိန်၊ ဈေးကျချိန်မှာ ဝယ်ယူသိုလှောင်ထားတတ်ကြပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ဈေးကွက်မှာ အောင်ပန်း ကြက်သွန်ဖြူ နာမည်ပိုပြီး ရတယ်ဆိုတာ သိရပါတယ်။ အဲဒါ ဘာကြောင့်ပါလဲ။**

**ဦးသန်းမောင်။** အောင်ပန်း ကြက်သွန်ဖြူနဲ့ ကျောက်တစ်လုံး ကြက်သွန်ဖြူယှဉ်ပါက ဈေးကွက်မှာ အောင်ပန်းကြက်သွန်ဖြူက ဈေးနှုန်းပိုမိုရရှိပါတယ်။ အောင်ပန်း ကြက်သွန်ဖြူဟာ အမွှေးတိုပြီး၊ အရွယ်အစားကွာဟမှု နည်းပါးလို့ဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ကြက်သွန်ကြော်လုပ်ငန်း အကြောင်းကိုလည်း နည်းနည်းလောက် ပြောပြပေးပါ။**

**ဦးသန်းမောင်။** ကြက်သွန်ဖြူထူး-၄ နဲ့ထူး-၅တို့ဟာ ကြက်သွန်ဖြူ ဥကြီးများဖြစ်လို့ မိတ္ထီလာမြို့သို့ တင်ပို့ရောင်းချကြပါတယ်။ အဓိကအားဖြင့် ကြက်သွန်ဖြူ အစိမ်းပိဿာ ၁၀၀ မှာ ကြက်သွန် ကြော်ပိဿာ ၄၀မှ ၄၈ပိဿာအထိ ရရှိပါတယ်၊ မိတ္ထီလာမြို့နဲ့ မန္တလေးမြို့သို့ ကြက်သွန်ကြော်ရန် တင်ပို့ရောင်းချခြင်း ဖြစ်ပါတယ်။ ကြက်သွန် ကြော်ပြုလုပ်ရာမှာ သုံးစွဲရတဲ့ထင်းဟာ ဇီးခွဲခြမ်းကို အသုံးပြုရခြင်း ဖြစ်ပါတယ်။ ကုန်ကြမ်းသုံးစွဲမှု (ဈေးနိမ့်သော စားသုံးဆီ၊ ကော်မှုန့် များများ ထည့်သုံးခြင်း) တို့အပေါ် မူတည်ပြီး ကြက်သွန်ကြော်နှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၈၀၀-၁၀၀၀ ကွာခြား လျက်ရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ပြည်ပနိုင်ငံများနဲ့ ကြက်သွန်ဖြူ ရောင်းဝယ်မှု အခြေအနေကို ပြောပြပေးပါ။**

**ဦးသန်းမောင်။** မိုင်းပန်၊ လဲချား ဒေသများမှ ထွက်ရှိသော ခရမ်းစွဲကြက်သွန်ဖြူ များကို ထိုင်းနိုင်ငံက ဝယ်ယူပြီး ဝမ်ပုံမှတစ်ဆင့် သယ်ယူရောင်းချလေ့ရှိပါတယ်။ထိုင်းနိုင်ငံက ဝယ်လျှင်တော့ ထူး-၁၊ ထူး-၂ ကို အဝယ်များပြီး၊ ဈေးနှုန်းမှာ ကျပ် ၃၀၀၀-၃၅၀၀ ခန့်ရှိပါတယ်။ တရုတ်နိုင်ငံမှ ကြက်သွန်များလည်း မူဆယ်၊ မြစ်ကြီးနားဘက်မှ ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာလည်း ယခုအချိန်တွင် ကျပ် ၁၇၀၀-၁၈၀၀ ခန့်သာရှိပါတယ်။ တရုတ် ကြက်သွန်ဖြူဟာ ဈေးနှုန်းနည်း၍ ကြော်ရောင်းသူများ အတွက် အဆင်ပြေပြီး အရသာကတော့ ရှမ်းကြက်သွန်ဖြူက ပိုမိုကောင်းမွန်ပါတယ်။ စားသုံးခြင်းနဲ့ အကြော်အဖြစ် ပြုလုပ်ရောင်းချခြင်းတို့မှာ ကုန်ကြမ်းသုံးစွဲမှုမှာ အတူတူပင်ဖြစ်နိုင်ပါတယ်။ယနေ့ ဈေးနှုန်းအခြေအနေမှာ မျိုးခြားကျပ် ၁၉၀၀၊ ထူး-၁ ကျပ် ၂၀၀၀၊ ထူး-၂ ကျပ် ၂၂၀၀၊ ထူး-၃ ကျပ် ၂၅၀၀၊ ထူး-၄ ကျပ် ၂၈၀၀၊ ထူး-၅ ကျပ် ၃၀၀၀ တို့ဖြစ်ပါတယ်။ ထူး-၃ နဲ့ ထူး-၄ တို့ကို မျိုးအဖြစ် သုံးစွဲကြပါတယ်။ ကျောင်းဖွင့်ချိန်များမှာ ဈေးကျလေ့ရှိပါတယ်။ အသင်းအဖွဲ့များ၊ ပွဲရုံပိုင်ရှင်များက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့မှုများ မရှိသည်ကို တွေ့ရှိရပါတယ်။ တာချီလိတ်အထိသာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခင်က မုံရွာလမ်းမှ အိန္ဒိယသို့ ကြက်သွန်ဖြူ တင်ပို့မှုရှိသော်လည်း ယခုအခါမှာ တင်ပို့ခြင်းမရှိတော့ပါဘူး။

**ပြည်နယ်ဦးစီးမှူး။ မျိုးထားရှိမှုနဲ့ ကြက်သွန်စိုက်တောင်သူများရဲ့ အခက်အခဲကို ပြောပြပေးပါ။**

**ဦးသန်းမောင်။** စိုက်ပျိုးမယ့် ကြက်သွန်မျိုးများကို စိုက်ပျိုးမယ့်ရက်မတိုင်မီ ၁၄ ရက်ခန့်မှာ အမွှာခွဲ၊ နေလှန်းထားပြီး စိုက်ပျိုးကြပါတယ်။ အဲဒီလို စိုက်ပျိုးကြရာမှာ အမွှာရဲ့ အခွံလုံးမှသာ အပင် အောင်မြင်ခြင်း၊ အထွက်နှုန်း မှန်ခြင်းတို့ ရရှိပါတယ်။ ကြက်သွန်ဖြူမျိုး အတွက်ခြံတစ်ခြံထဲမှ ထွက်ရှိမှုကို မျိုးအဖြစ် သီးသန့်ရောင်းချကြပါတယ်။ကြက်သွန်ဖြူ တောင်သူတွေရဲ့ အခက်အခဲတွေကတော့ သွင်းအားစုများ (ပုလဲဓာတ်မြေဩဇာ) သုံးစွဲဖို့ ဝယ်ယူရာမှာ စစ်မှန်ကောင်းမွန်တဲ့ မြေဩဇာများ မရရှိနိုင်ခြင်း၊ တရုတ်ပုလဲ၊ မြန်မာပုလဲ ရယ်လို့ အမျိုးမျိုး ကွဲပြားပြီး ဈေးနှုန်းသာ ပိုပေးလိုက်ရသော်လည်း မြေဩဇာအိတ်အတွင်းမှာကို တူညီနေတာတွေ့ရပါကြောင်း၊ မျိုးဈေးများလည်း အနည်းငယ်မြင့်လာခဲ့ပါတယ်။ အချို့မျိုးတွေက ဈေးကြီးတဲ့အတွက် ယခင်နှစ်က ပလပ်မြေထားခဲ့သည်များလည်းရှိတယ်လို့ ပြောပြပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ကြက်သွန်ဖြူသိုလှောင်မှု အခြေအနေကိုလည်း ပြောပြပေးပါ။**

**ဦးသန်းမောင်။** ကြက်သွန်ဖြူကို သိုလှောင်ရာမှာ အပင်လိုက် ချိတ်ဆွဲ၍ လည်းကောင်း၊ အိတ်နဲ့ ထည့်ပြီး စီထပ်သိုလှောင်၍ လည်းကောင်း၊ ပွဲရုံအတွင်းစု ပုံ၍လည်းကောင်း သိုလှောင်ကြပါတယ်။ ဇွန်လမှ စတင်သိုလှောင်ပြီး၊ ဒီဇင်ဘာ၊ ဇန်နဝါရီလအထိ သိုလှောင်ကြပါတယ်။ အချိန်ကာလ ကြာမြင့်ပေမယ့် ကြက်သွန်ဖြူဥများဟာ တဖြည်းဖြည်း ပိန်ခြောက်လာတာကလွဲပြီး ပိုးမွှားရောဂါများ ကျရောက်ခြင်းမရှိပါဘူး။

**ပြည်နယ်ဦးစီးမှူး။ ကြက်သွန်ဖြူ ရောင်းဝယ်မှု အခြေအနေကိုလည်း ပြောပေးပါ။**

**ဦးသန်းမောင်။** ကြက်သွန်ဖြူ ရောင်းဝယ်မှုကတော့ တောင်သူတွေအနေနဲ့ ဓာတ်မြေဩဇာ ဝယ်ယူဖို့အတွက် ကြိုတင်ငွေယူထားတဲ့ ပွဲရုံများသို့ သီးနှံပေးသွင်းကြပြီး ပွဲရုံတွေကနေ ကားသမားများနဲ့ ငွေပေး ငွေယူပြုလုပ်ခြင်း၊ ကြက်သွန်ဖြူ သယ်ပို့ခြင်းတို့ကို ဆောင်ရွက်ကြပါတယ်။ ကားသမားတွေကလည်း မြေဩဇာစတင်ပေးပို့ချိန်က ခြံအထိ ပေးပို့ခဲ့သူများဖြစ်ကြသလို စိုက်ပျိုးမှုတွေကိုလည်း အသေးစိတ် သိရှိကြပါတယ်။ ဒါ့အပြင် ထွက်ရှိချိန်မှာလည်း ကြက်သွန်များသိမ်း၍ ပွဲရုံသို့ ပြန်သွင်းခြင်းများ လုပ်ကိုင်နေကြလို့ ကြားပွဲစားတွေလို ဖြစ်နေကြပါတယ်။ဒီလိုအခြေအနေ တွေကြောင့် ကုန်စည်ဒိုင်မှာ ရောင်းဝယ်ခြင်းလုပ်ငန်းများ လုပ်ကိုင်လာမယ်လို့တော့ မထင်တော့ပါဘူး။

ပွဲရုံတွေကနေ ငွေနဲ့လာရောက် ရောင်းတာတွေ၊ ဝယ်တာတွေ မရှိပါဘူး။ ဆက်သွယ်ရေးလုပ်ငန်းများလည်း ကောင်းမွန်လာပြီဖြစ်လို့တောင်သူတွေအနေနဲ့ အိမ်မှာနေရင်းနဲ့ တစ်နိုင်ငံလုံးရဲ့ ဈေးနှုန်းတွေကို စုံစမ်းပြီး မိမိကြိုက်တဲ့ပွဲရုံကို တင်ပို့နေကြပါတယ်။ ကားသမားတွေကလည်း သူတို့အတွက် ခေါက်တို သယ်ယူခရဖို့ မြို့ပေါ် ပွဲရုံတွေမှာ မတင်တော့ဘဲ ရွာအထိ ဆင်းပြီးတော့တင်ပို့လာကြတာတွေကို သိရှိရပါတယ်။ ပြည်ပတင်ပို့ဖို့ ဈေးကွက်အနည်းငယ်ရှိတဲ့အခါမှာလည်း ရန်ကုန်ကသာ ကုန်စုပြီး တင်ပို့လေ့ရှိပါတယ်။ ထွက်ရှိတဲ့ဒေသအထိ လာရောက်ဝယ်ယူတာမျိုး မရှိပါဘူး။

**ပြည်နယ်ဦးစီးမှူး။ ကြက်သွန်ဖြူ ရန်ကုန်တင်ပို့မှုနဲ့အိမ်နီးချင်း ထိုင်းနိုင်ငံနဲ့ ရောင်းဝယ်မှု အခြေအနေကို ပြောပြပေးပါ။**

**ဦးသန်းမောင်။** ရှမ်းပြည်နယ်ထွက် ကြက်သွန်ဖြူများကို ရန်ကုန်ပွဲရုံများသို့ တင်ပို့ပါတယ်။ အဲဒီလို တင်ပို့တဲ့အခါမှာ ရန်ကုန်ပွဲရုံတွေက အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ငွေကျပ် ၁၀၀ မှာ ပွဲခအဖြစ် ၃ ကျပ်ယူပါတယ်။ ဒါကြောင့်မို့ ရန်ကုန်ပွဲရုံများသို့ ကြက်သွန်ဖြူတင်ပို့မှုလျော့နည်းတာကို တွေ့ရပါတယ်။ ရှမ်း(တောင်)အနေနဲ့တိုက်ရိုက်Export တင်ပို့ခြင်း မရှိခဲ့ပါဘူး။ တာချီလိတ် အထိသာ တင်ပို့ရောင်းချမှုရှိပြီးတော့ တာချီလိတ်ကနေ တစ်ဆင့် ဟိုင်းလပ်ကားတွေနဲ့ ထိုင်းနိုင်ငံကို စီးပွားရေးအဖွဲ့အစည်းတွေကနေ တင်ပို့ ရောင်းချနေကြပါ တယ်။

**စာမျက်နှာ ၂၆ သို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံတွင် ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံနှင့် မော်တော်ယာဉ်နှင့် လျှပ်စစ်ပစ္စည်း ဒီဇိုင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထူးအခွင့်အရေးများပေး

ထိုင်းနိုင်ငံတွင် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံကဏ္ဍ (digital backbone infrastructure) နှင့် မော်တော်ယာဉ်နှင့်လျှပ်စစ်ပစ္စည်းဒီဇိုင်းကဏ္ဍ (automotive and electrical parts design) စသည့်ကဏ္ဍနှစ်မျိုးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထူးအခွင့်အရေးများ တိုးမြှင့်ပေးခြင်းကို ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (Board of Investment – BOI) က အတည်ပြုခဲ့ပါသည်။

ယခုကဲ့သို့ အဆိုပါကဏ္ဍနှစ်မျိုးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထူးအခွင့်အရေးများကို တိုးမြှင့်ပေးခြင်းသည် ဖိုက်ဘာအော့ပ်တစ်နှင့် ပင်လယ်ရေအောက် အင်တာနက်ကေဘယ်လုပ်ငန်း (fibre-optic and submarine cables) နှင့် မော်တော်ယာဉ်နှင့် လျှပ်စစ်ပစ္စည်းဒီဇိုင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်း ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာသည်နှင့်အမျှ အင်တာနက်ဝန်ဆောင်မှု တိုးတက်လာသည့်အပြင် တိုင်းသူပြည်သားများအနေဖြင့် ပိုမိုကောင်းမွန်သော အင်တာနက်ကို ရရှိမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် အာဆီယံဒေသတွင် ဒစ်ဂျစ်တယ်ဆိုင်ရာ အချက်အချာနိုင်ငံ (Asean digital gateway) ဖြစ်လာစေရန် ပင်လယ်ရေအောက် အင်တာနက်ကေဘယ် တည်ဆောက်ခြင်းအတွက် ဘတ်ငါးဘီလီယံ ရင်းနှီးမြှုပ်နှံမည့်စီမံကိန်းတွင် ပါဝင်သည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အရေးများကို တိုးမြှင့်ပေးခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့မှ အတွင်းရေးမှူးချုပ် Ms. HiranyaSujinai က ပြောကြားပါသည်။

ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံကဏ္ဍနှင့် မော်တော်ယာဉ်နှင့် လျှပ်စစ်ပစ္စည်း ဒီဇိုင်းကဏ္ဍ နှစ်မျိုးအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးအဖြစ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ယခင်က ငါးနှစ်ပေးခဲ့ရာမှ ယခုအခါ ရှစ်နှစ်သို့ တိုးမြှင့်ပေးခြင်းဖြစ်ပါသည်။

ထို့နောက် ထိုင်းနိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လွယ်ကူအဆင်ပြေမှုအတွက် STC စင်တာ (Strategic Partner Center) ဖွင့်လှစ်ပေးမည်ဖြစ်ရာ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဖြစ်ပါသည်။ STC စင်တာကိုယခုဇူလိုင်လဆန်းတွင် ဖွင့်လှစ်ရန် စီစဉ်ထားပြီး ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်လုပ်သားများ ရရှိရေးနှင့် အစိုးရ၏ ဦးစားပေး စက်မှုလုပ်ငန်း ၁၀ ခုတွင် ဝင်ရောက်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကူညီဆောင်ရွက်ပေးမည့်အပြင် နိုင်ငံခြားသားများ အလုပ်ပါမစ်နှင့် ဗီဇာရရှိရေးကိစ္စများတွင်လည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# AIIB အနေဖြင့် စိန်ခေါ်မှု သုံးခုကို ကျော်လွှားရန်လိုအပ်ကြောင်း သုံးသပ်

ပေကျင်းအခြေစိုက် Asian Infrastructure Investment Bank (AIIB) သည် အချိန်တိုအတွင်း အောင်မြင်မှုများ ရရှိနေသော်လည်း အဓိက စိန်ခေါ်မှုသုံးခုကို သတိပြုကျော်လွှားရန် လိုအပ်ကြောင်း International Business and Economics တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သုံးသပ်ထားပါသည်။

ဘဏ်စတင်ဖွင့်လှစ်ပြီး တစ်နှစ်ကျော်အတွင်း ကနဦး ကတိပြုထားသည့် လုပ်ငန်းကြီး ကိုးခု (ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃ ဘီလီယံ) အနက်မှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကို ခွင့်ပြုနိုင်ခဲ့ပါသည်။ အဆိုပါပမာဏသည် International Bank for Reconstruction and Development နှင့် International Development Association များမှ အဆိုပါနှစ်တွင် ထုတ်ချေးသည့်ပမာဏ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၂ ဘီလီယံ) ၏ လေးပုံတစ်ပုံခန့်ရှိကြောင်း သိရပါသည်။

ထိုကဲ့သို့ အောင်မြင်ရခြင်းမှာ ဘဏ်၏ Good Governance Legal Framework ကောင်းမွန်ခြင်းနှင့် အဖွဲ့ဝင် ၇၇ နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့ရာတွင် အောက်ပါစိန်ခေါ်မှုသုံးခုကို ကျော်လွှားရန် လိုအပ်ကြောင်း ဆက်လက်သုံးသပ်ထားပါသည်။

ပထမစိန်ခေါ်မှုမှာ ဘဏ်၏ funding projects များကို ယခုလက်ရှိ Hard Infrastructure ကိုသာ အာရုံ စိုက်ရာမှ Comprehensive Infrastructure သို့ ပြောင်းလဲရန်လိုအပ်ခြင်းဖြစ်ပါသည်။ ယခု AIIB ၏ ချေးငွေစီမံကိန်းများမှာ လျှပ်စစ်ရရှိရေး၊ လမ်း၊ ဆိပ်ကမ်းစသည့်စီမံကိန်းများဖြစ်ပြီး Soft Infrastructure ဖြစ်သည့် ကျန်းမာရေး၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနှင့် မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းစသည့် စီမံကိန်းများတွင် မတွေ့ရှိရသေးကြောင်း၊ အမှန်အားဖြင့် အဆိုပါ Hard Infrastructure နှင့် Soft Infrastructure နှစ်ခုလုံးသည် အာရှဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရေးကြီးသည့်အတွက် ဘဏ်၏ချေးငွေထုတ်ချေးရာတွင် အဆိုပါအချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း သုံးသပ်ထားပါသည်။

ဒုတိယအချက်မှာ Environmental factor ဖြစ်ကြောင်း၊ ဘဏ်၏ချေးငွေစံသတ်မှတ်ချက်တွင် Environmental Friendly Projects ဖြစ်စေရေးကို ထည့်သွင်းသတ်မှတ်ထားသော်လည်း ချေးငွေစီမံကိန်းများ သည် အမှန်တကယ် Environmental Standard နှင့် ကိုက်ညီမှုရှိ/မရှိကို ယခုထက် သုံးသပ်သင့်ကြောင်း ဖော်ပြထားပါသည်။

တတိယအချက်မှာ AIIB အနေ ဖြင့် ချေးငွေထုတ်ချေးရန် စီမံကိန်းများရွေးချယ်ရာ၌ ယခုထက်ပို၍ အမှီအခိုကင်းရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။ ယခုအချိန်အထိ ချေးငွေ စီမံချက်ကိုးခု ရှိရာ ခြောက်ခု မှာ World Bank ၊ ADB နှင့် အခြား Financial Institution များနှင့် co-financing ပြုလုပ်ထားခြင်းဖြစ်သည်ကို တွေ့ရပါ သည်။ Project Management နှင့် အခြားအရေးကြီးသည့် risk management စသည့် နည်းပညာတို့ တွင် World Bank နှင့် ADB တို့ထံမှ နည်းပညာအကူအညီ ရယူရခြင်းများ ရှိမည်ဟုယူဆသည့်အတွက် AIIB အနေဖြင့် Managerial၊ financial နှင့် legal teams တို့တွင် ယခုထက်ပို၍ လွတ်လပ်စွာ ဆောင်ရွက်သင့်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# RCEP ဆိုင်ရာ(၁၉) ကြိမ်မြောက် အစည်းအဝေးကို ဟိုက်ဒရာဘတ်မြို့တွင် ဇူလိုင်လအတွင်း ကျင်းပမည်

Regional Comprehensive Economic Partnership (RCEP ) သဘောတူစာချုပ် ချုပ်ဆိုရေးဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန် အိန္ဒိယ၊ တရုတ်နှင့် ဩစတြေးလျတို့ အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၇၀၀ ခန့် တက်ရောက်မည့် အစည်းအဝေးကို အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ဇူလိုင်လ ၂၄ ရက်မှစတင်၍ ငါးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

RCEP အရ အခွန်ကင်းလွတ်ခွင့်ပြုမည့် အများဆုံး ကုန်စည်အရေအတွက်ကို အပြီးသတ် သတ်မှတ်ထားခြင်းမရှိသည့်အတွက် ယင်းကိစ္စနှင့် စပ်လျဉ်း၍ အဆိုပါအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား အဓိကဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

RCEP သဘောတူညီချက်တွင် အာဆီယံ ၁၀ နိုင်ငံနှင့် ၎င်း၏မိတ်ဖက်နိုင်ငံ ခြောက်နိုင်ငံဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ ပါဝင်ကြောင်း၊ ယင်းသဘောတူညီချက်သည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်နှင့် ဝန်ဆောင်မှုများ ကုန်သွယ်မှုအတွက် စံနှုန်းသတ်မှတ်ချက်များကို ဖြေလျှော့ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်ထားပြီး ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ယှဉ်ပြိုင်မှုနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တို့အားလုံးကို လွှမ်းခြုံနိုင်ရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

ယင်းစာချုပ် တစ်စိတ်တစ်ပိုင်းအနေဖြင့် ကုန်သွယ်မှုပြုသည့် ကုန်စည်များ၏ ၉၀ ခန့်အား အိန္ဒိယက အခွန်ကင်းလွတ်ခွင့်ပြုရန် အဖွဲ့ဝင်နိုင်ငံ အမြောက်အမြားက လိုလားနေကြောင်း သိရှိရပြီး၊ RCEP အဖွဲ့ဝင်နိုင်ငံများ၌ တရုတ်နိုင်ငံလည်း ပါဝင်နေရာ တရုတ်နှင့်ကုန်သွယ်မှုပြုရာ၌ ကုန်သွယ်မှုလိုငွေ ကွာဟချက်ကြီးမားနေပြီး၊ တရုတ်မှ ကုန်စည်များအလုံးအရင်းနှင့် ဝင်ရောက်လာမည်ကို အိန္ဒိယလုပ်ငန်းရှင်များက စိုးရိမ်ပူပန်နေသည့်အတွက် ယင်းအဆိုပြုချက်အပေါ် အိန္ဒိယအနေဖြင့် သဘောတူရန် ခဲယဉ်းလိမ့်မည်ဟု ကျွမ်းကျင်သူများက လေ့လာသုံးသပ်ထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ အနေဖြင့်လည်း ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ လွန်စွာစိတ်ဝင်စားနေရာ အိန္ဒိယနိုင်ငံအတွက် ၎င်းကဏ္ဍကို ဖွင့်လှစ်ပေးရန် RCEP အဖွဲ့ဝင်အများစုက တုံ့ဆိုင်းနေကြကြောင်း သိရှိရပါသည်။

အဖွဲ့ဝင် နိုင်ငံများအကြား RCEP ဆိုင်ရာ ဆွေးနွေးပွဲများကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဖနွမ်းပင်မြို့၌ စတင်ပြုလုပ်ခဲ့ရာ ယင်းဆွေးနွေးမှုများအား ယခုနှစ်အတွင်း အပြီးသတ်နိုင်ဖွယ်မရှိဘဲ ၂၀၁၈ ခုနှစ်၊ ပထမနှစ်ဝက်အထိ ရောက်ရှိနိုင်ဖွယ်ရှိသည်ဟု Economic Times သတင်းတွင် ဖော်ပြထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၄–၇–၂၀၁၇)

ဇော်ဝင်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ တို့ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၈၅၀၀၀၀ နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်တန် ကျပ် ၈၂၅၀၀၀ နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ (RC) ကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၁၀၅၅၀၀၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၁၀၁၀၀၀၀ နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၆၂၄၀၀၀ နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၆၁၂၅၀၀ ထိ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ(RC) က တစ်တန်ကို ကျပ် ၂၅၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၄၅၀၀၀ နဲ့ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၁၁၅၀၀ အသီးသီးဈေးကျဆင်းခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး ပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၅၄၀ ထိ မြင့်တက်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၅၁၀ (တစ်တန် ကျပ် ၃၁၂၃၁၀) နဲ့ ဈေးပြန်လည် ကျဆင်းခဲ့ပါတယ်။ ဈေးကျဆင်းခဲ့သလို အရောင်းအဝယ်ဖြစ်မှုမှာလည်း ယခင်တစ်ပတ်ကပိဿာချိန် ၃၁၇၂၀၂၃ ထိရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၂၅၉၄၈၉၈ သာရှိခဲ့တာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(အညာ)ရွှေဝါ ဈေးမြင့်ခဲ့ပြီး မတ်ပဲဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲတီစိမ်း (အညာ) ရွှေဝါနဲ့ ပဲစင်းငုံတို့ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (အညာ) ရွှေဝါက ယခင်တစ်ပတ်မှာ တစ်ပိဿာ ၂၀၄၄ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ကျပ် ၁၃၆၀၇၃၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါ တယ်။ ပဲတီစိမ်း(အညာ) ရွှေဝါမှာ ဈေးကွက်အတွင်း ဝင်ရောက်မှုများလာခြင်းနဲ့ တရုတ်ဝယ်လက်က ဝယ်လိုအားများပြီး ရောင်းသူများကလည်း ရောင်းလိုအားများတာကြောင့် အရောင်းအဝယ်သွက်သလို ဈေးလည်းမြင့်လာခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၉၅၀ နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၉၅၈ ကျပ် (တစ်တန်ကျပ် ၅၈၆၆၆၀) နဲ့ဈေးဆက်လက်တက်ရိပ်ပြခဲ့ ပါတယ်။ ပဲစင်းငုံနီက ဈေးကွက်အတွင်း ဝင်ရောက်မှုများသလို အရောင်းအဝယ်လည်းသွက်ခဲ့ပြီး ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲ စက်များက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ရက်သတ္တ နှစ်ပတ်ဆက်တိုက် ဈေးမြင့်ခဲ့တဲ့ မတ်ပဲက ယခင်တစ်ပတ်က တစ်ပိဿာ ၁၄၃၃ ကျပ် နဲ့ဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၁၇ ကျပ် (တစ်တန်ကျပ် ၈၆၇၇၅၀) နဲ့ပြန်လည်ဈေးကျခဲ့ကြောင်းသိရပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များကဝယ်ယူမှု ရှိကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာ ၂၆၆၇ ကျပ်နဲ့ ဈေးမြင့်ခဲ့ သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၂၈၀၀ (တစ်တန် ကျပ် ၁၇၁၄၆၉၀) နဲ့ ဈေးမြင့် ခဲ့ တာကြောင့် ရက်သတ္တ သုံးပတ်ဆက်တိုက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူထိပ်စကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၄၄ ကျပ်နဲ့ ဈေးတက်ရိပ်ပြခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၃၃ ကျပ်(တစ်တန် ကျပ် ၁၄၂၈၇၀၀) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို တရုတ်တင်ပို့သူကုန်သည်များက ပုံမှန်ဝယ်ယူမှုရှိကြောင်းသိရပါတယ်။ စီပီပြောင်းက ယခင်တစ်ပတ်ထက် ဈေးမြင့်ပြီး တစ်ပိဿာ ၅၀၉ ကျပ် (တစ်တန် ကျပ် ၃၁၁၇၀၀) နဲ့ တရုတ်နိုင်ငံသို့ တင်ပို့သူကုန်သည်များက ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီး ဈေးဆက်လက် တက်ရိပ်ပြ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးထိပ်စ(အသစ်) ဈေးဆက်လက်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၄၂ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၂၀၀၀ (တစ်တန် ကျပ် ၁၂၂၄၇၈၀ ) နဲ့ ရက်သတ္တနှစ်ပတ်ဆက်တိုက် ဈေးမြင့်ခဲ့ပါတယ်။ ပဲတီစိမ်းကြီး ထိပ်စ(အသစ်)ကို မန္တလေးတင်ပို့မည့်သူများက ပုံမှန်ဝယ်လိုအားရှိကြောင်းလည်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီ ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၉၅၀ နဲ့ ဈေးကျဆင်းခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၆၀ (တစ်တန်ကျပ် ၅၈၇၈၉၀) နဲ့ ဈေးပြန်မြင့်ခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားနည်းပြီး ဝယ်ဈေးမကြိုက်တာကြောင့် ရောင်းလိုအားလည်း နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ တစ်ပိဿာကျပ် ၁၄၀၀ နဲ့ဈေးငြိမ်နေခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၆၅ ကျပ် (တစ်တန် ကျပ် ၈၃၅၉၁၀) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်လိုအားရှိကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၈၅ ကျပ် (တစ်တန် ကျပ် ၁၃၃၈၀၇၀) အတိုင်း ဆက်လက်ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းက ယခင်တစ်ပတ်အထိ တစ်ပိဿာ ၅၁၈ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၅၀၆ ကျပ် (တစ်တန်ကျပ် ၃၀၉၈၆၀) နဲ့ ပြန်လည်ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကို မြို့ခံအစာစပ်လုပ်ငန်းများက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးငြိမ်ပြီး မတ်ပဲဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီ ဈေးငြိမ်နေပြီး မတ်ပဲဈေး ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၉၅၀ (တစ်တန်ကျပ် ၅၈၁၇၇၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၁၃၉၀ နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၃၇၅ ကျပ် (တစ်တန်ကျပ် ၈၄၂၀၃၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၅၃၅ ကျပ် နဲ့ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၂၇၁၀ (တစ်တန် ကျပ် ၁၆၅၉၅၇၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ကြောင်းသိရပါတယ်။ အလားတူ နှမ်းနက်ရိုးရိုးကလည်း ယခင်တစ်ပတ် က တစ်ပိဿာ ကျပ် ၂၀၉၀ မှယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၆၂၀ (တစ်တန် ကျပ် ၁၆၀၄၄၆၀) နဲ့ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနက်စမုံကို မန္တလေးတင်ပို့သူများနဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားများကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်တက်ရိပ်ပြခဲ့ပြီး ကုလားပဲဟော်လန်ကလည်း ဈေးပြန်လည်တက်ရိပ်ပြခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ကျပ် ၁၇၅၀ နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၈၀၀ (တစ်တန်ကျပ် ၁၁၀၂၃၀၀) အထိဆက်လက် ဈေးမြင့်ခဲ့ ပါတယ်။ အလားတူ ကုလားပဲဟော်လန်ကလည်း ယခင်တစ်ပတ် က တစ်ပိဿာကျပ် ၁၉၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၇၅ ကျပ် (တစ်တန်ကျပ် ၁၂၀၉၄၇၀) နဲ့ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဟော်လန် ဈေးမြင့်လာတာကြောင့် မြို့ခံပဲခွဲစက်များက ဝယ်လိုအားနည်းပြီး အရောင်း အဝယ်လည်းနည်းခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က သိပ္ပံနှမ်းနက် တစ်ပိဿာကျပ် ၂၅၁၀ သာရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၇၀ (တစ်တန်ကျပ် ၁၆၃၅၀၈၀) နဲ့ ဈေးမြင့်ခဲ့ပါတယ်။ နှမ်းနီနဲ့နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်ဈေးအတိုင်း နှမ်းနီတစ်ပိဿာကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀)၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀) နဲ့ ဆက်လက်ဈေးငြိမ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် သိပ္ပံနှမ်းနက်နဲ့ နှမ်းနက်ရိုးရိုးကို မန္တလေး တင်ပို့သူများက ဝယ်ယူပြီး မြို့ခံဆီစက်လုပ်ငန်းများက နှမ်းနီကို ဝယ်ယူကြကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက်တက်ရိပ်ပြပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းလုံးသေး (အသစ်)ဈေး ဆက်လက်တက်ရိပ်ပြခဲ့ပြီး ပဲစင်းငုံနီဈေးက ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးသေး(အသစ်) တစ်ပိဿာ ကျပ် ၁၈၃၀ နဲ့ ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၂၀၁၀ (တစ်တန်ကျပ် ၁၂၃၀၉၀၀) နဲ့ ဆက်လက်ဈေးမြင့် ခဲ့ပါတယ်။ ပဲတီစိမ်းလုံးသေး(အသစ်)ကို ရန်ကုန်နဲ့ မန္တလေးဝယ်လက်များ က ဝယ်လိုအားများကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၉၆၅ ကျပ်နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာ လည်း တစ်ပိဿာ ကျပ် ၉၆၀ (တစ်တန်ကျပ် ၅၈၇၈၉၀) နဲ့ဈေး ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ပုံမှန်ဝယ်လိုအားရှိကြောင်းလည်း သိရပါတယ်။ အလားတူ ကုလားပဲ ဟော်လန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၂၆ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာတစ်ပိဿာကျပ် ၂၀၀၀ (တစ်တန် ကျပ် ၁၂၂၄၇၈၀) နဲ့ ဈေးနိမ့်ခဲ့ပြီး မြို့ခံပဲခွဲစက် များက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျပြီး အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေး အနေနဲ့ ယခင်တစ်ပတ်အထိ တစ်ပိဿာကျပ် ၅၀၀နဲ့ဈေးငြိမ် နေခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၄၉၀ (တစ်တန်ကျပ် ၃၀၀၀၇၀) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ မြို့ခံ အစာစပ် လုပ်ငန်းများကသာ ဝယ်ယူမှုရှိတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန် ၂၅၀၀၀၀ မှ ၃၀၀၀၀၀ ကြားသာ အရောင်းအဝယ်ဖြစ် ခဲ့ပါတယ်။ ဒါကြောင့် ယခင်တစ်ပတ်ထက် အရောင်းအဝယ်အေး နေကြောင်း သိရပါတယ်။

## စားသုံးသူအငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ စေ့စပ်ဖျန်ဖြေရေးသင်တန်း ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် USAID တို့ ပူးပေါင်း၍ "စားသုံးသူအငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ စေ့စပ်ဖျန်ဖြေရေးသင်တန်း"ကို ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်အထိ ၃ ရက်ကြာ နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများအားပိုမိုထိရောက်သော အကာအကွယ်ပေးမှုများ၊ ဖြေရှင်းဆောင်ရွက်မှုများအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသားများ ထုတ်လုပ်သော ကုန်စည်၊ ဝန်ဆောင်မှုများကို မိမိတို့နိုင်ငံသားများကသာ စားသုံးနေကြ၍ လိမ်မာပါးနပ်စွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် အထူးလိုအပ်ကြောင်း၊ ယခုဖွင့်လှစ်သော သင်တန်းသည် ရက်တိုသင်တန်းဖြစ်သော်လည်း သင်ကြားပို့ချသောသူများသည် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များဖြစ်၍ အကျိုးရှိသော သင်တန်းဖြစ်အောင် ကြိုးစားစေလိုကြောင်း၊ စားသုံးသူများအပေါ် ကျရောက်သည့် နစ်နာဆုံးရှုံးမှုများကို တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးကြရန် လိုကြောင်း၊ ထို့အပြင် သက်ဆိုင်ရာဒေသ အသီးသီးရှိ အစိုးရအဖွဲ့များ၊ အသင်းအဖွဲ့များ၊ NGOs များ၊ သတင်းထောက်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် အသေးစိတ် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေး၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး ဆောင်ရွက်ပေးရန် လိုကြောင်း စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်တန်းမှု လက်ခံဆောင်ရွက်ရေး စင်တာ (Consumer Information and Complaint Center-CICC) များကိုလည်း တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များရှိ လူစည်ကားရာ ဒေသများ၊ ဈေးများတွင်ဖွင့်လှစ်၍ လည်းကောင်း၊ ကွင်းဆင်းပညာပေး ဆွေးနွေးရာတွင်လည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကြေညာခြင်းများ ပြုလုပ်၍လည်းကောင်း၊ စားသုံးသူ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် ကျယ်ပြန့်လှပြီး ကုန်စည်များသာမက ဝန်ဆောင်မှုကဏ္ဍအားလုံးတွင် စားသုံးသူများ ထိခိုက်နစ်နာဆုံးရှုံးမှု မရှိရအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ စားသုံးသူများ၏တိုင်ကြားမှုကို လက်ခံဖြေရှင်းရာတွင် ထိရောက်စွာ ဖြေရှင်းနိုင်ရန်၊ အပြည်ပြည်ဆိုင်ရာမှ အလေ့အထကောင်းများကို လေ့လာမှုမှတစ်ဆင့် နိုင်ငံအတွက် အသုံးချနိုင်ပြီး အကျိုးကျေးဇူးများ ဖြစ်ထွန်းမည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန်တို့ပင်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၄၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**နိုင်ဦး၊ မြင့်မြင့်ချို**

## သီရိလင်္ကာနိုင်ငံက ပြည်တွင်းဆန် ပြတ်လပ်မှုကိုဖြေရှင်းရန် ပြည်ပမှ ဆန်တန်ချိန် နှစ်သိန်းကို အမြန်ဆုံး ဝယ်ယူတင်သွင်းသွားမည်

သီရိလင်္ကာနိုင်ငံသည် ပြည်တွင်းတွင် ဆန်ပြတ်လပ်မှုကိစ္စရပ်ကို ဖြေရှင်းရန်အတွက် အိန္ဒိယ၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့မှ ဆန်တန်ချိန် နှစ်သိန်း အမြန်ဆုံး တင်သွင်းသွားမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြေညာခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံတွင် အဆိုးရွားဆုံး ရေကြီးမှုများကြောင့် ဆန်အမြောက်အမြား ပြတ်လပ်နေကြောင်း၊ သို့ဖြစ်ရာ အိန္ဒိယနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်းအမြန်ဆုံး ဝယ်ယူသွားမည်ဖြစ်ပြီး၊ အဆိုပါဆန်များကို အိန္ဒိယပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ ဝယ်ယူတင်သွင်းသွားမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး Rishad Bathiudeen က ပြောကြားခဲ့ပါသည်။

နောက်ထပ် ဆန်တန်ချိန် တစ်သိန်းအား ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့မှ ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ သီရိလင်္ကာနိုင်ငံမှ အစိုးရအရာရှိများနှင့် စားသောက်ကုန်ဆိုင်ရာ နည်းပညာရှင် စုစုပေါင်း အဖွဲ့ဝင် လေးဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၇ ရက်တွင် အဆိုပါနိုင်ငံများသို့ သွားရောက်ကာ နိုင်ငံအတွက် လိုအပ်သည့် ဆန်အမျိုးအစားများကို ရွေးချယ်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့မှ ဆန်များကို အစိုးရအချင်းချင်း ညှိနှိုင်း၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ အနေဖြင့် ထိုင်းနိုင်ငံမှ ဆန်ဝယ်ယူနိုင်ရန်အတွက်လည်း အစိုးရအဆင့် ဆွေးနွေးမှုများ စတင်နေပြီဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

**စန္ဒာထွန်း (TTI)**

## အမေရိကန်နိုင်ငံသို့ တင်သွင်းမည့် Siluriformes fish and fish products များကို အမေရိကန်နိုင်ငံ အစားအစာဘေး အန္တရာယ်ကင်းရှင်းရေးနှင့် စစ်ဆေးရေးလုပ်ငန်းမှ ပြန်လည်စစ်ဆေးမည့် ကြေညာချက်ထုတ်ပြန်

အမေရိကန်နိုင်ငံသို့ တင်သွင်းမည့် Siluriformes fish and fish products များကို အမေရိကန်နိုင်ငံ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စစ်ဆေးရေးလုပ်ငန်းမှ ပြန်လည်စစ်ဆေးမည့် ကြေညာချက်အား ထုတ်ပြန်ကြောင်း အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ ပေးပို့ချက်အရ သိရပါသည်။

အမေရိကန်နိုင်ငံ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စစ်ဆေးရေးလုပ်ငန်းက ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ထုတ်ပြန်ခဲ့သည့် အမေရိကန်နိုင်ငံသို့ တင်သွင်းမည့် catfish အပါအဝင် Siluriformes တင်သွင်းမှုနှင့်စပ်လျဉ်းသည့် စည်းမျဉ်းသတ်မှတ်ချက်များသည် ၂၀၁၆ ခုနှစ်၊ မတ်လတွင် စတင်အသက်ဝင်ခဲ့ပြီးနောက် ပြည်ပမှ တင်သွင်းလာသည့် ရေထွက်ကုန်စည်များကို ပြန်လည်စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စစ်ဆေးရေးလုပ်ငန်း (FDA) မှ တာဝန်ပေးအပ်ထားသည့် တရားဝင် သွင်းကုန်စစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ် ဩဂုတ် ၂ ရက်မှစတင်၍ အမေရိကန်နိုင်ငံသို့ တင်သွင်းလာသည့် Silur- iformes fish and fish products များကို စစ်ဆေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခြင်းဖြစ်သည်ဟု သိရပါသည်။ ယင်းကြေညာချက် 9 CFR Part 557 [Docket No.FSIS-2017-0024] ကို https://www.fsis.usda.gov ဝက်ဘ်ဆိုက်တွင် ရယူနိုင်ကြောင်း သိရပါသည်။

အဆိုပါစည်းမျဉ်းစည်းကမ်းအရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် The Food Safety and Inspection Service(FSIS) မှ Siluriformes ငါးနှင့် ယင်းငါးထွက်ကုန်များအတွက် စစ်ဆေးမှုလိုက်နာရမည့်အစီအစဉ်ကို 80FR 7590 အမိန့်ဖြင့် နောက်ဆုံးစည်းမျဉ်းကို ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါအမိန့်ကို ပြည်ထောင်စုအသားစစ်ဆေးမှုအက်ဥပဒေ(FMIA)ပါ ပြဋ္ဌာန်းချက်အရ ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ လူတို့စားသုံးရန်အတွက် အသုံးပြုသည့် ယင်း Siluriformes ငါးနှင့်ငါးထွက်ကုန်များအား စစ်ဆေးခြင်းကို သီးခြားဖော်ပြထားသော်လည်း ပြဋ္ဌာန်းချက်အသစ်အနေဖြင့် ပြည်ပနိုင်ငံမှ ငါးအားလုံးနှင့် ငါးထွက်ကုန်များ တင်သွင်းခြင်းအတွက် အမေရိကန်သို့ ဝင်ရောက်ခြင်းမပြုမီ ပြန်လည်စစ်ဆေးရန် လိုကြောင်းကိုလည်း သိရပါသည်။

ယင်းပြဋ္ဌာန်းချက်အသစ်သည် ၂၀၁၆ ခုနှစ်၊ မတ်လတွင် အာဏာသက်ရောက်သော်လည်း လိုက်နာရမည့် ငါးစစ်ဆေးမှုအစီအစဉ်ကို FDA မှ စနစ်တကျ ပြင်ဆင်နိုင်စေရန်အတွက် အကူးအပြောင်းကာလကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်အထိ ၁၈ လ သတ်မှတ်ထားကြောင်း၊ ယင်းကြားကာလအတွင်း တင်သွင်းခဲ့သော ငါးနှင့် ငါးထုတ်ကုန်များသည် ပြန်လည်စစ်ဆေးခြင်းခံရမည်ဖြစ်ပြီး အမေရိကန်နိုင်ငံသို့ တင်ပို့ရန် ပြည်ပအဖွဲ့အစည်း၏ အရည်အချင်း ပြည့်မီမှုအတွက် မျိုးစိတ်နှင့် ဓာတ်ကြွင်းစစ်ဆေးခြင်းကို အနည်းဆုံး သုံးလတစ်ကြိမ် ခံရမည်ဟု ပြဋ္ဌာန်းချက်အသစ်တွင် ဖော်ပြထားကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် အထက်တွင် ဖော်ပြထားပြီးဖြစ်သကဲ့သို့ ယင်းအကူးအပြောင်း ကာလပြီးဆုံးချိန်တွင်လည်း အမေရိကန်နိုင်ငံသို့ တင်သွင်းသော အသားနှင့် အသားထွက်ပစ္စည်းများအပေါ် ပြန်လည်စစ်ဆေးသကဲ့သို့ Siluriformes ငါးနှင့် ငါးထွက်ကုန်များအားလည်း ပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း၊ FSIS သည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၅ ရက်မှစတင်၍ တင်သွင်းလာသော Siluriformes ငါးများကို ကုန်သင်္ဘောများရွေးချယ်၍ ပြန်လည်စစ်ဆေးခဲ့ကြောင်း လေ့လာသိရှိရပါသည်။

အမေရိကန်နိုင်ငံသို့ တင်သွင်းသည့် Siluriformes ငါးနှင့် ငါးထွက်ကုန်များအားလုံးကို သွင်းကုန်စစ်ဆေးရေးရုံးသို့ တင်ပြရမည်ဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးရန် လျှောက်ထားရာတွင် တင်သွင်းသူမှတ်တမ်းကို စာရွက်ဖြင့် လည်းကောင်း၊ အွန်လိုင်းဖြင့်လည်းကောင်း တင်ပြနိုင်ကြောင်း၊ ယင်းလျှောက်ထား တင်ပြချက်အား သင်္ဘောမရောက်မီ သို့မဟုတ် အကောက်ခွန်ဇရိယာသို့မရောက်မီ တင်ပြရမည်ဖြစ်ကြောင်း၊ ယင်းလျှောက်လွှာကို https://www.fsis.usda.gov/wps/wcm/connect/a8eead0d-23c3-428e-937f တွင် ရယူနိုင်ကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံသည် ယင်းနိုင်ငံသို့တင်သွင်းသော Siluriformes ငါးနှင့် ငါးထွက်ကုန်များအပေါ် ထပ်မံစစ်ဆေးမည့်စည်းကမ်းချက်ကြိုတင် ထုတ်ပြန်ထားကြောင်းနှင့် အမေရိကန်နိုင်ငံသို့ ငါးတင်ပို့သော လုပ်ငန်းရှင်များ သိရှိစေရန် ဖော်ပြလိုက်ရပါသည်။

**ချိုသက်မူ**

Source;**အမေရိကန်နိုင်ငံ၊ မြန်မာနိုင်ငံသံရုံး**

## မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်ပိုမို တင်ပို့နိုင်သော်လည်း ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁ ရက်မှ ၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၇၈ သန်း တန်ဖိုးရှိ ရေထွက် ကုန် ၂၄၀၁ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ထိုင်းနယ်စပ်မှ ၃၀၆၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ ၆၆၂ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီ ကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်များ ပိုမို တင်ပို့နိုင်သော်လည်း ကော့သောင်း နဲ့မြိတ် ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များလျော့နည်း တင်ပို့ခဲ့တဲ့အတွက် ယခုလို ကျဆင်းရခြင်း ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုညဒသမ ၁၁၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ကင်းမွန်တို့ကို ၈၅ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၄ သန်း တန်ဖိုးရှိငါးမျိုးစုံနဲ့ အခြား ရေထွက်ကုန်များဖြစ်တဲ့ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ရေဘဝဲ တို့ကို ၁၂၄၇ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေငံပုစွန်၊ ကင်းမွန်၊ သဲကဏန်း၊ ကင်းမွန်(လိပ်)တို့ကို ၁၀၆၈ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၆၉၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀၁၂ တန်နဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၃၁၄ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၃ သန်းလျော့နည်း တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ငါးခြောက်၊ ပုစွန်နဲ့ ငါးလိပ်ကျောက်အရေခွံခြောက်တို့ တင်ပို့နိုင်ခဲ့သော်လည်း ကဏန်း၊ ငါးမျိုးစုံ၊ ငါးဆားနယ်နဲ့ ငါးမှန့်တင်ပို့မှုလျော့နည်းတာကြောင့် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ငါးရှဉ့်ဈေးရော ကဏန်းဈေးပါ ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

## ရက်သတ္တပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ ဆန်ကွဲပိုမိုတင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေး စခန်းများမှ ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၇၃ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ကောက်ညှင်းဆန် ၂၅၃၈၄ တန်ခန့် တင်ပို့ခဲ့ရာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၅၂၁၆ တန်၊ ဧည့်မထဆန် တန် ၆၈၅၀ နဲ့ ကောက်ညှင်းဆန် ၃၂ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၄ တန်၊ ဧည့်မထဆန် ၄၅ တန်ကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေး စခန်းမှ ငစိန်ဆန် ၂၉၃၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ် ရေးစခန်းမှ ဧည့်မထဆန်တန် ၂၂၀ နဲ့ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန် ၆၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန် ၂၀၀၇၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၃၀၅ တန်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန် ဒေါ်လာ သုည ဒသမ ၅၂၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၂၄၇ တန်ကို မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၆ သန်း တန်ဖိုးရှိ ဆန် ကွဲ ၅၄၇ တန်ကို လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ တင်ပို့ခဲ့ရာ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၅၄ သန်းနဲ့ ဆန်ကွဲ ၂၇၉၄ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၆၄၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ဆန်ကွဲ ၁၅၂ တန် ပိုမို တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇူလိုင် ၂ ရက်မှ ၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၈ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန်တန် ၆၄၅၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုမှာ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန် ၂၅၀ နဲ့ ငစိန်ဆန်တန် ၂၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန်တန် ၁၀၀၀၊ အာဖဂန နစ္စတန်သို့ ဧည့်မထဆန်တန် ၇၅၀၊ တူရကီနိုင်ငံသို့ ဧည့်မထဆန်တန် ၂၅၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန်တန်၅၀ နဲ့ ပေါင်းဆန်တန် ၅၀၊ တောင် အာဖရိက နိုင်ငံသို့ဧည့်မထဆန် တန် ၁၅၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန်တန် ၁၂၅၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန်တန် ၆၅၀ နဲ့ ပေါင်းဆန်တန် ၂၅၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန် ၂၅၀ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ဖြူနဲ့ပေါင်းဆန် ၂၂၀၉၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ဆန်တင်ပို့မှု ၁၅၆၄၃ တန်လျော့နည်းခဲ့ပါတယ်။ အလားတူ ဆန်ကွဲတင်ပို့မှုမှာလည်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၆၆ သန်းဖိုးရှိ ဆန်ကွဲ ၇၁၆၃ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ဆန်ကွဲ ၁၇၅၉၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၄၃၄ တန်တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်နယ်စပ်မှ ဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့ပြီး ပင်လယ်ရေကြောင်းမှတင်ပို့မှုလျော့ကျခဲ့ပါတယ်။**ယဉ်ယဉ်အေး**

## မိုးကြိုဆန်စပါးအရောင်းအဝယ်သွက် ဈေးကောင်းရ




ပြည်ဆန်၊ စပါးရောင်းဝယ်ရေး ဈေးကွက်များတွင် စပါးဈေးတက်နေချိန်တွင် နွေဆန်(သို့မဟုတ်) မိုးကြိုစပါးများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ မိုးကြိုစပါးဟာ မိုးစပါးအဟောင်းဈေးကျလာတာလို့ တောင် ထင်ယောင်ထင်မှား ဖြစ်မိပါတယ်။ မိုးစပါး(အဟောင်း) ပေါက်ဈေး တင်း ၁၀၀ ၄၆ ပေါင်ကိုက်ဈေး ကျပ် ၅၃၃၆၀၀ အထိ ဈေးပေါက် ပြီး ယခုတစ်ပတ်မှာတော့ ဧည့်မထ(အသွယ်) လိုင်းဈေး ၄၆ ပေါင်ကိုက်ကို ကျပ် ၄၄၁၆၀၀ ဖြင့် အစိုဓာတ် ၂၅ ရာခိုင်နှုန်းရှိပြီး မိုးကြိုစပါးဟုတွင်ကာ အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ စပါးအရည်အသွေးရော ဆန်ထွက်ပါကောင်းတာကြောင့် နယ်များမှပါ အဆွဲရှိနေပြီး အဟောင်းကဲ့သို့ အရောင်းအဝယ် ကောင်းလျက်ရှိပါတယ်။ ဆန်ဈေးနှုန်းများကတော့ တစ်အိတ်လျှင် (ထိပ်စ) ဆင်းသွယ်လတ် ကျပ် ၂၂၀၀၀၊ ရတနာတိုး ကျပ် ၂၁၀၀၀ နှင့်နွေဆန် ၂၅ မှတ် ကျပ် ၁၆၀၀၀ တို့ဖြစ်ကြောင်း သိရပါတယ်။

ဆန်ချောဖြစ်တဲ့ တောင်ပျံမွှေး စပါးကတော့ ၄၆ ပေါင်ကိုက် တင်း ၁၀၀ လျှင်ကျပ် ၇၃၆၀၀၀ ဈေးပေါက်နေပြီး ဆန်တစ်အိတ်ဈေးကတော့ (ထိပ်စ) ကျပ် ၃၅၀၀၀၊ (လတ်စ) ကျပ် ၃၃၀၀၀ တို့ဖြင့် ရန်ကုန် အဝယ်ရှိနေပြီး အရောင်း အဝယ်ပုံမှန်ရှိနေကြောင်းလည်း သိရပါတယ်။

ဧည့်မထ (ဆန်) အုပ်စုဖြစ်တဲ့ ဆင်းသွယ်၊ ရတနာတိုး၊ အင်းလယ်ဆန် အိတ်များကို မန္တလေးမူဆယ်လိုင်းသို့ တစ်ပတ်အတွင်း အိတ် ၁၅၀၀ ကျော် တင်ပို့နေရပြီး၊ တောင်ပျံမွှေး ဆန်အိတ်များကိုတော့ ရန်ကုန်သို့တစ်ပတ်အတွင်း အိတ်၇၀၀ ကျော်ပုံမှန်တင်ပို့နေရကြောင်းလည်း သိရပါတယ်။ **နီနီဝင်း**

## တရုတ်နယ်စပ်မှ သကြားလျော့နည်းတင်ပို့သလို ထိုင်းနယ်စပ်မှလည်း လျော့နည်း တင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းတို့မှ ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၄၅၀ သန်းတန်ဖိုးရှိ Re-export သကြား ၂၉၉၂၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၅၄၀၅ တန်ခွဲ၊ ချင်းရွှေဟော်မှ ၄၄၆၆ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၅၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းသုံးခုမှ သကြား ၃၆၆၁၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ သကြား ၆၆၉၅ တန် လျော့နည်း တင်ပို့ခဲ့ပါတယ်။ ယခု တစ်ပတ်တွင် မိုးရွာသွန်းမှုများခဲ့လို့ သကြားကားများဝင်ရောက်မှု နည်းပါးခဲ့ကြောင်း၊ မူဆယ်ကုန်စည်ဒိုင်မှာ သကြား တစ်တန်ကို ကျပ် ၇၆၄၄၀၀ ဈေးရှိပြီး တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၃၉၀၀ ရှိပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ဇူလိုင် ၇ ရက်နေ့ သကြားလက်ကားဈေးမှာ ရှယ်တစ်ပိဿာ ကျပ် ၁၅၀၀ ရှိပြီး၊ ရိုးရိုးတစ်ပိဿာ ကျပ် ၁၁၀၀ ရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၇၁ သန်းတန်ဖိုးရှိ Re-export သကြား တန် ၃၂၂၀ ကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းတဲ့ ၇၆၇၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၄၅၇ တန် လျော့နည်းတင်သွင်းလာတာ တွေ့ရပါတယ်။ **မော်မော်အောင်**

## ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ ရေချိုငါးမြစ်ချင်း ၇၈ တန် တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁ ရက်မှ ၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုညဒသမ ၀၇၂ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၇၈ တန်ကိုတစ်ဖက်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့ခြင်း မရှိဘဲယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့နိုင်တာတွေ့ရပါတယ်။ တင်ပို့မှုကို ကြည့်ပါက စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၆၃ သန်း တန်ဖိုးရှိရေချို ငါးမြစ်ချင်းတန်၇၀ ခန့်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၉ သန်း တန်ဖိုးရှိ ရေချို ငါးမြစ် ချင်း ၈ တန်ခန့်ကို တင်ပို့ခဲ့ပါတယ်။

မောင်တော ကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း အပြင် အခြားရေထွက်ကုန်များဖြစ်တဲ့ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ ငါးသလောက် ၉၆၅ ကီလို၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၀ သန်း တန်ဖိုးရှိ ရေငန်ပုစွန် ၁၇၉၉ ကီလို၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်း တန်ဖိုးရှိ ငါးခေါင်းပွ ကီလို ၄၀၀၀၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ ငါးပါးနီ ကီလို ၅၀၀၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်း တန်ဖိုးရှိ ငါးနီတူခြောက်ကီလို ၃၀၀၀တို့ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# စည်းကမ်းပျက်ကုမ္ပဏီများအား အရေးယူတော့မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေးကို နည်းလမ်းမျိုးစုံဖြင့် သုံးသပ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသလို၊ လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေးအတွက် ဖြေလျော့ ဆောင်ရွက်ပေးခြင်းတို့ကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံကုန်သွယ်မှု တိုးတက်စေရေးကို အထောက်အကူပြုနိုင်ရန်၊ ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်ရန် ရည်ရွယ်၍ ဈေးကွက်အလားအလာရှိသော ကုန်ပစ္စည်းအမယ်များကို လေ့လာဖော်ထုတ်ပြီး ပြည်ပမှကုန်ပစ္စည်းများကို တင်သွင်း၍ မူလအတိုင်းသော်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းပြုပြင်ထုတ်လုပ်၍ (မူလပင်ရင်းနိုင်ငံမပြောင်းလဲစေဘဲ) သော်လည်းကောင်း၊ အခြားနိုင်ငံတစ်နိုင်ငံသို့ ပြန်လည်တင်ပို့သည့် (Re-export ) စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှ စတင်ခွင့်ပြုပေးခဲ့သည်။ သကြား၊ စက်သုံးဆီ၊ ဝါဂွမ်း၊ ကွမ်းသီး၊ နှမ်းဖြူ၊ နှမ်းနက်၊ မြေပဲ၊ ငရုတ်သီးခြောက်၊ ပဲပုပ်စေ့၊ ချည်မျှင်၊ ကားတာယာစသည့် ကုန်ပစ္စည်းများကို လက်ရှိခွင့်ပြုပေးလျက်ရှိပြီး အခြားဈေးကွက်အလား အလာရှိသော ကုန်ပစ္စည်းများကိုလည်း တင်ပြလျှောက်ထားလာပါက သုံးသပ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ သကြားများကို Re-export စနစ်ဖြင့် တင်သွင်း/တင်ပို့ ခွင့်ပြုပေးခဲ့သည့်အတွက် ကုန်သွယ်မှုပမာဏတိုးတက်လာ ကြောင်းသိရှိရပါသည်။

သို့သော် Re-export စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန် တင်ပြခွင့်ပြုချက်ရယူခဲ့သော ကုမ္ပဏီအချို့အနေဖြင့် ပြည်ပမှ သကြားများကို အမှန်တင်သွင်းခဲ့သော်လည်း လုံးဝပြန်လည် တင်ပို့မှုမရှိခြင်း၊ အမှန်တင်သွင်းခဲ့သည့် အရေအတွက်အတိုင်း တိကျစွာ ပြန်လည်တင်ပို့မှုမရှိဘဲ လျော့နည်း တင်ပို့ခြင်း၊ အမှန်တင်သွင်းထားသည့်ပမာဏထက် ပိုမို တင်ပို့ခြင်း စသည့် Re-export ဆိုင်ရာလုပ်ထုံး လုပ်နည်းသတ်မှတ်ချက်များနှင့် ဝန်ခံကတိပြုချက်များကို ဖောက်ဖျက်ခဲ့ကြောင်း သိရှိရပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် စည်းကမ်းပျက်လျက်ရှိသော ကုမ္ပဏီများအား ကုမ္ပဏီကြီး/ငယ်မရွေး တစ်ပြေးညီပြစ်ဒဏ်သတ်မှတ်အရေးယူသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

သက်ဆိုင်ရာ ကုမ္ပဏီများအနေဖြင့်လည်း မိမိတို့ တင်သွင်း/တင်ပို့ခဲ့သည့် အထောက်အထား အပြည့်အစုံဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်ရုံးချုပ်သို့ လာရောက် စာရင်းရှင်းလင်းတင်ပြရန် လိုအပ်ကြောင်း၊ ကုမ္ပဏီများဘက်မှ တင်ပို့တင်သွင်းစာရင်းများ မရှင်းလင်း မတင်ပြ မပြီးပြတ်သရွေ့ အဆိုပါ စည်းကမ်းပျက် ကုမ္ပဏီများအား ကုန်သွယ်မှုပြုလုပ်ခွင့်ကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရှိရပါသည်။ အမှန်တင်သွင်းခဲ့သော်လည်း လုံးဝပြန်လည်တင်ပို့ခြင်းမရှိသည့်ကုမ္ပဏီများကိုမူ သတ်မှတ် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ကုမ္ပဏီ သိက္ခာရှိရှိ ရပ်တည်နိုင်ရေး၊ ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်များ၏ လူပုဂ္ဂိုလ်ဂုဏ်သိက္ခာထိခိုက်ကျဆင်းမှု မရှိစေရေး မိမိတို့၏ အမှန်တင်သွင်းတင်ပို့ထားသော အထောက်အထား အစုံအလင်ဖြင့် အမြန်သွားရောက်စာရင်း ရှင်းလင်းခြင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း သတင်းရရှိပါသည်။

**EXP-TNO**

## ဇူလိုင်လ ဒုတိယပတ်မှာ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲ၊ ပဲစင်းငုံအကျဈေးနဲ့ ဈေးငြိမ်

ဇူလိုင်လ ဒုတိယပတ်မှာ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ သီးနှံပေါက်ဈေးနှုန်းများမှာ အကျဈေးနဲ့ ဈေးငြိမ်လျက်ရှိပြီး ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲတီစိမ်းသီးနှံကတော့ ယခုတစ်ပတ်မှာ ဈေးပြန်မြင့်လာပြီး အရောင်းအဝယ်လည်း သွက်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ချင်းတွင်းမြစ်ရေကြီးနေ၍ ပစ္စည်းဝင်ရောက်မှုနည်းနေပြီး အရောင်းအဝယ်ဖြစ်မှုလည်း နည်းနေကြောင်း သိရပါတယ်။ ပဲစင်းငုံသီးနှံမှာ ရာသီကုန်ချိန်ဖြစ်ကာ လှောင်လက်သမားများနှင့် တောင်သူ အချို့၏ လက်ထဲတွင်သာ ရှိ၍ အဝင်လည်း အနည်းငယ်သာရှိကြောင်း သိရပါတယ်။ နေ့စဉ်ပုံမှန်အဝယ်ရှိပြီး ယခင်တစ်ပတ်က တစ်တင်း ကျပ် ၁၉၄၀၀ နှုန်းပေါက်ကာ ယခုတစ်ပတ်မှာ ကျပ် ၁၉၃၀၀ နှုန်းပေါက်လျက် ပေါက်ဈေး အပြောင်းအလဲသိပ်မဖြစ်ဘဲ အကျဈေးနဲ့ ဈေးငြိမ်လျက်ရှိကာ အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

မတ်ပဲသီးနှံမှာမူ ယခင်တစ်ပတ်က တစ်တင်း ကျပ် ၂၈၃၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ပြီး ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၂၇၀၀၀ နှုန်း ပေါက်ကာ ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး နေ့စဉ်အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းသီးနှံဈေးကွက်မှာ ဈေးနှုန်းအတက်/အကျ ဖြစ်လျက်ရှိပြီး အရောင်းအဝယ်ကတော့ မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးမှာ တစ်တင်းကျပ် ၃၅၀၀၀/၄၀၀၀၀ နှုန်းနဲ့ အရည်အသွေးအလိုက် ဈေးကွာခြားမှုရှိပြီး ယခင်တစ်ပတ်ကထက် ဈေးပြန်တက်လာပါတယ်။ ယခင်နှစ်ကာလတူ ပေါက်ဈေးမှာ တစ်တင်းကျပ် ၃၁၈၀၀ နှုန်းပေါက်လို့ ယခုနှစ်ဈေးမှာ ဈေးအမြင့်နဲ့ အရောင်းအဝယ် အသွက်ဆုံး သီးနှံဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုလားပဲမျိုးစုံ တစ်တင်းပေါက်ဈေး နှုန်းမှာ ကုလားပဲဖြူလုံးကြီး V2 ကျပ် ၄၁၇၀၀၊ ထိုင်ဝမ် ကျပ် ၃၈၇၀၀၊ 929 ကျပ် ၃၉၀၀၀ နှုန်း ပေါက်ပြီး နေ့စဉ်သုံးမျိုး ပေါင်းအိတ် ၈၀၀ ခန့် အရောင်း အဝယ်ဖြစ်လျက်ရှိကာ ယခင်တစ်ပတ်ကထက် ဈေးမြင့်လာပါတယ်။ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်မှအဝယ်များပြီး 929 နဲ့ ထိုင်ဝမ်ကို မုံရွာမြို့နယ်ကြာဆန်စက်၊ ပဲခွဲစက်များနှင့် မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ပဲကြီး၊ စွန်တာနီ၊ ပဲနီလုံး ကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊ CPပြောင်း စတဲ့ သီးနှံများလည်း ဈေးနှုန်း အတက်/အကျ အနည်းငယ်ရှိပြီး ရက်ခြားသာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၄၉၀၀၀၊ (သေး) ကျပ် ၄၃၀၀ နဲ့ ပဲကြော်ဖိုသမားများ ဝယ်ယူလျက်ရှိလို့ နေ့စဉ်အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ စွန်တာနီပဲတစ်တင်း ကျပ် ၂၅၅၀၀၊ ပဲနီလုံးကြားတစ်တင်း ကျပ် ၂၇၀၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၂၇၀၀၀၊ မြေထောက်ပဲတစ်တင်း ကျပ် ၃၁၀၀၀၊ ဂျုံ တစ်တင်း ကျပ် ၂၀၀၀၀၊ CPပြောင်းတစ်တင်း ကျပ် ၈၈၀၀ နှုန်း အသီးသီး ပေါက်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံ ဈေးကွက်အနေနဲ့ မြေပဲဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးမြင့်တက်လာကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်က ဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနဲ့ ဘုတလင်၊ ခင်မွန် ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန်တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ ကျပ် ၂၄၀၀ နဲ့ အိတ် ၇၀၀ခန့်၊ လုံးဆန်နီ ကျပ် ၂၃၅၀ နဲ့ အိတ် ၄၀၀ ခန့်၊ ဆီဆန် ကျပ် ၂၁၀၀ နဲ့ အိတ် ၂၀၀ ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိပြီး နှမ်းသီးနှံပေါက်ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ၂၃၃၃ ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ ကျပ်၊ နှမ်းနက်တစ်ပိဿာ ၂၆၆၇ ကျပ် နှုန်း အသီးသီးပေါက်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂) ရပ်တို့၏ (၇/၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၇/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင်လ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) တွင် ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ဇွန်လအတွင်းက Forum နှစ်ခုကို အောင်မြင်စွာကျင်းပနိုင်သဖြင့် ဝမ်းမြောက်မိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ ကုန်စည်စီးဆင်းမှုသည် အခြားမြို့ကြီးများသို့ သက်ရောက်မှုရှိသဖြင့် အဖွဲ့၏ဆောင်ရွက်ချက်များသည် တစ်နိုင်ငံလုံးရှိ ပြည်သူများသို့ အကျိုးသက်ရောက်မှုရှိပါကြောင်း ပြောကြားခဲ့သည်။ ထို့နောက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ချိုက (၆/၂၀၁၇) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုတို့အား ရှင်းလင်းဆွေးနွေးပြီး စားသောက်ဆိုင်များတွင် ဝန်ဆောင်ခ (Service Charges) ကောက်ခံမှုကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားဆောင်ရွက်ပေးရမည့် အခြေအနေ၊ မြေပဲအနံ့ထည့်သွင်းထားသည့် စားသုံးဆီအရော အမှတ်တံဆိပ်လေးမျိုးနှင့်ပတ်သက်၍ အရေးယူဆောင်ရွက် ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးပေးရန် တင်ပြခဲ့ပါတယ်။

ထို့နောက်တက်ရောက်လာကြသည့် အဖွဲ့ဝင်များက စားသောက်ဆိုင်များတွင် Service Charges ကောက်ခံမှုနှင့် ပတ်သက်၍ စားသောက်ဆိုင်များက စားသုံးသူပြည်သူများ သိရှိစေရန် ဆောင်ရွက်ပေးရမည့် အခြေအနေ၊ မြေပဲအနံ့ ထည့်သွင်းထုတ်လုပ်ရောင်းချနေသော ဆီအမှတ်တံဆိပ်လေးမျိုးအား အရေးယူဆောင်ရွက်ထားရှိရန် ဆုံးဖြတ်မှု၊ စားသုံးသူများ၏ တိုင်ကြားချက်များကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေဖြင့်သာမက ကျန်ဆက်စပ်ဌာနများ၏ ဥပဒေတို့ဖြင့်ပါ အရေးယူဆောင်ရွက်သင့်သည့် အခြေအနေတို့ကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**အိန္ဒြေအောင် (စားသုံးသူ) ရန်ကုန်**

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက်ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ် လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည် မဟုတ်ပါ။


BRACCO
THE IMAGE OF INNOVATION
Iopamiro®
Bracco Imaging Spa
Italy
CONTRAST ENHANCEMENT in C.T.
ARTHROGRAPHY,FISTULOGRAPHY,
DISCOGRAPHY,CARDIOANGIOGRAPHY,
DIGITAL SUBSTRACTION ANGIOGRAPHY(DSA),
PAEDIATRIC RADIOLAGY,UROGRAPHY,NEURORADIOLOGY,
DACRYCYATOGRAPHY,SIALOGRAPHY,GALACTOGRAPHY,
HYSTEROSALPINGOGRAPHY,ANGIOGRAPHY
Iopamiro 370
IMMORTAL TRADING Co.,Ltd
No.157,8th Floor,Seikkanthar St,kyauktada Tsp,Yangon,Myanmar.
E-mail :kwin@mptmail.net.mm,moesatugo@gmail.com Fax:01 385746
Mobile :09 5000141,09 5144116,09 73038659,09 73051653,01 385746


YYK Yin Yin Kyaw Animal Health
zoetis
Cipla
တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ
တိရစ္ဆာန်သုံးဆေးဝါးများ
ခွေးစာ၊ ကြောင်စာများ
NUTRIX
Ph: 09-96 505 9040, 09-730 941 26
E-mail: yinyinkyawvet@gmail.com
Website: www.yinyinkyaw.com


ANT
AUNG NAING THITSAR CO.,LTD
Address : Dagon Center 2,Pyay Road,No.268,Room 14(C & E),
14th Floor,Sanchaung Township,Yangon,Myanmar.
Tel : +95 1 2314195,2316304,+ 95 9 25072 4448
Fax : +95 1 2316304
Mobile : +95 9 5045921
E-mail : ant.inttrade@gmail.com
Website : www.aungnaingthitsar.com


စိန်ထန်းပင်ပွဲရုံ
ပဲမျိုးစုံရောင်းဝယ်ရေး
အမှတ်-ည/၁၄၊ အသောကလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Phone-01 682429,01 683136
Fax -01 681207
E-mail :shpbyn@gmail.com.


ရွှေဘုန်း ကုမ္ပဏီလီမိတက်
စွမ်းအားထက်မြက်
ရွှေဘုန်း
ထွန်စက်
လယ်ယာရွှေလှမ်း
ရွှေဘုန်း
အစွမ်း
MASSEY FERGUSON
တစ်လုံးထိုးမှ ၄လုံးထိုး (၃၀ ကောင် မှ ၁၂၀ ကောင်အထိ) ထွန်စက်
WUZHENG
ZOOMLION
WZ 504 (50 ကောင်)
WZ 354 (35 ကောင်)
SP 304V (30 ကောင်)
MF 1552
WAW (2ကွင်းဆွဲ)
SFC(SSF-3060)


AN
ASIA NAING ENTERPRISE LTD.
အာရှနိုင်အင်တာပရိုက်(စ်)လီမိတက်
Authorized Dealer
Citric Acid
Trisodium Citrate
Malic Acid FUSO
Sodium Metal Bi
CMC-Na
Dextrose Monohydrate
Dextrose Anhydrate
STPP
CORN STARCH
Sodium Benzoate
Benzoic Acid
Sodium Citrate
Ammonium Bicarbonate
Dye Powder Yellow
Dye Powder Red
Mimosa FS Powder
The Biggest Supplier / Sole Agent
Food Additives (ISO 22000, ISO 9001, HACCP, HALAL, FDA Approved)
Chemicals for Textile Industry
- Vat Dyes , Reactive Dyes
- Direct Dyes , Disperse Dyes
- Naphtol , Solvent Dyes
- Pigment Dyes , Sulphur Dyes
- Acid Dyes , Agents for Dyeing & Printing
- Fast Color Bases , Fast Color Salts
Chemicals for Printing
Chemicals for Rubber Industry
Dyestuff and agent for Leather
Textile Machinery and Spare Parts
RSN
GCN
Sulphur Black
Rubber Rod
Rubber 3144 Rod
Fertilizer
Sealing Threads
Portable Sealing Machines
Chemical Engineer
Yangon
Mandalay

MKTK မြန်မာကောင်းသုခကုမ္ပဏီလီမိတက်

သီးနှံစိုက်ပျိုးသော တောင်သူဦးကြီးများအတွက် အရည်အသွေးအာမခံ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊

ရွက်ဖျန်းမြေဩဇာနှင့် ဓါတ်မြေဩဇာများကို နိုင်ငံတကာမှ တင်သွင်းဖြန့်ချိပါသည်။




အရည်အသွေးပထမ မြန်မာကောင်းသုခ

အမှတ် - (၉၅/အေ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၅၀၀ ၅၈၉၈၀၊ ၀၉ ၇၃၁ ၄၀၈၁၂

Myanmar Automobile Manufacturer & Distributor Association

U Kyaw Swar Htun Myint
Joint-Secretary

Building No.(3), SH(B-3), Yadanar Road, Malikhaooyin Housing,

Thingangyun Township, Yangon, Myanmar.

Mobile : 95-9-5012113, 95-9-785012113

Tel : 95-1-578505, 95-9-425315222, 95-9-253263634

Fax : 95-1-578505

Email : kyawswarhtunmyint@mamdamyanmar.com.mm

Website : www.mamdamyanmar.com.mm

# Royal Material Co.,Ltd.

Quality Brand သုံးစွဲသူများအတွက်
နိုင်ငံတကာ အရည်အသွေးမီ ကိုရီးယားနိုင်ငံထုတ်
အိမ်တွင်းအလှဆင်ပစ္စည်းများအရောင်းပြခန်းနှင့်အိမ်တွင်းအလှဆင်လုပ်ငန်း

- အဆင့်မြင့် ခိုင်ခံ့သပ်ရပ်သော အလူမီနီယမ်နှင့်ဆက်စပ်ပစ္စည်းများ
- ကြမ်းခင်းနှင့်နံရံသုံးဆန်းသစ်သော Vinyl ပြားများ
- နံရံအလှဆင် Wall Leather လိပ်များ
- အလင်းရောင်ထိုးဖောက်နိုင်သော Acrylic ပြားများ
- လုံခြုံရေးစိတ်ချရသော Main Doors (Temperate Glass Door)
- အိပ်ခန်းနှင့် သန့်စင်ခန်းသုံးတံခါး (ABS Doors)
- လှပခိုင်ခံ့သောအလူမီနီယမ်ဇကာကွက်များ (Aluminium Grille)
- နံရံနှင့်မျက်နှာကျက်အလှဆင်(Space Wall)
- အရည်အသွေးမြင့်မားသော TopSeal (Prime-X) Silicone Sealant



ဤကြော်ငြာယူလာပါက 3% လျှော့ပေးမည်။(July-31-2017အထိ)



Survey ဆင်း၍ အတိုင်းအတာအခမဲ့တွက်ချက်ပေးခြင်း။

အမှတ် (၃၁၂-၃၁၈)၊အနော်ရထာလမ်း၊ (၃)လမ်းထိပ်၊ (KBZ Bank ဘေး)၊

လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-0979700 6070~71~72, 09 44312 6052။

Website :www.royalmaterial.com, Email :info.royalmaterial@gmail.com

Vol: 17, No.27 Monday July 17 2017



## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသုံးခုမှ ဇူလိုင် ပထမပတ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၄၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၇၆၅၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၄၆၁၀ တန်ခွဲ၊ လွယ်ဂျယ်မှ ၂၈၂၄ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၂၂၃ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းသုံးခုမှ ပြောင်းဖူးစေ့ ၁၉၄၂၈ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၈၂၃၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇွန်နောက်ဆုံးပတ်က ပြောင်းတစ်တန်ဈေး ၂၅၈၈၂၄ ကျပ်ရှိရာမှ ဇူလိုင် ၁ ရက်မှ ၇ ရက်သီတင်းပတ်မှာ ပြောင်းတစ်တန်ကို ကျပ် ၂၇၁၁၂၀ သို့ ဈေးမြင့်တက်ခဲ့ပြီး ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၆၁ ကျပ်မှ ၆၅ ကျပ်ရှိကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၆၄၉ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၁၅၀၀ ရှိကြောင်း သိရပါတယ်။

စီပီအစေ့ထုတ်ပြောင်း စိုက်ပျိုးရေးလုပ်ငန်းများကို ရေသွင်းစိုက်ပျိုးလျက်ရှိသလို သွင်းအားစု ပံ့ပိုးမှုများလည်းရှိနေသဖြင့် ရာသီမရွေးစိုက်ပျိုးလျက်ရှိကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်ဒေသများတွင် မိုးရွာသွန်းနေပြီဖြစ်လို့ မိုးစပါးစိုက်ပျိုးခြင်းမပြုမီ တောင်သူများ အစေ့ထုတ်ပြောင်း စိုက်ပျိုးရန်ဆောင်ရွက်နေကြောင်း သီပေါမြို့နယ်မှ ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

---

## တရုတ်နယ်စပ်နဲ့ ထိုင်းနယ်စပ်မှ သီဟိုဠ်စေ့ ၁၇ တန်ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်မှ ဇူလိုင် ၁ ရက်မှ ၇ ရက်ထိ သီတင်းပတ် အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၁ တန်ကျော်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၆ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ခြောက်တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့လာတာ တွေ့ရပါတယ်။

မြဝတီ ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ် သီဟိုဠ်စေ့အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉ သန်း တန်ဖိုးရှိ မြေပဲဆန်၊ ငရုတ်သီးခြောက်၊ ငါးမျိုးစုံ၊ နှမ်းနက်၊ ကဏန်း၊ ကင်းမွန်၊ ချင်းခြောက်၊ မတ်ပဲ၊ မာဘယ်လ်ကျောက်တို့ကို ၇၃၁ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

---

## အိန္ဒိယနယ်စပ်မှ ငရုတ်ကောင်း ၁၀ တန်ကျော် တင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁ ရက်မှ ၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၉ သန်း တန်ဖိုးရှိ ငရုတ်ကောင်း ၁၀ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ တင်ပို့လာတာကို တွေ့ရပါတယ်။ တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၈ သန်း တန်ဖိုးရှိ ငရုတ်ကောင်း ရှစ်တန်နီးပါး၊ တမူး ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းတန်ဖိုးရှိ ငရုတ်ကောင်းသုံးတန်ကို အိန္ဒိယနိုင်ငံသို့တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ငရုတ်ကောင်းအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၇ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၆၀၀ နီးပါး၊ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်း တန်ဖိုးရှိ ပဲပုပ်စေ့ နှစ်တန်ခွဲ၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၄ သန်း တန်ဖိုးရှိ ကွမ်းသီး ၂၇ တန် ကျော်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်းတန်ဖိုးရှိ စီးကရက် နှစ်တန်ကျော်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၆ သန်းတန်ဖိုးရှိ နန့်ဖာလုံ အမယ်စုံတို့ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

---

# အူရီဒူးမြန်မာမှ UNOPS နှင့်ပူးပေါင်း၍ ပဏာမကျန်းမာရေးကွန်ရက် ဆောက်လုပ်ရန် တောင်ကြီးမြို့တွင် ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကျင်းပ

မြန်မာနိုင်ငံတစ်ဝန်းတွင်ဆောက်လုပ်မည့် အခြေခံကျန်းမာရေးကွန်ရက်အဆောက်အဦ ၁၇ ခုအနက် တောင်ကြီးမြို့တွင် ဆောက်လုပ်မည့်ကွန်ရက်အဆောက်အဦအတွက် ပန္နရိုက်မင်္ဂလာအခမ်းအနားကို တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာတွင် ဇူလိုင် ၄ ရက်ကကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါကွန်ရက်များကို တည်ဆောက်ရန်အတွက် အူရီဒူးမြန်မာက အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်း ကူညီပေးခဲ့ပြီး UNOPS Myanmar နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး စသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးရှစ်ခုတွင် အခြေခံကျန်းမာရေးကွန်ရက် အဆောက်အဦများအား ဆောက်လုပ်ပေးခြင်းဖြင့် ကျန်းမာရေး ဝန်ဆောင်မှု ရရှိနိုင်ပြီး ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး တိုးတက်လာခြင်းကြောင့် အဆိုပါဒေသများရှိ လူဦးရေ ၉၀၀၀၀ ကျော်အား ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှု၏ အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း လိုအပ်ချက်ရှိသည့်နေရာများတွင် အဆိုပါ ကျန်းမာရေးကွန်ရက်အဆောက်အဦ ၁၇ခု ဆောက်လုပ်ရန်အတွက် နေရာရွေးချယ် သတ်မှတ်ပေးခြင်းကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အဦတိုင်းတွင် ကလေးမီးဖွားခန်း၊ မွေးကင်းစ ကလေးငယ်နှင့် ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှု၊ ကူးစက်လွယ်ရောဂါများကို ကာကွယ်ပေးခြင်း စသည့်ဝန်ဆောင်မှုများကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အရေးပေါ်အခြေအနေများတွင်အသုံးပြုရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်နှင့် မိုးရေသိုလှောင်ရန် ရေလှောင်ကန်တို့ကို ထားရှိသည်။ အဆောက်အဦတိုင်းတွင် စွန့်ပစ်ပစ္စည်းများ ထားရှိရန်နေရာ၊ ဖျက်ဆီးရန်နေရာနှင့် ဆေးသိုလှောင်ရန်နေရာ စသည်တို့ ပါဝင်မည်ဖြစ်သည်။

အခြေခံ ကျန်းမာရေးကွန်ရက်အဆောက်အဦများ ဆောက်လုပ် ပြီးစီးသည့်အခါတွင် အူရီဒူးမြန်မာအနေဖြင့် အင်တာနက်ကွန်ရက်များ ချိတ်ဆက်ပေးခြင်းဖြင့်လည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို ပေးအပ်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါသည်။

**မယ်သီတာ**

---

# ကုန်သွယ်ရေးစခန်းများမှရော ပင်လယ်ရေကြောင်းမှပါ ရော်ဘာတင်ပို့မှုလျော့ကျ

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၄ သန်း တန်ဖိုးရှိ ရော်ဘာ ၃၀၁ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၁၇ တန်၊ RSS 5 အမျိုးအစားတန် ၇၀ နဲ့ MSR 20 အမျိုးအစား ၁၀၉ တန်ကျော် တင်ပို့ခဲ့ပြီး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 အမျိုးအစား ၁၀၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၁၄၉၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၈၉ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန်လျှင် ကျပ် ၁၉ ဒသမ ၄၁ သိန်းရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းလဲကြောင်း သိရပါတယ်။ RSS 5 ကတော့တစ်တန်ကို ကျပ် ၁၈ ဒသမ ၄၅ သိန်းရှိပြီး ယခင်တစ်ပတ်ထက်တစ်တန်ကို ၃၈၀၆ ကျပ်ဈေးတက်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင် ၂ ရက်မှ ၈ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၆၆၁၇၂၀ တန်ဖိုးရှိ ရော်ဘာ ၄၇၇ တန်ခန့်ကို ဂျပန်၊ တောင်ကိုရီးယားနဲ့ မလေးရှားနိုင်ငံများသို့တင်ပို့ခဲ့ပြီး၊ ဂျပန်နိုင်ငံသို့ MSR 20 ၁၉၆ တန်၊ ကိုရီးယားနိုင်ငံသို့ MSR 20 ၁၀၁ တန်ခန့်၊ မလေးရှားနိုင်ငံသို့ RSS 3 တန် ၈၀နဲ့ MSR 20 တန်၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ရော်ဘာအဆင့်စုံ ၅၂၃ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၄၆ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးကျပြီး MSR အမျိုးအစားမှာ အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် မြန်မာ့ရော်ဘာဈေးကိုလည်း RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးချပြီး MSR ကို ယခင်တစ်ပတ်အတိုင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၅၅၀-၁၆၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၉၅၀-၂၀၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

## 14th Hitachi Young Leaders Initiative ဆွေးနွေးပွဲ ကျင်းပ

(၁၄)ကြိမ်မြောက် Hitachi Young Leaders Initiative ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာတွင် ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ယခုကျင်းပသည့် Hitachi Young Leaders Initiative ဆွေးနွေးပွဲတွင် Sustainable Urbanization through Collaborative Creation ဟူသည့်ခေါင်းစဉ်အောက်တွင် ခေါင်းစဉ်ငယ်လေးများဖြင့် ဆွေးနွေးခဲ့ကြပြီး အရှေ့တောင်အာရှဒေသမှ စမတ်စီးတီးများ၏ တန်ဖိုး၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့် မြို့တော်များနှင့် မြို့ပြသယ်ယူပို့ဆောင်မှုကို ထိန်းသိမ်းခြင်းတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲ၏ ပထမနေ့တွင် ခေါင်းစဉ်ခွဲဖြစ်သည့် The Value of Smart Cities for Southeast Asia ကို ဆွေးနွေးခဲ့ကြပြီး ဒုတိယနေ့တွင် Sustainable Urban Transportation နှင့် Environmentally Sustainable Cities တို့ကို ဆွေးနွေးခဲ့ကြသည်။ တတိယနေ့တွင် 14th HYLI သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့်မြန်မာနိုင်ငံရှိ UN Habitat ရုံးများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲ၏ နောက်ဆုံးနေ့တွင်လူငယ်ကိုယ်စားလှယ်များသည် အုပ်စုတစ်စုစီခွဲ၍ ရန်ကုန်မြို့၏ လက်ရှိအမှိုက်စွန့်ပစ်မှုစနစ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး လုပ်ဆောင်ရမည့်စနစ်များကို တင်ပြခဲ့ကြကြောင်း သိရသည်။

HYLI မှ လူငယ်ကိုယ်စားလှယ်များ၏ ယူဆချက်များကိုစက္ကူဖြူစာတမ်းအဖြစ် ထုတ်ဝေမည်ဖြစ်ပြီး စီးပွားရေး လုပ်ငန်းဆိုင်ရာကဏ္ဍ၊ အစိုးရနှင့် ပညာရေးကဏ္ဍတို့တွင် သုံးသပ်နိုင်ရန်အတွက် မျှဝေသွားမည်ဖြစ်ကြောင်းသိရသည်။

ဟီတာချီအာရှလီမိတက်၏ ဥက္ကဋ္ဌဖြစ်သူ Mr. Kojin Nakakita က "ကျွန်တော်တို့ဟာ HYLI အခမ်းအနားတိုင်းမှာ ဒေသတွင်းက ကျော်ကြားတဲ့ ခေါင်းဆောင်တွေရဲ့ ထောက်ပံ့မှုကို ရရှိနေတဲ့အတွက် အလွန်ဝမ်းသာပြီး ကျေနပ်အားရမိပါတယ်။ ဒီနှစ်အခမ်းအနားရဲ့ အဓိကခေါင်းစဉ်ကတော့ ပူးပေါင်းဖန်တီးမှုတွေကတစ်ဆင့် မြို့ပြထိန်းသိမ်းမှုအတွက် ဘယ်လိုဆောင်ရွက်မလဲဆိုတာဆွေးနွေးဖို့ဖြစ်ပါတယ်။ အစိုးရပိုင်းဆိုင်ရာ၊ စီးပွားရေးနဲ့ ပညာရေးပိုင်းဆိုင်ရာ ကဏ္ဍတွေက ကျွန်တော်တို့နဲ့ ရည်ရွယ်ချက်တူညီတဲ့ ခေါင်းဆောင်တွေနဲ့ အတူ လူ့အဖွဲ့အစည်းရဲ့စိန်ခေါ်မှုတွေကို ဖြေရှင်းပေးနိုင်မယ့် နည်းလမ်းတွေကို ယူဆောင်ပေးနိုင်အောင် အတူတကွ အလုပ်လုပ်ဖို့အတွက်လည်း စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

# ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဇူလိုင်လလယ်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သုံးထောင်ကျော်စီးဝင်ခဲ့

၂၀၁၇-၁၈ဘဏ္ဍာနှစ် ဇူလိုင်လလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၁၇ ဒသမ ၂၉၃သန်းရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ်(၁၀/၂၀၁၇)အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၁၆ ဒသမ ၅၉၃ သန်းနှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၇၁၅၅ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ခွင့်ပြုလုပ်ငန်း ၂၇ ခုမှာ စက်မှုကဏ္ဍတွင် ၁၄ခု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် နှစ်ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် တစ်ခု၊အခြားဝန်ဆောင်မှုကဏ္ဍလုပ်ငန်းခုနစ်ခု၊ အိမ်ရာ အဆောက်အအုံ တည်ဆောက်မှုဖွံ့ဖြိုးမှုကဏ္ဍနှစ်ခုနှင့် စိုက်ပျိုးရေးကဏ္ဍလုပ်ငန်းတွင် တစ်ခုတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခုအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၂ အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်း ၁၁ ခုရှိပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်းမှာ ခုနစ်ခုနှင့်အတည်ပြုမိန့်ထုတ်ပေးခဲ့သည့်လုပ်ငန်းမှာ ကိုးခုဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုးခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၂ ဒသမ ၇၅၈ သန်း အပါအဝင် ကျပ် ၃၃၇၄၄၂ ဒသမ ၅၆၀ သန်းရှိခဲ့ပြီး ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၂၅ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ခွင့်ပြုခဲ့သည့် လုပ်ငန်းကိုးခုမှာ စက်မှုကဏ္ဍတွင် နှစ်ခုအိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတွင် နှစ်ခု၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကဏ္ဍတွင်တစ်ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် တစ်ခု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် နှစ်ခုနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် တစ်ခုတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခုအနက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၃ အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်းငါးခုဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆အရ ခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းတစ်ခုနှင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဇူလိုင်လလယ်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၉၃ ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၆၈ ဒသမ ၅၂၅ သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၉၈၉ ဒသမ ၈၁၃ သန်း စီးဝင်ခဲ့ကြောင်း သိရသည်။

၂၀၁၇-၁၉ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၄၈သန်းခွင့်ပြုခဲ့သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၁၇ ဒသမ ၂၉၃သန်းစီးဝင်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဇူလိုင်လလယ်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၃၃ ခုကို ခွင့်ပြုပေးခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၉၆ ဒသမ ၈၇၃ သန်း အပါအဝင် ကျပ် ၈၃၉၁၈၀ ဒသမ ၀၂၃ သန်းဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု မမာဏ ကျပ် ၈၃၉၂၉၃ ဒသမ ၄၂၃ သန်းစီးဝင်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော Myanmar Employer Award ဆုကို ရွေးချယ်ချီးမြှင့်မည်

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော Myanmar Employer Award ဆုကို JobNet.com.mm က ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း ဇူလိုင် ၁၃ ရက်က ဆူးလေရှန်ဂရီလာ၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါဆုကို မြန်မာနိုင်ငံရှိ ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအား ရွေးချယ်အကဲဖြတ်မည့် ပြည်တွင်း/ပြည်ပမှ ကျွမ်းကျင်ပညာရှင်ကိုးဦးပါဝင်သည့်အဖွဲ့က ရွေးချယ်ပေးကြမည်ဖြစ်သည်။ အဆိုပါအဖွဲ့တွင် စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က အကဲဖြတ်ဒိုင်လူကြီးအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်ပြီး Deloitte Myanmarကလည်း Verifying Partner အဖြစ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ချီးမြှင့်သွားမည့် ဆုအမျိုးအစားများမှာ An Overall Best of the Best, People's Choice Award, Best Learning & Development, Excellent in Workplace Envinment, Best Use of Inernal Marketing for Company Pride, Best Carrer Advencement Program နှင့် Best Use of Rewards & Recognition စသည့်ဆုများဖြစ်ကြောင်း သိရသည်။

အဆိုပါဆုကို လျှောက်ထားလိုသည့် ကုမ္ပဏီများအနေဖြင့် ဇူလိုင် ၂၈ ရက်မှစတင်ကာ စာရင်းပေးသွင်းနိုင်ပြီး စက်တင်ဘာ ၁၅ ရက်အထိ စာရင်းပေးသွင်းနိုင်ကြကြောင်း သိရသည်။




ဆန်ကာတင်ဆုရရှိသူများ၏ အမည်စာရင်းကို အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၂၄ ရက်တွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Jobnet.com.mm မှ မန်နေးဂျင်း ဒါရိုက်တာဖြစ်သူ Mr. Matt De Luca က "Myanmar Employer Awards ပွဲဟာ နိုင်ငံတွင်းရှိ ပြည်တွင်းပြည်ပမှလုပ်ငန်းများ၊ အစိုးရပိုင်းမှပုဂ္ဂိုလ်ကြီးများနဲ့ Community တစ်ခုလုံးကြားမှာ မြန်မာနိုင်ငံ တိုးတက်မှုအရှိန်အဟုန်နှင့် စီးပွားရေးအကျိုးအမြတ်ရရှိနိုင်မှုများ ပိုမိုကောင်းမွန်အောင် မောင်းနှင်နိုင်ရန်အတွက် Talent Management ရဲ့ အရေးပါမှုကို သိရှိလာစေမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

# Thailand Lighting Fair 2017 ကုန်စည်ပြပွဲကို ထိုင်းနိုင်ငံတွင် ကျင်းပသွားမည်

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BITEC တွင် Thailand Lighting Fair 2017 ကို ပြသသွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၃ ရက်က UMFCCI တွင် ကျင်းပခဲ့သည့် ဆွေးနွေးပွဲမှ သိရသည်။

ထိုင်းနိုင်ငံတွင်ပြသမည့် အဆိုပါကုန်စည်ပြပွဲနှင့်ပတ်သက်၍ ထိုင်းနိုင်ငံသံရုံး စီးပွားရေးသံမှူး မစ္စတာဖကိုင်နေလိန့်အိက "ပြသတော့မယ့် Thailand Lighting Fair 2017 ဟာ နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများအတွက် ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာနဲ့ထိုင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနက်ရှိုင်းစေသည့်အပြင် ထိုင်းနိုင်ငံပြပွဲမှတစ်ဆင့် အခွင့်အလမ်းသစ်များအတွက် အကျိုးစီးပွားများဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ အသင်းအဖွဲ့အလိုက် ဆွေးနွေးပွဲများသည် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍတို့အတွက် အကျိုးကျေးဇူးများဖြစ်ပေါ်စေနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ Thailand Lighting Fair 2017 ပြပွဲ၏ အကြိုအဖြစ် ရန်ကုန်မြို့ရှိ UMFCCI မင်္ဂလာခန်းမတွင် Smart Technology For Smart City Safe City ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကိုကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ BIETC တွင် နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ပြသသွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲကို ထိုင်းနိုင်ငံ Provincil Electricity Authority of Thailand(PEA) ၊ မက်ဆီဖရန့်ဖတ်နှင့် The EXhibiz Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## Taiwan Agriculture Week 2017 သို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များပါဝင်ပြသနိုင်

တရုတ်(တိုင်ပေ) KaohsiungExhibition Center တွင် နိုဝင်ဘာလ ၉ ရက်မှ ၁၁ရက်အထိ ကျင်းပမည့် Taiwan Agriculture Week 2017 သို့မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များပါဝင် ပြသနိုင်ကြောင်းသိရှိရပါသည်။ အဆိုပါပြပွဲသည် စိုက်ပျိုးရေးထုတ်ကုန်များ၊ စက်ကိရိယာပစ္စည်းများ၊စိုက်ပျိုးရေးနည်းပညာများနှင့်ဥယျာဉ်ခြံမြေစိုက်ပျိုးရေး အတတ်ပညာများကိုအဓိကပြသသည့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုစိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုပလက်ဖောင်းတစ်ခုဖြစ်ကြောင်းနှင့်ပြခန်းဈေးနှုန်းများမှာ(၁) USD 2310 Upgraded Shell Scheme (9 sqm) (၂) USD 2100 Space Only (9sqm) တို့ဖြစ်ကြောင်း ပွဲစီစဉ်ဆောင်ရွက်သူထံမှပေးပို့လာသောအီးမေးလ်အရသိရှိရပါသည်။

ထို့ကြောင့်အဆိုပါပြပွဲသို့ သွားရောက်ပြသရန် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအနေဖြင့် Stenly Yonardi, email: stenly_yonardi@myexhibition.com.tw သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်သကဲ့သို့ ပြပွဲ၏တရားဝင်ဝက်ဘ်ဆိုက်လိပ်စာဖြစ်သော http://www.taiwanagriweek.com/တွင်လည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ကောင်းထွဋ်အောင်** (MTC)

## မကွေးမြို့၊ ရန်ပယ်(၂၅)လမ်းရှိ မုန့်မျိုးစုံလက်ကားဆိုင်ကြီးတွင် ရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများအား မကွေးခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ရှောင်တခင်ကွင်းဆင်းစစ်ဆေး

မကွေးခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များသည် မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာကုန်စုံဆိုင်များနှင့် ကျောင်းမုန့်ဈေးတန်းသို့ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသည့် ရန်ပယ်(၂၅)လမ်းရှိ ဦးမြင့်သိန်း မုန့်မျိုးစုံ ရောင်းဝယ်ရေးဆိုင်သို့ ဇူလိုင်လ ၅ ရက်တွင် ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့စစ်ဆေးရာတွင် မြို့နယ်အတွင်းထုတ်လုပ်သည့် မုန့်အများစုမှာ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၈ (ဂ)တွင် ဖော်ပြထားသည့်အချက်များ ပါဝင်ခြင်းမရှိသည့်အတွက် ဒေသတွင်းလုပ်ငန်းရှင်များသို့ ဥပဒေပါအချက်များ ထည့်သွင်းနိုင်ရေးအဖွဲ့မှ အသိပေး ဆွေးနွေးသွားနိုင်ရန်အတွက် ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၏ လိပ်စာအပြည့်အစုံအားတောင်းယူခဲ့ကြောင်း၊ လက်ကားဖြန့်ဖြူးသူ လုပ်ငန်းရှင်ကလည်း ဥပဒေ ပုဒ်မ၈(ဂ)တွင် ဖော်ပြထားသည့် အချက်များ ပါဝင်ခြင်းမရှိသည့် မုန့်များ၊ စားသောက်ကုန်များအား ရောင်းချခြင်းမပြုရန် ပုဒ်မ ၁၉(က)အရ ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ပြီး နောက်တစ်ကြိမ် စစ်ဆေးတွေ့ရှိပါက ဖြန့်ဖြူး ရောင်းချခွင့်လိုင်စင် ရက်အကန့်အသတ်ဖြင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေး ဆွေးနွေးခဲ့ပါသည်။ အဆိုပါ လက်ကားဆိုင်တွင် မန္တလေးမှ မှာယူရောင်းချသည့် ဥပဒေ ပုဒ်မ၈(ဂ)အရ သတင်းအချက်အလက် ဖော်ပြထားခြင်းမရှိသည့် တရုတ်နိုင်ငံမှ ထုတ်လုပ်သည်ဟုယူဆရသော ပီကေသကြားလုံးများ၊ ဝေဖာချောင်းများ၊ ဝေဖာလုံးများအား တွေ့ရှိရသည့်အတွက် ဈေးကွက်အတွင်း ဖြန့်ဖြူး ရောင်းချခြင်းမပြုစေဘဲ မူလတင်ပို့သည့်နေရာသို့ ပြန်လည်ပေးပို့ရန် မှာကြားခဲ့ပါသည်။

မကွေးခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အနေဖြင့် ရပ်ကွက်ကျေးရွာ ကုန်စုံဆိုင်နှင့် ကျောင်းမုန့်ဈေးတန်းများတွင် အများဆုံးရောင်းချနေသည့် ကလေးအများစုစားသုံးသည့် မုန့်မျိုးစုံ ရောင်းချသည့် လက်ကားဆိုင်များသို့ တစ်ပတ်တစ်ကြိမ် ရှောင်တခင်ကွင်းဆင်းစစ်ဆေး ခြင်း၊ ပုဒ်မ ၁၉ အရ အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စန္ဒာစိုးလွင်(မကွေး)**

## ပုသိမ်မြို့ သစ်တောဦးစီးဌာနတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ နည်းစနစ် သင်တန်း ပြုလုပ်

ပုသိမ်မြို့၊ သစ်တောဦးစီးဌာနပိုင် ကန်သုံးဆင့်တွင် " ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှု လေ့ကျင့်ရေးပညာပေးရေးဌာန"(မော်ဘီ) သင်တန်းကျောင်းရှိ သင်တန်းဆရာများက တိုင်း အတွင်းရှိ သစ်တောနယ်မြေများတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ဆိုင်ရာ နည်းစနစ်သင်တန်းကို တိုင်းအတွင်း မြို့နယ်များရှိ သင်တန်းသား ၅၀ ဦးအား ဇူလိုင် ၃ ရက်နေ့မှ ဇူလိုင် ၇ ရက်ထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူ အစုအဖွဲ့များအနေဖြင့် သစ်တော လုပ်ငန်းအကြောင်းများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် သစ်တောရှိမှသာ မုန်တိုင်းဒဏ်၊ ရာသီဥတုဒဏ်တို့ကို ကာကွယ်ပေးနိုင်မှာဖြစ်ပြီး သစ်တော သစ်ပင်များအား စည်းကမ်းမဲ့အသုံးပြု၍ သစ်တောများပျက်စီးပါက နောက်ဆက်တွဲ ဆိုးကျိုးများကို ခံစားရမှာဖြစ်သည့်အတွက် သစ်တော၊ သစ်ပင်ဆိုင်ရာ အခြေခံအချက်အလက်များ ဖြည့်ဆည်းပေးရန်၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိ၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းမှာ သစ်တောမူဝါဒနှင့် ပြည်သူတို့၏ အခန်းကဏ္ဍ၊ သစ်တောများမှ ပေးသော အကျိုးကျေးဇူးများ၊ သစ်တောတည်ထောင်ခြင်း လုပ်ငန်းအဆင့်ဆင့်၊ သီးနှံ သစ်တော ရောနှောစနစ်၊ သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်၊ စီမံချက်၊ ပျိုးဥယျာဉ် တည်ထောင်ခြင်း၊ သစ်တော သယံဇာတစာရင်း ကောက်ယူခြင်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ပြည့်ပြည့်စုံစုံ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ရန်ကုန်ကားဈေးကွက် အရောင်းအဝယ် အနည်းငယ်လှုပ်ခတ်လာ

ယခုလလယ်ပိုင်း ရန်ကုန်မြို့ ကားဈေးကွက်၏ အခြေအနေမှာ အကောင်းကြီးဟု မဆိုနိုင်သော်လည်း ယခင် ရက်သတ္တပတ်များနှင့် နှိုင်းယှဉ်ပါက အရောင်းအဝယ်များ ပြန်ဖြစ်လာပြီး ဈေးကွက်လှုပ်လှုပ်ရှားရှားဖြစ်လာကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက် လှုပ်ခတ်လာသဖြင့် အပ်နှံရန် ညွှန်ကြားထားသည့် သတ်မှတ်သက်တမ်းလွန် ဘတ်(စ်)ကားများ၏ စလစ်များဈေးကွက်အတွင်း မရောက်ရှိသေးသောကြောင့်လည်းကောင်း၊ စလစ်ဈေးတန်းများလည်း အကျဘက်သို့မရောက်ရှိတော့ဘဲ သိန်းတစ်ရာကျော်ဖြင့် အတက်ဘက်သာ ဦးတည်လျက်ရှိနေကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်ကပြောသည်။

လတ်တလောဈေးကွက်အတွင်း စလစ်ဈေးများ အတက်ဘက်သို့ ဆက်လက်ဦးတည်နေပြီး ယင်းသို့ဖြစ်ရခြင်းမှာ မျှော်မှန်းသည့်စလစ်များ ဈေးကွက်တွင်းမရောက်ရှိသေးသဖြင့် ယခုကာလအတွင်း ပြင်ပတွင်ပျံ့နှံ့နေသော အတည်မပြုနိုင်သေးသည့်အကြား သတင်းများအရ ကားလေးများ၊ စလစ်ကပ်ကားများ လိုအပ်ချက် ပြန်လည်ထွက်ပေါ်လာပြီး လိုက်လံဝယ်ယူနေမှုကြောင့်ဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ် ရောင်းများက ခန့်မှန်းပြောကြားသည်။

အကြားသတင်းများလည်း ဈေးကွက်အတွင်း အတော် ပျံ့နှံ့နေပြီး ထိုသတင်းများမှာ အတည်ပြုနိုင်ခြင်း မရှိသေးသော်လည်း ထိုသတင်းအား အခြေပြုကာ ကားဈေးကွက်ဖော်ဆောင်သလိုဖြစ်နေသဖြင့် ထိုသတင်းများအရပင် ရန်ကုန် ကားဈေးကွက်ပြန်လည်လှုပ်ခတ်လာခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

ယခုအခါ ဈေးကွက်ထဲတွင် စလစ်ဈေးတန်းထိပ်ဆုံးရှိသည်မှာ အငှားယာဉ် (တက္ကစီ) စလစ်ပင်ဖြစ်ပြီး သိန်း ၁၁၀ ခန့် ရှိကာ၊ အငှားယာဉ်ဈေးကွက်လည်း လိုက်လံမြင့်တက်နေကြောင်း၊ နှစ်ဆန်းပိုင်းက သိန်း ၁၄၀ ခန့်သာ ပေးရသော ၂၀၀၀ ခုနှစ် မော်ဒယ်ကာလ်ဒီးနား စီအန်ဂျီသုံး အငှားယာဉ်မှာ ယခုအခါ ပေါက်ဈေး သိန်း ၁၈၀ ခန့်ဖြစ်လာကြောင်း၊ ဈေးမြင့်လာသော်လည်း လုပ်ငန်းလိုအပ်ချက်အရ အဝယ်ရှိကြောင်း အငှားယာဉ်သာ သီးသန့်ကိုင်တွယ်ရောင်းချသူ ဝါရင့်ဝယ်ရောင်းဦးစိန်က ပြောသည်။ လတ်တလောအနေဖြင့် မိုးများသော လများရောက်ရှိနေသဖြင့် ဖိုးဝီးလ်ဝက်ဂွန် များမှာ စလစ်ကပ်ကားများထဲတွင် ထိပ်ဆုံးမှရှိနေပြီး၊ နယ်အဝယ်သာမက ရန်ကုန်အဝယ်ပါရှိနေကာ ဈေးတန်းသိန်း ၂၅၀ မှ ၃၀၀ ကြား၊ သိန်း ၃၀၀ နှင့် ၃၅၀ ဈေးတန်းရှိ ကလူဂျာ၊ အာလ်ဖတ်၊ ဆာ့ဖ်မော်ဒယ်နိမ့်များအလုပ်ဖြစ်လာကြောင်း သိရသည်။ ကားလေးထဲမှာဆိုလျှင်လည်း နယ်လိုင်စင်အသစ် နီးပါးကောင်းမွန်ပြီး ကီလိုနည်းကားလေးများ သိန်း ၁၆၀ မှ ၁၇၀ ဝန်းကျင်ရောင်းလာရပြီး ရန်ကုန်လိုင်စင်ကားလေးများ အကွာရာနိမ့်တန်းကျပ်သိန်း ၁၅၀ မှ ၁၆၀ ဝန်းကျင်အဝယ်ရှိကြောင်း သိရသည်။

SN

## ဟသ္တာတမြို့နယ်ရှိ အ.ထ.က ကျောင်းသုံးကျောင်းနှင့် အ.လ.က ကျောင်းတစ်ကျောင်းတို့တွင် ကျောင်းမုန့်ဈေးတန်းများစစ်ဆေး

ဟသ္တာတခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်နှင့် အဖွဲ့သည် ဇူလိုင်လ ၅ ရက်တွင် ဟသ္တာတမြို့ အခြေခံပညာ အထက်တန်းကျောင်း အ. ထ. က (၁)၊ အ. ထ. က (၃)၊ အ. ထ. က (၅)နှင့် အခြေခံပညာ အလယ်တန်းကျောင်း၊ အ. ထ. က (၃) ကျောင်းတို့တွင် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ရာ အ. ထ. က (၁) တွင် ၁၀ ဆိုင်၊ အ. ထ. က (၃) တွင် ငါးဆိုင်၊ အ. ထ. က (၅) တွင် ငါးဆိုင်၊ အ. ထ. က (၃) တွင် သုံးဆိုင် စုစုပေါင်း ၂၃ ဆိုင်တို့အား ရက်လွန်မုန့်များ၊ မှို တက်မုန့်များ ရောင်းချခြင်းရှိ/မရှိ၊ FDA မှ တားမြစ်ထားသော မုန့်များရောင်းချမှု ရှိ/မရှိ၊ တားမြစ်ဆိုးဆေးများသုံးစွဲထားသော မုန့်များရောင်းချမှု မရှိစေရေးနှင့် မုန့်များကို ကိုင်တွယ်ရောင်းချရာတွင် ရောင်းချကုန်အလိုက် လက်အိတ်အသုံးပြုခြင်း၊ သန့်ရှင်းစွာထားရှိခြင်း၊ ကျောင်းဈေးတန်းဝန်းကျင် သန့်ရှင်းမှုရှိစေရေး၊ ကျောင်းဈေးတန်းရောင်းချသူများ ကျန်းမာရေး စစ်ဆေးချက်ထားရှိမှုများနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုစိုက်ရန်တို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာ အဖွဲ့များနှင့်အတူ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပီအာဗီ (၂၀၀၇) | ယာယီ | ၄၈၀ သိန်း | 2.4 ဓာတ်ဆီ |
| ၂။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၇၀ သိန်း | 1.8 ဓာတ်ဆီ |
| ၃။ | အာအေဗီ (၄) (၂၀၀၅) | 5J | ၃၅၀ သိန်း | 2 .4 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဂျူကီ (နီဆန်း) (၂၀၁၁) | ယာယီ | ၃၅၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ကာလ်ဒီးနား (၂၀၀၃) | 5I | ၁၈၀ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | ကလူဂျာ (၂၀၀၅) | 9M | ၃၈၅ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | ကလူဂျာ (၂၀၀၂) | 9H | ၂၉၅ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | အာလ်ဖတ် (၂၀၀၃) | 5E | ၃၇၅ သိန်း | 2.4 ဓါတ်ဆီ |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၉၅ သိန်း | |

# မြိတ်မြို့နယ်နှင့်ပုလောမြို့နယ်တို့တွင် စားသောက်ကုန်များအား ကွင်းဆင်း၍ Mobile Lab Van ဖြင့် ဓာတ်ခွဲစမ်းသပ်

တနင်္သာရီတိုင်းဒေသကြီး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးတာဝန်ခံ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြိတ်ခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြိတ်ခရိုင် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ၊ သတင်းမီဒီယာများသည် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဇူလိုင်လ ၃ ရက်တွင် မြိတ်မြို့ပေါ်ရှိ အောင်မင်္ဂလာဈေးနှင့် ဆိပ်ငယ်ဈေးကြီးတို့တွင် ရောင်းချနေသော စားသောက်ကုန်၊ အလှကုန်ဆိုင်များ၊ ရပ်ကွက်တစ်ခုအတွင်းရှိ ငွေးငါးပိ လက်ကားဒိုင်တစ်ခု၊ ကုန်မျိုးစုံရောင်းချနေသော အလှကုန်ဆိုင်ကြီးတစ်ဆိုင်တို့သို့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ သွားရောက်ခဲ့သည်။ ထို့နောက် စားသောက်ကုန်များ၊ အလှကုန်များအား နမူနာ ကောက်ယူပြီး Mobile Lab Van ဖြင့် ချက်ချင်းဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ရာသုံးစွဲရန်မသင့်ကြောင်း၊ ကြော်ငြာထားသည့် အလှကုန်အမျိုးအစား ရှစ်မျိုးမှ အရေအတွက် ၃၇ ဗူးအား စစ်ဆေးတွေ့ရှိရ၍လည်းကောင်း၊ ခွင့်မပြုဓာတုဆိုးဆေး သုံးစွဲထားသော ငွေးငါးပိ၃၆၃ပိဿာကိုလည်းကောင်း သိမ်းဆည်းဖျက်ဆီးခဲ့ပါသည်။

အလားတူ ဇူလိုင်လ ၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှတိုင်းဒေသကြီးတာဝန်ခံ၊ မြိတ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပုလောမြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလောမြို့မဈေးကြီးအတွင်းရှိ စားသောက်ကုန်များကို နမူနာယူ၍ Mobile Lab Van ဖြင့် ချက်ချင်းစမ်းသပ်စစ်ဆေးခဲ့ရာ ခွင့်မပြု ဓာတုဆိုးဆေးသုံးစွဲထားသော ငွေးငါးပိပိဿာ ၁၆၀ ကို တွေ့ရှိရ၍ သိမ်းဆည်းဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

ထို့ပြင် မြိတ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးမျိုးအေးနှင့်ဝန်ထမ်းများသည် ဇွန်လ ၃၀ ရက်က မြိတ်မြို့ အင်းလေးကမ်းရပ် မူလတန်းလွန်ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ ကျောင်းကော်မတီ၊ တာဝန်ခံနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၈၂ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ညိုညိုစန်း(မြိတ်)**

## ရန်ကုန်တိုင်းဒေသကြီးတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာဖွင့်လှစ်

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဇွန်လ ၁ ရက်က စားသုံးသူ သတင်းပြန်ကြား ရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ(Consumer Information And Complaint Center -CICC) ရုံးကို ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ဒုတိယထပ်တွင် ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) သည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား အချိန်တိုအတွင်း ထိရောက်အောင်မြင်မှုရရှိရေး၊ စားသုံးသူ ပြည်သူများ ယုံကြည်ကိုးစားမှုရရှိရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

စားသုံးသူပြည်သူများအနေဖြင့် ထုတ်လုပ်/ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များကိုထိခိုက်စေလိုသည့် ရည်ရွယ်ချက်ဖြင့်တိုင်ကြားခြင်းမျိုး မဟုတ်ဘဲ အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများ ၊ ဝန်ဆောင်မှုများကို ဝယ်ယူ/စားသုံး/သုံးစွဲရာတွင်နစ်နာဆုံးရှုံးမှုရှိခဲ့လျှင် စားသုံးသူများကစာဖြင့်လည်းကောင်း၊လူကိုယ်တိုင်သော်လည်းကောင်း တိုင်ကြားလာမှုများကို လွယ်ကူစွာ မြန်မြန်သိရှိပြီး ဆုံးရှုံးနစ်နာခဲ့မှုများကို မြန်ဆန်စွာကုစားပေးနိုင်ရန်၊ အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ စားသုံးသူများရရှိသင့်သည့် အခွင့်အရေးများရရှိစေရန်၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ အချိန်တိုအတွင်း လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်မှုများကို လုပ်ဆောင်ပေးရန်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ပေးနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးများကိုအရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးတွင် ဇွန် ၁ရက်ကလည်းကောင်း၊ အနောက်ပိုင်းခရိုင်ဦးစီးမှူးရုံးတွင် ဇွန်လ ၂၉ ရက်ကလည်းကောင်း၊ တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးတွင် ဇွန်လ ၃၀ ရက်က လည်းကောင်း၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးတွင် ဇွန်လ ၂၉ ရက်ကလည်းကောင်း ဖွင့်လှစ်ခဲ့ပြီးကြောင်း သိရှိရသည်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

## Vietnam Foodexpo 2017သို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များပါဝင်ပြသနိုင်

ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၊ Saigon Exhibition & Convention Centre ၌ နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပမည့်Vietnam Foodexpo 2017 သို့မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြားလာကြောင်း သိရှိရပါသည်။

ဗီယက်နမ်ကုန်သွယ်မှုမြှင့်တင်ရေးဌာန (VIETRADE) က လက်ခံ၍ ကြီးမှူးကျင်းပသွားမည့် Vietnam Foodexpo သည်ဗီယက်နမ်နိုင်ငံ၏ အကောင်းဆုံးထုတ်ကုန်များကိုထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့်ဗီယက်နမ်ရှေ့ဆောင် စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပို့ကုန်လုပ်ငန်းရှင်များကိုထူးထူးခြားခြားစုစည်းထားနိုင်သည့် အကောင်းဆုံးသော ရင်းမြစ်ဆိုင်ရာ ပလက်ဖောင်းတစ်ခုဖြစ်ပါသည်။

၂၀၁၅ခုနှစ်မှစတင်၍အောင်မြင်မှု ဆက်တိုက်ရရှိခဲ့ပြီး ၂၀၁၇ခုနှစ်တွင်ပြုလုပ်မည့်တတိယအကြိမ်မြောက် ကုန်စည်ပြပွဲတွင်ဗီယက်နမ်ရှေ့ဆောင် စားသောက်ကုန်ကုမ္ပဏီပေါင်း ၃၀၀ နှင့်နိုင်ငံပေါင်း ၁၅ နိုင်ငံကျော်မှအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းပေါင်း ၁၀၀ ခန့်ပါဝင်ပြသကြမည်ဟု သိရသည်။ အဆိုပါ ပြည်တွင်းပြည်ပအသီးသီးမှ ပြပွဲပြသသူများက ဗီယက်နမ်နှင့်အာရှနိုင်ငံများမှ အကောင်းဆုံးသော စိုက်ပျိုးရေးနှင့် စားသောက်ကုန်အမျိုးမျိုးကိုခင်းကျင်းပြသသွားမည်ဖြစ်သည်။ ထို့အပြင်ကုန်စည်ပြပွဲ၌ စားသောက်ကုန်ဝယ်ယူသူများအတွက် စဉ်ဆက်မပြတ် ရင်းမြစ်ရရှိနိုင်မည့် လုပ်ဖော်ကိုင်ဖက်များကို ရှာဖွေတွေ့ရှိနိုင်ပြီး ကာလရှည်အတွက် မဟာဗျူဟာမြောက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ဆောင်ချက် အများအပြားပါဝင်သည့်အပြင် အလည်အပတ်လာရောက်သူ တစ်ဦးချင်းလိုအပ်ချက်နှင့်ကိုက်ညီအောင် ဆောင်ရွက်ပေးမည့် tailor-made စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ရာ အချိန်ကုန် ငွေကုန်ရကျိုးနပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Vietnam Foodexpo 2017 သို့သွားရောက်ပြသလိုသော လုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုဗဟိုဌာန အမှတ် ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၅၄၀၂၄၊ ၀၁ ၂၅၄၀၂၃၊ Email: itpic.moc@gmail.com သို့လည်းလူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရပါသည်။

**ကောင်းထွဋ်အောင်** (MTC)

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၇-၇-၂၀၁၇ မှ ၂၃-၇-၂၀၁၇ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းဆောင်ရွက်ရာတွင် စိုးရွံ့စိတ်မထားဘဲ လျင်မြန်စွာဆောင်ရွက်တတ်သော သဘောရှိနေလိမ့်မည်။ အကျိုးတူစီးပွားရေးလုပ်ငန်းများမှ အောင်မြင်မှုရရှိလိမ့်မည်။ ဓာတ်သတ္တုပစ္စည်းများနှင့် ရွှေလုပ်ငန်းများအောင်မြင် ဖြစ်ထွန်းလိမ့်မည်။ ပညာရေးတွင် တီထွင်ကြံဆမှု ထူးချွန်နေတတ်သည်။ ကျန်းမာရေး ဂရုစိုက်သင့်သောနှစ်ဖြစ်ပါသည်။ ရာသီဥတုကြောင့် ဖောက်ပြန်သောခန္ဓာကိုယ်၏သဘောကြောင့်ရောဂါအနည်းငယ်ဖြစ်တတ်သည်။

**ယတြာ။ ။ တောက်ပသော အရောင်ကိုဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးနယ်ပယ်တွင် အောင်မြင်ကျော်စောမှုရှိနေမည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပိုမိုကောင်းမွန်နေမည်။ စီးပွားရေးလုပ်လျှင် ကိုယ်ပိုင်လုပ်ငန်းများနှင့် အကျိုးပေးတတ်ပါသည်။ ကျန်းမာရေးတွင် ကိုယ်ခံစွမ်းအားကောင်းမွန်နေမည်။ အစာအိမ်နှင့်ပတ်သက်သောဝေဒနာ အနည်းငယ် ခံစားရတတ်သည်။ နှလုံးသားရေးရာများ ခံစားချက် ပြင်းထန်လာတတ်သည်။ နားလည်မှု၊ အချစ်လွန်ကဲမှုကြောင့် စိတ်မချရဖြစ်နေတတ်သည်။

**ယတြာ။ ။အေးမြသောအရောင် ပုလဲ၊ ဂေါ်မုတ်ဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** မိမိကိုယ်ကို ယုံကြည်မှုပြင်းထန်နေမည်။ ထင်ရာစိုင်းနေတတ်သည်။ ဝါသနာပါမှု အားနည်းသော စီးပွားရေးလုပ်ငန်းတို့ကို လုပ်ကိုင်နေရတတ်သည်။ ငွေကြေးလုပ်ငန်းများတွင် သိုသိုသိပ်သိပ်နှင့် ကံဉာဏ်ဝီရိယပေါ်မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးလိုက်စားမှု လျော့နည်းနေခြင်းကြောင့် ဦးနှောက်အာရုံကြောနှင့် ပတ်သက်သော ရောဂါဝေဒနာခံစားရနိုင်သည်။

**ယတြာ။ ။ ပန်းရောင်၊ နှင်းဆီရောင်သုံးစွဲပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အရာရာတိုင်းမှာ ပညာဉာဏ်အတွေးအခေါ် ရှိရှိဖြင့် စကားအပြောအဆိုလိမ္မာ ကျွမ်းကျင်နေမည်။ စီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေသူများအတွက် ကံကောင်းမည့်အချိန်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံ သော ငွေကြေးကို ကြည့်၍ သင့်တော်မည့်စီးပွားရေးလုပ်ငန်းတို့ကို လုပ်ကိုင် ဆောင်ရွက်ရတတ်သည်။ ကျန်းမာရေးတွင် ပြင်းပြင်းထန်ထန်ခံစားရသော ရောဂါမရှိတတ်ပါ။ အချစ်ရေးကံကောင်းပြီး၊ အိမ်ထောင်ရေးအဆင်ပြေနေမည်။

**ယတြာ။ ။အေးမြသောအစိမ်းရောင်ဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ရင်းနှီးသောမိတ်ဆွေ အပေါင်းအသင်းများနှင့် စီးပွားရေးအလုပ်အကိုင် ဘဝရပ်တည်ရေးကိစ္စတို့ ပိုမို၍လုပ်ဖြစ်လာတတ်သည်။ သာမန် ဆက်ဆံရသော အသိုင်းအဝိုင်းနှင့်လည်း အဆင်မပြေမှု၊ စိတ်အနှောင့်အယှက် ဖြစ်စရာများ ကြုံရတတ်သည်။ သည်းခံဆောင်ရွက်မှု၊ ဇွဲရှိမှုကြောင့် ရေရှည်တွင် နားလည်သဘောပေါက်ပြီး လက်ခံကျေနပ်မှုရှိလာ တတ်ပါသည်။ ပညာရေး၊ ကျန်းမာရေးများ သင့်တင့်ကောင်းမွန်နေမည်။

**ယတြာ။ ။ မိုးပြာရောင်ကိုသုံးပါ။**



**သောကြာသားသမီးများအတွက်** ပတ်ဝန်းကျင်ကိုသနားကရုဏာနှင့် မေတ္တာစေတနာတို့နှင့်သာ အရင်းခံဆက်ဆံလိုသောဆန္ဒရှိသူဖြစ်မည်။ စိတ်သဘောထားဖြောင့်မတ်၍ အနစ်နာခံတတ်သူဖြစ်မည်။ စီးပွားရေးလုပ်ငန်းတို့တွင် စက်ရုံနှင့် ရေနံထွက်ပစ္စည်းများ အကျိုးပေးနေမည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး နှလုံးရောဂါရှိသူများ၊ အစားအစာကို ဂရုစိုက်ရှောင်ရှားသင့်သည်။ အချစ်ရေး တွင် ဘဝင်မကျမှု၊ စိတ်တိုင်းမကျမှုတို့နှင့် အချစ်သံသရာလည် နေတတ်သည်။

**ယတြာ။ ။နံ့သာရောင်ကို ဆောင်ပါ။**



**စနေသားသမီးများအတွက်** ကာလဒေသကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မိမိနှစ်သက်သဘောကျသည်ဖြစ်စေ၊ သဘောမကျသည်ဖြစ်စေ အကျိုးရှိနေမည်။ အမြတ်အစွန်းရနေမည်။ ငရုတ်ကောင်း၊ ငရုတ်ပွနှင့်ကြက်သွန်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပွဲရုံလုပ်ငန်း အကျိုးပေးကောင်းပါလိမ့်မည်။ ကျန်းမာရေးတွင် စိတ်ဖိစီးမှုကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ ရောထွေးသောအရောင်ကို ဆောင်ပါ။**

## ဟင်္သာတမြို့ ပဒေသာဈေးနှင့် ဌေးဝင်းဈေးတို့တွင် ဖော်မလင်သုံးစွဲထားသော ပဲပြားနှင့် ပဲသွေးများ စစ်ဆေးတွေ့ရှိ၍ ပဲပြားပဲသွေး စက်ရုံ သုံးရုံအား ယာယီရပ်ဆိုင်း

ဟင်္သာတမြို့တွင် ဇူလိုင် ၆ ရက်က ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာပြည့်ဖြိုး ဦးဆောင်၍ စားသုံးသူရေးရာ ဦးစီးဌာန အပါအဝင် မိတ်ဖက်အဖွဲ့ဝင်များသည် ပဒေသာဈေးနှင့် ဌေးဝင်းဈေးအတွင်း ရောင်းချနေသော ဦးမိုးဌေးဆိုင်မှ ထန်းလျက်၊ ဦးရဲနိုင်ဆိုင်မှ ကွမ်းသီး၊ ဦးတင်စိန်၊ ဦးအောင်မြင့်၊ ဒေါ်အုန်းခ ဆိုင်တို့မှ လက်ဖက်၊ ဒေါ်ရီရီမြင့်ဆိုင်မှ ငရုတ်သီးမှုန့်၊ ဒေါ်တင်တင်ညိုဆိုင်မှ တီတံဆိပ်ပဲပြား၊ ဒေါ်မိမိခိုင်ဆိုင်မှ(1)တံဆိပ်ပဲပြား၊ ဦးတင်ထွန်းအောင်ဆိုင်မှ ကြယ်နှင့် ဗွီ တံဆိပ်ပဲပြား၊ ဦးသိန်းထွန်းဆိုင်မှ ငါးပိ၊ ဒေါ်ရွှေရည်ဝင်းဆိုင်မှ ကြာဆန်ထုပ်၊ ဒေါ်စန်းစန်းတင့်ဆိုင်မှ ပဲပြား၊ ဒေါ်စိန်းဆိုင်မှ ပဲသွေး၊ သိန်းသန်းအောင်ဆိုင်မှ မုန့်ဟင်းခါးဖတ်၊ မအေးအေးမာ ဆိုင်မှ ငရုတ်ဆီနှင့် ချိုချဉ်၊ ကိုရန်နိုင်ဆိုင်မှ ရှာလကာရည်၊ ရွှေဒင်္ဂါးဆိုင်မှ အချိုရည် စသည့် စားသောက်ကုန်အမျိုးပေါင်း ၄၃ မျိုးခန့်ကိုရှောင်တခင် ဝင်ရောက်၍ ဈေးကွက်နမူနာများ ကောက်ယူခဲ့ကြောင်း သိရပါသည်။



နမူနာကောက်ယူခဲ့သော ကုန်စည်များအနက် ပဲပြားနှင့် ပဲသွေးကို ပဒေသာဈေး ဈေးခေါင်းရုံးတွင် ချက်ချင်းစစ်ဆေးခဲ့ရာ တီတံဆိပ်ပဲပြား၊ ကြယ်တံဆိပ်ပဲပြား၊ ဗွီတံဆိပ်ပဲပြား၊(1) တံဆိပ်ပဲပြားနှင့် ပဲသွေးများတွင် တားမြစ်ထားသော ဖော်မလင်များ သုံးစွဲထားသည်ကို စစ်ဆေး တွေ့ရှိရသဖြင့် အဖွဲ့နှင့်အတူ ဈေးအတွင်းသို့ သွားရောက်၍ ရောင်းချနေသော ပဲပြား ၈၁၃ တုံး၊ ပဲသွေး ၂၁၁ တုံးတို့ကို သိမ်းဆည်းခဲ့ပါသည်။

တီတံဆိပ်၊ ကြယ်တံဆိပ်၊ ဗွီတံဆိပ်၊ (1) တံဆိပ် ပဲပြားများကို ဟင်္သာတမြို့တွင် ထုတ်လုပ်နေသည်ဟု သိရသဖြင့် ထုတ်လုပ်သည့်နေရာများသို့ ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်သွားရောက် စစ်ဆေးခဲ့ရာ ဖော်မလင်သုံးစွဲထားကြောင်း တွေ့ရှိရသဖြင့် စီမံခန့်ခွဲမှုနည်းလမ်းအရ စက်ရုံများကိုယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရပါသည်။ ပဲသွေးများကိုတော့ ရန်ကုန်မှ မှာယူရောင်းချသည်ဟု သိရှိရပြီး သိမ်းဆည်းထားသော ပဲသွေး၊ ပဲပြားနှင့် ဖော်မလင်ဆေးရည်ပုံးများကို ဇူလိုင် ၇ ရက် နေ့လယ်ပိုင်းတွင် ပဲပြား၊ ပဲသွေးများအား မြေမြှုပ်ဖျက်ဆီးခြင်း၊ ဖော်မလင် ဆေးရည်များကို မီးရှို့ဖျက်ဆီးခြင်းတို့အား ပူးပေါင်း အဖွဲ့ဖြင့်ဆောင်ရွက်ခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ မျိုးထွန်းကျော်ကလည်း အစားအသောက်ထဲတွင် ဖော်မလင်ကို ထည့်သွင်းသုံးစွဲလျှင် ရေရှည်စားသုံးမိပါက ကျန်းမာရေးပြဿနာများဖြစ်သည့် အစာအိမ် အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါများနှင့် နောက်ဆုံး ကင်ဆာရောဂါအထိ ဖြစ်စေနိုင်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ဖော်မလင်ကို ရေရှည်စားသုံးမိပါက မွေးလာမည့် သန္ဓေသားတွင် မွေးရာပါ ချို့ယွင်းချက်များ ပါရှိလာနိုင်ကြောင်း ပြောကြားခဲ့သည်။

**မောင်မောင်မြတ်ခိုင်**

## တမာစေ့ကောက်ယူရောင်းချသူများ ဝင်ငွေကောင်း

အညာဒေသ သွားရာလမ်း တစ်လျှောက် ဝဲမှယာတွင် တမာပင်များ စီတန်းလျက်ရှိရာ ယခုအချိန် ဆားလင်း ကြီးမြို့နယ်ရှိကျေးရွာတချို့မှ ဒေသခံ များမှာ တမာစေ့ကောက်ယူ ရောင်းချလျက်ရှိကြောင်း သိရပါတယ်။ လမ်းဘေးတစ်လျှောက်ရှိ တမာပင်အောက်တွင် ကြွေကျနေသော တမာစေ့များကို ကောက်ယူကာ အခွံချွတ် သန့်စင်ပြီး ရောင်းချရာ တစ်ပြည် တစ်ထောင်ကျပ်ရရှိပြီး လူတစ်ဦးလျှင် တစ်မနက်ကို ငါးပြည်၊ ခြောက်ပြည်ခန့် ရရှိပါတယ်။ ကောက်ယူရရှိတဲ့ တမာစေ့များကို စိုက်ပျိုးရေးဌာနမှ ဝယ်ယူပြီး တမာဆပ်ပြာ၊ တမာသွားတိုက်ဆေး၊ တမာယားနာပျောက်ဆေး၊ တမာပွေး၊ ဝဲ၊ နှင်းခူပျောက်ဆေး၊ တမာ သွားနာပျောက်ဆေး၊ တမာပိုးသတ်ဆေး စသည့် ဆေးဝါးများ ထုတ်လုပ်လျက်ရှိကြောင်း သိရပါတယ်။

**မိုးမိုးမြင့် (ယင်းမာပင်)**

## ဧရာဝတီတိုင်းဒေသကြီး နို့စားနွား မွေးမြူရေးလုပ်ငန်းရှင်များ အသင်းဖွဲ့စည်းနိုင်ရေး အကြိုညှိနှိုင်း ဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး နို့စားနွား မွေးမြူရေး လုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေးအကြို ညှိနှိုင်းဆွေးနွေးပွဲကို ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ(၁)တွင် ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ ပုသိမ်ခရိုင် ဦးစီးမှူး ဦးစိုးဦး၊ ပုသိမ် မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ နို့စားနွား မွေးမြူသူ စုစု ပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က ပြောင်းလဲလာသော ခေတ်နှင့်အညီ နို့စားနွားမွေးမြူရေး လုပ်ငန်းများ စနစ်တကျမွေးမြူနိုင်ရေး၊ နို့ထွက်ပစ္စည်းများ အရည်အသွေးမီ ထုတ်လုပ်၍ နောက်ပိုင်းတွင် အသားစား နွားမွေးမြူရေး လုပ်ငန်းကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ အသင်းဖွဲ့စည်းပြီးပါက မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်သို့ အသင်းဝင်ပြီး မွေးမြူရေးဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ တက်ရောက်၍ အတွေ့အကြုံများရယူကာ မွေးမြူရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်သာမက အသားနှင့် နို့ထွက်ပစ္စည်း များ ပြည်တွင်းစားသုံးမှု ဖူလုံ၍ နောက်ပိုင်းတွင် ဈေးကွက်ကျယ်ပြန့်လာပါက ပြည်ပသို့ တင်ပို့နိုင်ရေးအထိ ရည်ရွယ်၍ အသင်းမှ ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသန်းနိုင်က မွေးမြူရေး လုပ်ငန်းနှင့် ပတ်သက်၍ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အသင်းအဖွဲ့ ဖွဲ့စည်းပါက ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သက်ဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဒေသတွင်း စားသုံးမှုပိုလျှံမှု၊ နို့ထွက်ပစ္စည်းများ တင်ပို့ရောင်းချမှုနှင့် ဈေးကွက်အခြေအနေတို့ကို စဉ်ဆက်မပြတ် သုံးသပ်လျက် ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေးအထိ မိမိတို့အသင်းမှ ဆောင်ရွက်နိုင်ရန် ပြောကြားခဲ့သည်။ တက်ရောက်လာသော မွေးမြူရေး ခြံရှင်များက နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံ၍ တိုင်းဒေသကြီး နို့စား နွားမွေးမြူရေး အသင်းကြီးကို မကြာမီ ဖွဲ့စည်းဆောင်ရွက်သွားရန် ဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ **မင်းမင်းဦး(ပုသိမ်)**

# သူတို့ပြောတဲ့ အထူးစီးပွားရေးဇုန်

♦ မောင်ရင်မောင်

**ယခင်တစ်ပတ်မှအဆက်**

အထူးစီးပွားရေးဇုန်ရဲ့ ရှေးဦးပိုင်း အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်တွေမှာ ပြဿနာနဲ့ အခက်အခဲ အမျိုးမျိုး ရင်ဆိုင်ခဲ့ရတာကတော့ မဆန်းပါဘူး။ SIP လို ရည်မှန်းချက်ကြီးမားတဲ့ စီမံကိန်းလုပ်ငန်းမျိုးကို အကောင်အထည် ဖော်ရာမှာ ရှိရင်းစွဲအတွေးအခေါ်တွေ ပြောင်းလဲပစ်ဖို့နဲ့ မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေဟာ အားလုံးသော လုပ်ဖော်ကိုင်ဘက် စီးပွားဘက်တွေကြားမှာ လစ်ဟာမှုမရှိ တစ်ဖြောင့်တည်းကျဖို့ လိုအပ်ပါတယ်။ တရုတ်နဲ့စင်ကာပူ စီးပွားဘက်တွေကြားမှာ တူညီတဲ့ဘာသာစကားရှိပေမယ့် ကွဲပြားခြားနားတဲ့ အုပ်ချုပ်မှုစနစ်နဲ့ ယဉ်ကျေးမှု ရှိတာကတော့ အမှန်ပါပဲ။ နှစ်ဘက်စလုံးအတွက် အကျိုးရှိပေမယ့် Win-Win Project တစ်ခု ဖြစ်ပေါ်ဖို့အတွက် ကွဲပြားမှုတွေအပေါ် အခြေခံကျတဲ့ဖြေရှင်းမှုက အဓိကသော့ချက် ဖြစ်နေခဲ့ပါတယ်။ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့ ပြဿနာတွေအပေါ် ဖြေရှင်းပေးနိုင်မယ့် စီးပွားရေးလုပ်ငန်းပုံစံကို တဖြည်းဖြည်း ပြုပြင်ပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနဲ့ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ နှစ်ဘက်စလုံးရဲ့ ထက်သန်တဲ့ဆန္ဒကလည်း လွန်စွာအရေးပါတဲ့အပိုင်း ဖြစ်ပါတယ်။

စီမံကိန်းရဲ့ (၁၅)နှစ်တာကာလအတွင်း အကျိုးတူပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ချမှတ်ပြီး အခက်အခဲများကို ကျော်လွှား တိုက်ဖျက်ဖို့ တဖြည်းဖြည်း ပြုပြင် ပြောင်းလဲခဲ့ပါတယ်။ အဓိကပြောင်းလဲချက်ကတော့ အကျိုးအမြတ်များကို စီးပွားဖက်တွေကြားမှာ မျှတစွာ ပြောင်းလဲခွဲဝေ သတ်မှတ်ခြင်းဖြစ်ပါတယ်။ SIP အတွင်း ဝင်ငွေနဲ့ အခွန်ကောက်ခံရရှိမှုတွေကို ယခင်က SIP အတွင်းမှာသာ စုဆောင်းထားခဲ့ပေမယ့် ဗဟိုအစိုးရ၊ Jiansu ပြည်နယ်အစိုးရ၊ Suzhou မြူနီစီပယ်အစိုးရနဲ့ SIPAC တို့ကြားမှာ ခွဲဝေခံစားမှု ရရှိလာပါတယ်။ ဗဟိုအစိုးရက ဝင်ငွေနဲ့ အခွန်အကောက်များရဲ့ ၇၅ ရာခိုင်နှုန်း၊ Jiansu ပြည်နယ်အစိုးရက ၁၂ ဒသမ ၅ ရာခိုင်နှုန်း ၊ Suzhou မြူနီစီပယ်အစိုးရက ၁၀ ရာခိုင်နှုန်းနဲ့ SIPAC က ၂ ဒသမ ၅ ရာခိုင်နှုန်း ခွဲဝေသတ်မှတ် ရရှိခဲ့ကြပါတယ်။ SIPAC ရဲ့ အဓိကအခွန်အကောက် ဝင်ငွေက Corporate နဲ့ Personal Income Tax တွေက ရပါတယ်။ ဒါ့အပြင် SIPAC ကို မြေရောင်းချခြင်းမှရတဲ့ အခွန်အခအားလုံးကိုလည်း ရရှိပါတယ်။ တောင်သူသမဝါယမပိုင် ဧရိယာများ အတွင်းမှာ နေထိုင်ကြသူအားလုံးကို SIP အတွင်းရှိ အခြားမြို့များသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ပါတယ်။ ဒါပေမဲ့ သူတို့အားလုံးဟာ SIPAC ရဲ့ အုပ်ချုပ်မှုအောက်မှာရှိပြီး ထောက်ပံ့မှုများကို ဆက်လက်ရရှိထားပါတယ်။ မူလကတည်းက နေထိုင်သူများကို SIPAC က လျော်ကြေးငွေများ ထုတ်ပေးခဲ့ပြီး နေရာထိုင်ခင်းပေးတဲ့အပြင် လစဉ်ထောက်ပံ့ကြေးလည်း ပေးပါတယ်။ SIP နဲ့ ယှဉ်ပြိုင်ဘက်ဖြစ်တဲ့ Suzhou New and High-Tech တိုးတက်ဖွံ့ဖြိုးရေးဇုန်က CSSD ရဲ့ ရင်းနှီး မြှုပ်နှံမှု ၅ ရာခိုင်နှုန်းကို ၂၀၁၅ ခုနှစ်မှာ ယူခဲ့ပါတယ်။ ဒါကြောင့်လည်း ရင်းနှီးဖော်ရင်းနှီးဖက်တွေ အားလုံးဟာ တစ်နည်းမဟုတ်တစ်နည်းနဲ့ SIP ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ အကျိုးခံစားမှုတွေ ရရှိလာခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ SIP ရဲ့ အခန်းကဏ္ဍကိုလည်း အားဖြည့်ပေးလာခဲ့ပါတယ်။ SIPAC ရဲ့ အကြီးအကဲကိုလည်း ဒုတိယမြို့တော်ဝန်အဖြစ် ခန့်အပ်ခဲ့သလို SIPAC မှာရှိတဲ့ ဌာနအကြီးအကဲများဟာလည်း ဒါရိုက်တာများအဖြစ် အဆင့်တိုးမြှင့်ခံကြရပြီး သူတို့ရဲ့လုပ်ဖော်ကိုင်ဘက် Suzhou မြူနီစီပယ်အစိုးရမှ တာဝန်ရှိသူများနဲ့ အဆင့်တူဖြစ်လာခဲ့ပါတယ်။ ပြန်လည်တိုးမြှင့်ပေးတဲ့ မက်လုံးတွေရဲ့ အကျိုးကတော့ SIPAC ဟာ အဓိကရင်းနှီး တည်ဆောက်သူ ဖြစ်လာခဲ့ ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးရုံး တစ်ရုံးကို တည်ထောင်ဖွင့်လှစ်ပြီး ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ထိရောက်စွာ ဆွဲဆောင်နိုင်ဖို့ အားသွန်ကြိုးပမ်း ဆောင်ရွက်ခဲ့ပါတယ်။ စက်မှုလုပ်ငန်း မြေနေရာများနှင့် စက်ရုံများကို ဈေးကွက်ပေါက်ဈေးနှုန်းအလိုက် ယှဉ်ပြိုင်ငှားရမ်းခဲ့သလို လူနေအိမ်ရာမြေများကို လေလံစနစ်နဲ့ ငှားရမ်းခဲ့ပါတယ်။ မြေရောင်းချရာမှရတဲ့ ဝင်ငွေတွေကိုတော့ အခြေခံအဆောက်အဦတွေအတွက် ပြန်လည်ထည့်သွင်း ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ SIPAC ကြီးကြပ်မှုအောက်မှာရှိတဲ့ နိုင်ငံပိုင်ကော်ပိုရေးရှင်းများစွာကို Temasek မိုဒယ်နဲ့ ကိုက်ညီအောင် ဖွဲ့စည်းတည်ထောင်ပါတယ်။ အဲဒီမိုဒယ်အရ အချို့က မြေယာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ CSSD နဲ့ ပူးပေါင်းခွင့်ရသလို တချို့က နိုင်ငံပိုင်ပစ္စည်းများ စီမံခန့်ခွဲမှုမှာ ပါဝင်ဆောင်ရွက်ခွင့်ရကြပါတယ်။ CSSD အနေနဲ့ စက်မှုလုပ်ငန်းသုံးမြေများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်ရုံသာမက လူနေအိမ်ရာ မြေနဲ့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာမြေများ ဖွံ့ဖြိုးတိုးတက်မှု၊ ပိုင်ဆိုင်မှုပစ္စည်းများ စီမံခန့်ခွဲမှုနဲ့ အခြားဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများမှာလည်း စီးပွားရေးနယ်မြေ ချဲ့ထွင်ဆောင်ရွက်ခဲ့ပါတယ်။

**အစိုးရများ၏စိတ်ဝင်စားမှု**

အကျိုးတူပူးပေါင်းဆောင်ရွက်မှုရဲ့ အောင်မြင်မှုက တရုတ်နဲ့စင်ကာပူ ထိပ်သီးဦးဆောင်သူများရဲ့ စိတ်ဝင်စားမှုကို တွန်းအားပေးသလို ဖြစ်ခဲ့ပါတယ်။ စင်ကာပူအစိုးရက စီမံကိန်းလုပ်ငန်းမှာ အောင်မြင်ဖို့ အရင်းအမြစ်များစွာ ထည့်သွင်းခဲ့ပါတယ်။ ဒါ့အပြင် စင်ကာပူရဲ့ အထူးချွန်ဆုံး တာဝန်ရှိအရာရှိများကို စီမံကိန်းလုပ်ငန်းတွေမှာ ဦးဆောင်ဦးရွက် ပြုစေခဲ့ပါတယ်။ စင်ကာပူက အစိုးရဝန်ကြီးဌာနများနဲ့ အဖွဲ့အစည်းများ၊ အေဂျင်စီများရဲ့ အကြီးအကဲများဟာ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် မြို့ပြစီမံကိန်း ရေးဆွဲခြင်း၊ ရေသန့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်နယ်ပယ်တို့မှာ မိမိတို့ရဲ့ အတွေ့အကြုံ ဗဟုသုတများကို SIP တာဝန်ရှိသူများကို တက်ကြွစွာ လွှဲပြောင်းထောက်ပံ့ပေးခဲ့ကြပါတယ်။

တရုတ်ဘက်မှာ ဗဟိုအစိုးရရဲ့ အားတက်သရော ကူညီထောက်ပံ့မှုကတော့ မူဝါဒရေးရာ မက်လုံးပေးမှုများဖြစ်ပြီး SIP ရဲ့ ယှဉ်ပြိုင်ဆောင်ရွက်နိုင်မှုစွမ်းရည်ကိုပိုမိုထက်မြက်အောင် အထောက်အပံ့ပေးသလို ဖြစ်ခဲ့ပါတယ်။ စီမံကိန်းလုပ်ငန်းရှိ အစောပိုင်းကာလ ၁၉၉၄ ခုနှစ်အတွင်းမှာ SIP ဟာ တရုတ်ပြည်ထိပ်တန်း အထူးစီးပွားရေးဇုန်ကြီးငါးခုနဲ့သာမက ရှန်ဟိုင်းရဲ့ Pudong ခရိုင်သစ်ရဲ့ အဆင့်အတန်းနဲ့ တစ်ပြေးညီအဆင့်အတန်းရှိကြောင်း သတ်မှတ်ချီးမြှင့်ခံ ခဲ့ရပါတယ်။ ဒါ့အပြင် မူဝါဒရေးရာအရ အထူးအခွင့်အရေးရတဲ့ တရုတ်-စင်ကာပူ ပူးပေါင်းစီမံကိန်းတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ ဉပမာအားဖြင့် စီမံကိန်းစတဲ့ ၁၉၉၄ ခုနှစ်အတွင်း Corporate Tax အနေနဲ့ တရုတ်နိုင်ငံနယ်ပယ်အများစုမှာ ၃၀ ရာခိုင်နှုန်း ကောက်ခံနေတဲ့ အချိန်မှာ SIP ကို ၁၅ ရာခိုင်နှုန်း လျှော့ချကောက်ခံခဲ့ပါတယ်။ SIP အတွင်း ရင်းနှီးမြှုပ်နှံမှုတွေအားလုံးကို အကန့်အသတ်မရှိလက်ခံဆောင်ရွက်နိုင်အောင် ဒေသအာဏာပိုင်အနေနဲ့ SIP ကို အာဏာကုန် ခွင့်ပြုပေးထားပါတယ်။ စင်ကာပူမှာ ကျင့်သုံးတဲ့ နောင်ရေးအတွက် ရန်ပုံငွေစုဆောင်းမှုစနစ်ကို အတုယူကျင့်သုံးပြီး SIP ကလည်း နောင်ရေးအတွက် ကြိုတင်ရန်ပုံငွေစုဆောင်းမှုစနစ် SIP Provident Fund System (SPF) ကို တည်ထောင်ကျင့်သုံးခဲ့ပါတယ်။ ဒီစနစ်ဟာ တရုတ်ပြည်မှာ ရှားရှားပါးပါး စနစ်တစ်ခုဖြစ်ခဲ့ပြီး SIP ရဲ့ အကောင်းဆုံးဆွဲဆောင်မှု မက်လုံးလို့ပြောရင် မမှားပါဘူး။ ကြိုတင်ပေးသွင်း စုဆောင်းငွေနဲ့ တစ်ဦးချင်းငွေကြေးစုဆောင်းမှုတွေကနေ SPF စနစ်က SIP မှာ လုပ်ကိုင်သူတွေကို ပင်စင်၊ ဆေးကုသမှုအာမခံ၊ အလုပ်လက်မဲ့အာမခံ၊ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုအာမခံ၊ မီးဖွားမှုအာမခံနဲ့ အိုးအိမ်ရရှိရေး အာမခံကိစ္စတွေမှာ ပြည့်စုံအောင် ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။

**သက်ဆိုင်ရာအစိုးရ၏ ထောက်ပံ့မှု**

SPF ကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများနဲ့ အလုပ်သမား တစ်ဦးချင်း ထည့်ဝင်ငွေအားလုံးဟာ အလုပ်သမား တစ်ဦးချင်း ဘဏ်စာရင်းတွေမှာ ဝင်သွားပြီး အလုပ်သမားတစ်ယောက်က SIP က ထွက်ရင် ထုတ်ယူသွားနိုင်ပါတယ်။ လုပ်ငန်းများက ထည့်ဝင်ပေးတဲ့ ပင်စင်ရန်ပုံငွေကတော့ အများနှင့်အစုစပ်သဘော ထည့်ဝင်ပေးတာဖြစ်လို့ အလုပ်သမားတစ်ဦး SIP က ထွက်သွားရင် ထုတ်ယူသွားလို့ မရပါဘူး။ ဒီစနစ်က အလုပ်ရှင်တွေအတွက် သာမန်အလုပ်သမားတစ်ဦးကို ငှားရမ်းရာမှာ လုပ်ခသက်သာစေသလို သူ့ရဲ့ကျွမ်းကျင်မှုကို ကြာရှည်စွာ ထိန်းသိမ်းထားရှိနိုင်တယ်လို့ ဆိုပါတယ်။ ပင်စင်မယူခင် အလုပ်ထွက်သွားရင် အလုပ်သမားအနေနဲ့ မိမိရသင့်တာမရဘဲ အကျိုးထိခိုက်မှာ ဖြစ်ပါတယ်။ SIP မှာ ထူးခြားတာတစ်ခုကတော့ တရုတ်အစိုးရရဲ့ ထောက်ပံ့ကူညီမှုနဲ့ ပြည်သူ့ရေးရာအုပ်ချုပ်မှုကို စင်ကာပူရဲ့ အတွေ့အကြုံများမှ အတုယူပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ ဌာနပေါင်း ၁၉ ခုပါတဲ့ on-site ရုံးတွေကို ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ဒီရုံးတွေမှာ လိုင်စင်ကိစ္စ၊ ဥပဒေရေးရာ ကိစ္စ၊ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးပါတယ်။ ၂၀၀၂ ခုနှစ်မှာတော့ ဒီအုပ်ချုပ်ရေးရုံးတွေကို SIPAC ရဲ့ အာဏာကုန် လွှဲအပ်ခံရပြီး သက်ဆိုင်ရာဌာနများက ကွပ်ကဲမှုမပြုတော့ဘဲ သီးခြားရပ်တည်ပြီး SIP အတွင်းရှိ စီးပွားရေး လုပ်ငန်းအားလုံးရဲ့ ကိစ္စရပ်များကို လွတ်လပ်စွာဆောင်ရွက်ခွင့် ပေးခဲ့ပါတယ်။ လွတ်လပ်စွာ One-Stop-Service များ ဆောင်ရွက်ခွင့်ပြုပေးလိုက်ခြင်းဖြစ်ပါတယ်။

တရုတ်အစိုးရရဲ့ SIP အတွက် ထင်သာမြင်သာအရှိဆုံး ထောက်ပံ့မှုကတော့ အကောက်ခွန်လုပ်ထုံးလုပ်နည်းများကို ခေတ်နဲ့အညီ ပြုပြင်ဆောင်ရွက်စေခြင်းနဲ့ ဆိပ်ကမ်းကိုင်တွယ် အုပ်ချုပ်မှုလုပ်ငန်းများ ဖြစ်ပါတယ်။ ဒီလုပ်ငန်းများက SIP အတွက် သဘာဝကပေးတဲ့ ကုန်းတွင်းပိတ်ဖြစ်နေခြင်း (Land Locked) ဘဝကနေ လွတ်မြောက်ဖို့ အထောက်အကူ များစွာ ရရှိစေခဲ့တယ်လို့ ဆိုကြပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ တရုတ်နဲ့တွဲဖက်ပြီး ကြီးမားတဲ့စီးပွားရေးဇုန်တစ်ခုကို တည်ဆောက်မယ်ဆိုရင်တော့ တရုတ်နဲ့ စင်ကာပူတို့ ပူးတွဲအကောင်အထည်ဖော် တည်ဆောက်ခဲ့တဲ့ SIP အတွေ့အကြုံများကနေ သင်ခန်းစာများစွာ ရယူနိုင်ပါတယ်။ ဒီအတွေ့အကြုံတွေကို လုပ်ငန်းအမျိုးအစားအလိုက် ပိုင်းခြားလေ့လာမယ်ဆိုရင် (၁) အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုနှင့် အုပ်ချုပ်မှုရေးရာကိစ္စများ၊ (၂) စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်း၊ (၃) သင်ယူဆည်းပူးခြင်းနှင့် အသိဉာဏ်ဗဟုသုတ မျှဝေဖလှယ်ခြင်းများအဖြစ် ပိုင်းခြားလေ့လာသင့်ကြောင်း အများက မှတ်ချက်ပြု ထားပါကြောင်း ဖော်ပြလိုက်ရပါတယ်။



# ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် Sale Contract နှင့် Invoice ပါ ဈေးနှုန်းနှင့်တန်ဖိုးများအား မမှန်မကန်ဖြည့်သွင်းပါက အရေးယူဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ

## Sale Contract, Invoice ပါဈေးနှုန်းနှင့် တန်ဖိုးများအတိုင်း လိုင်စင်ခွင့်ပြုမှုများအတွက် တင်ပို့/တင်သွင်းခဲ့သည့် ဈေးနှုန်းများအား ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်း

**(ယခင်တစ်ပတ်မှအဆက်)**

(ခ) စစ်ဆေးရေးအဖွဲ့၏ လိုလားချက်အရ ပစ္စည်းသိုလှောင်ရုံသို့ သွားရောက်စစ်ဆေးနိုင်ရေး ကူညီပေးရန်နှင့် နမူနာပစ္စည်းအတွက်လည်းကောင်း၊ ဓာတ်ပုံမှတ်တမ်းရယူရန်အတွက်လည်းကောင်း ပံ့ပိုးကူညီပေးရန်။

(ဂ) ဈေးနှုန်းစိစစ်ရန် လိုအပ်မှုအတွက် တစ်ဖက်နိုင်ငံ ကုမ္ပဏီ၏လိပ်စာ၊ Email Account တို့ကို တင်ပြပေးရန်။

**အရေးယူဆောင်ရွက်မှု**

ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့များမှ စိစစ်ပြီးမမှန်မကန်ဖော်ပြလျှောက်ထားမှုများကို ဖော်ထုတ်တွေ့ရှိရပါက ဒဏ်ငွေချမှတ်သည့် အပိုင်းသာမက ၎င်းတို့ယူသွားသည့် အရာထက်အဆအတော်များများဒဏ်ရိုက်ပြီး နိုင်ငံတော်သို့ပြန်ထေမိအောင်နှင့်နောက်လူများလည်း မလုပ်ရဲအောင် အောက်ပါအတိုင်းအရေးယူမှုများ ပြုလုပ်ရမည်-

(က) ကုမ္ပဏီများအနေဖြင့် မမှန်မကန် ဖော်ပြလျှောက်ထားမှုများကို စိစစ်တွေ့ရှိရပါက လိမ်လည်တင်ပြခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ (၄၆၃)၊ (၄၆၄) (၄၆၈)တို့ဖြင့် အရေးယူခြင်း (သို့မဟုတ်) ပို့ကုန်၊ သွင်းကုန် ဥပဒေအရ အရေးယူခြင်း၊ အခွန်တိမ်းရှောင်မှုအတွက် ပြည်တွင်း အခွန်များဦးစီးဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူခြင်း။

(ခ) မမှန်မကန်ဖော်ပြလျှောက်ထားသော ကုမ္ပဏီများအား ပထမအဆင့်အနေဖြင့် သတိပေးခြင်း၊ ဒုတိယအဆင့် ဝန်ခံလက်မှတ်ရေးထိုးခြင်း၊ တတိယအဆင့်အနေဖြင့် ဥပဒေအရ ကွာဟအခွန်ငွေများ ပြန်လည်ပေးသွင်းစေပြီး ထိုက်သင့်သော ပြစ်ဒဏ်များချမှတ်ဆောင်ရွက်ခြင်း။

(ဂ) မမှန်မကန်ဆောင်ရွက်ကြောင်း စစ်ဆေးပေါ်ပေါက်သည့် ကုမ္ပဏီနှင့်ယင်းကုမ္ပဏီတွင်ပါရှိသော ဒါရိုက်တာအဖွဲ့ဝင်များ၊ ၎င်းကုမ္ပဏီနှင့်ဆက်နွယ်ဖွဲ့စည်းထားသည့် အခြားကုမ္ပဏီများကို စစ်ဆေးရေးအဖွဲ့မှ စိစစ်ရာတွင် မမှန်မကန် ဆောင်ရွက်ထားကြောင်း ဆက်လက်စိစစ်တွေ့ရှိရပါက အရေးယူမှုများ ပြုလုပ်ခြင်း။

(ဃ) သက်ဆိုင်ရာ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် မမှန်မကန်ဆောင်ရွက်ခဲ့သည့် ဈေးနှုန်းအား မှန်ကန်သည့် ဈေးနှုန်းဖြင့် အမှန်ပြန် ဆောင်စေ၍ ကျသင့်အခွန်အပေါ် ဒဏ်ကြေးသတ်မှတ်၍ နောက်ကြောင်းပြန်ခုနစ်နှစ်အထိ လုပ်ငန်းဆောင်ရွက်မှုများကို ထပ်မံစိစစ်ဖော်ထုတ် အရေးယူမှု ဆောင်ရွက်ရမည်။

(င) ဆက်လက်စစ်ဆေး၍ ကုမ္ပဏီအား စိစစ်ရာတွင် မှန်ကန်စွာ ဆောင်ရွက်ထားရှိမှုရှိကြောင်း စိစစ်တွေ့ရှိရပါက လူပုဂ္ဂိုလ်/ကုမ္ပဏီအား ပို့ကုန် သွင်းကုန် ဥပဒေအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်းအပြင် ကုမ္ပဏီ၏ မှန်ကန်စွာ ဆောင်ရွက်မှုရှိကြောင်းကို မီဒီယာမှ ကျယ်ကျယ်ပြန့်ပြန့် ကြေညာပေးရမည်။

(စ) အကောက်ခွန်ဦးစီးဌာန၏ နှောင်းစာရင်း စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းဖြင့် စိစစ်ပြီး မမှန်မကန်ဖော်ပြဆောင်ရွက်သည့် ကုမ္ပဏီများကိုလည်း ဈေးနှုန်းမမှန်မကန် ဖော်ပြဆောင်ရွက်ခြင်းများပါရှိကလုပ်ထုံးလုပ်နည်းနှင့် အညီအရေးယူဆောင်ရွက်ရမည်။

(ဆ) တင်ပို့တင်သွင်းသည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းမမှန်မကန်ဖြစ်စေရန် ကုမ္ပဏီ၏ ဆောင်ရွက်မှုတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်မှုရှိကြောင်း၊ စိစစ်တွေ့ရှိရပါက သက်ဆိုင်ရာဝန်ထမ်းအား တည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်ရမည်။

**ကုမ္ပဏီများကို မှတ်တမ်းတင်ခြင်း**

ကုမ္ပဏီများအနေဖြင့် Honour ရှိရှိ လိုင်စင် တင်ပြလျှောက်ထားမှုများရှိသကဲ့သို့ နိုင်ငံတော် အပေါ် ပေးဆောင်ရမည့်အခွန်ကို တိမ်းရှောင်လို၍ ဈေးနှုန်းလျှော့နည်းဖော်ပြမှုများလည်း ရှိလာနိုင်သဖြင့် ဈေးနှုန်းမှန်ကန်ရေး စိစစ်မှုအဖွဲ့များ၊ လုပ်ငန်းကော်မတီနှင့် ဦးစီးကော်မတီတို့၏ ယုံကြည်ရမှုအပေါ် မူတည်၍ကုမ္ပဏီအဆင့်အတန်း ခွဲခြားသတ်မှတ်၍ အုပ်စုအလိုက် ခွဲခြား မှတ်တမ်းတင်ထားရှိရမည်။ မှန်မှန်ကန်ကန်ဆောင်ရွက်သည့် ကုမ္ပဏီများအား Commerce Journal၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ Website တို့တွင် ထည့်သွင်းဖော်ပြပေးသွားမည်။

မှတ်တမ်းတင်ထားရှိသော ကုမ္ပဏီများမှ မမှန်မကန်ဆောင်ရွက်မှုများရှိပါက တိကျခိုင်လုံသော အထောက်အထားများဖြင့် တိုင်ကြားလာခြင်းကို လက်ခံစိစစ်ရမည်။ အုပ်စုအလိုက် ခွဲခြားခံရသည့် ကုမ္ပဏီများသည် ပိုမိုကောင်းသော အုပ်စုဝင်ဖြစ်လာရေး ကြိုးစားဆောင်ရွက်ရမည်။ မမှန်မကန် ဖော်ပြသည့် ကုမ္ပဏီများကို နောင် ယင်းကဲ့သို့သောလုပ်ရပ်များ မဆောင်ရွက်နိုင်ရေးနှင့် ကျန်ကုမ္ပဏီများအတွက် စံနမူနာဖြစ်သည်အထိ ထိရောက်စွာအရေးယူရမည်။

**အုပ်ချုပ်မှု ထောက်ပံ့မှု**

ဈေးနှုန်းမှန်ကန်ရေး စိစစ်မှုအဖွဲ့များ၏ လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အုပ်ချုပ်မှု ဆိုင်ရာ ပံ့ပိုးမှုများကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ရုံးအမိန့်စာ ထုတ်ပြန်ပေးရမည်။

(ခ) ကုမ္ပဏီသို့ စစ်ဆေးမှုအတွက် စစ်ဆေးရေးအဖွဲ့၏ ကုန်ကျစရိတ်အား နေ့စဉ်နှုန်းထား သတ်မှတ်ပေးထား၍ နိုင်ငံတော်၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာကုမ္ပဏီ၏ဒဏ်ကြေးမှ ကျခံပေးရန်။

(ဂ) ကုမ္ပဏီ၏ မမှန်မကန် ဆောင်ရွက်မှု အခြေအနေအား ပေါ်ပေါက်အောင် စစ်ဆေးဖော်ထုတ်ပေးနိုင်သည့် စစ်ဆေးရေးအဖွဲ့အား နိုင်ငံတော်သို့ ပေးသွင်းသည့် ဒဏ်ကြေးမှ ထိုက်သင့်သည့်ဆုကြေးများကို ချီးမြှင့်နိုင်ရေး ဆောင်ရွက်ရမည်။

**ကြီးကြပ်ကွပ်ကဲမှု**

ဈေးနှုန်းစိစစ်မှု ဦးစီးကော်မတီ၏ ရုံးအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန်သွင်းကုန် လိုင်စင်ထုတ်ပေးသောရုံးများ၊ လေဆိပ်၊ ရေဆိပ်များမှ တင်ပို့တင်သွင်းသည့် ကုန်ပစ္စည်းများအလိုက် ကုမ္ပဏီများအပေါ် ဈေးနှုန်းစိစစ်မှုများကို ဈေးနှုန်းစိစစ်မှု ဦးစီးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပါမည်။

**ဆက်သွယ်ရေး**

ဈေးနှုန်းမှန်ကန်ရေး စိစစ်မှုဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီနှင့် ပို့ကုန်သွင်းကုန်လိုင်စင် ထုတ်ပေးသည့် ရုံးချုပ်၊ ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန်သွင်းကုန်ရုံးခွဲများသည် နေ့စဉ်ဆက်သွယ်မှုကို သတ်မှတ်ထားသည့် ရုံးသုံးလက်ကိုင်ဖုန်း၊ Online တို့မှ အချိန်သတ်မှတ်ချက်ပေး၍ ဆက်သွယ်ပါမည်။ ထူးခြားမှုဖြစ်စဉ်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား ဖုန်း၊ ကြေးနန်းတို့ဖြင့် အကြောင်းကြားခြင်းများ၊ တင်ပြခြင်းများ ဆောင်ရွက်ပါမည်။

**အထွေအထွေအပိုင်း**

ဈေးနှုန်းမှန်ကန်ရေး စိစစ်မှုအဖွဲ့မှ စစ်ဆေးမည့် အစီအစဉ်၊ လုပ်နည်းစနစ်၊ အရေးယူဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် လုပ်ငန်းဆောင်ရွက်မှုမစမီ မီဒီယာမှ နည်းလမ်းမျိုးစုံဖြင့် သုံးလကြိုတင် ကြေညာအသိပေးဆောင်ရွက်ရမည်။

နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန် သွင်းကုန်ရုံးများ၊ လေဆိပ်၊ ရေဆိပ်များမှ ဈေးနှုန်းမှန်ကန်ရေး စိစစ်မှုအဖွဲ့များ၏ လစဉ်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်မှ အခွန်ပြန်ရမှု၊ ကုမ္ပဏီအား အရေးယူမှု၊ ဆက်စပ်ကုမ္ပဏီအား အရေးယူမှု၊ လူ၊ ပုဂ္ဂိုလ် အရေးယူမှု အခြေအနေများကို ဦးစီးကော်မတီသို့ လစဉ်ပြန်တမ်းပေးပို့ရမည်။

ဈေးနှုန်းစိစစ်မှုဦးစီးကော်မတီ၏ သုံးလတစ်ကြိမ် ပုံမှန်အစည်းအဝေးကို ဆောင်ရွက်ပြီး အရေးပေါ် ကိစ္စများရှိပါက သီးခြားဖိတ်ကြားဆွေးနွေးမှုများ ဆောင်ရွက်ကာ အားသာချက်၊ အားနည်းချက် ဖော်ထုတ်ခြင်း၊ လိုအပ်သည့် လုပ်နည်းစနစ်များ ထပ်မံဖြည့်စွက်ခြင်း၊ ရလဒ်များ အပေါ် အထက်ဌာနသို့တင်ပြခြင်းတို့ကို ဆောင်ရွက်ရမည်။

လုပ်ထုံးလုပ်နည်းများကို စိစစ်တွေ့ရှိမှု များအပေါ် အခြေခံ၍ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်မည်။

❑

---

စာမျက်နှာ - ၁၂ ကြက်သွန်ဖြူ စိုက်ပျိုး ····မှအဆက်

ရှမ်း(တောင်)ကနေ အဓိကတင်ပို့နေတဲ့ သူတွေကတော့ ဦးထွန်းမြင့်၊ ဦးညွန့်ဦး၊ ဦးအောင်ထွန်းတို့ဖြစ်ပါတယ်။ ကြက်သွန်ဖြူ အရည်အသွေးနဲ့ ပတ်သက်လို့ကတော့ ထိုင်းနိုင်ငံဘက်က ကန့်သတ်ချက်မရှိတာကိုတွေ့ရပါတယ်။ ဝယ်ယူတဲ့အချိန်ကတော့ ဇွန်လ ကြက်သွန်အခွံခြောက်ချိန်မှ စတင်ဝယ်ယူပြီး၊ မိုင်းပန်ဘက်ကထွက်တဲ့ ကြက်သွန်ဖြူကို မျိုးအဖြစ် အသုံးပြုကြပြီး လဲချား ကြက်သွန်ဖြူ (ခရမ်းစွဲ)တွေကိုတော့ ပြန်လည်ပြုပြင်ထုပ်ပိုးပြီး နိုင်ငံတကာကို တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချမှုနဲ့ပတ်သက်ပြီး တခြားဘာများ အကြံပြုလိုပါသလဲ။**

**ဦးသန်းမောင်။** အထွက်ကောင်းမျိုးများကို နှစ်စဉ်ရွေးချယ်စိုက်ပျိုးသွားကြဖို့၊ အရည်အသွေး စံချိန်မီတဲ့ မြေဩဇာများကို ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးသွားဖို့၊ တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်များ လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်သွားကြဖို့၊ ကြက်သွန်ဖြူ ပြည်ပဈေးကွက် ချိတ်ဆက်ရောင်းဝယ်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားဖို့၊ ကြက်သွန်ဖြူ စိုက်ပျိုး၊ထုတ်လုပ်၊တင်ပို့၊ ရောင်းချသူများအသင်းအစည်းအဝေးများ ကျင်းပသွားဖို့ အကြံပြုလိုပါတယ်။

**ပြည်နယ်ဦးစီးမှူး။ အခုလို ကြက်သွန်ဖြူစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ ရောင်းချမှုနဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ဖြေကြားပေးခဲ့တဲ့အတွက် ဦးသန်းမောင်ကို အထူးကျေးဇူးတင်ရှိပါတယ်။**

**ဦးသန်းမောင်။** ဟုတ်ကဲ့ ကျွန်တော့်အနေနဲ့လည်း ကျွန်တော်တို့ ကြက်သွန်ဖြူလောကနဲ့ပတ်သက်ပြီး ပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။

## မြို့ကြီးများ၏ ၁၇-၇-၂၀၁၇ မှ ၂၁-၇-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၇-၇-၂၀၁၇) | အင်္ဂါ(၁၈-၇-၂၀၁၇) | ဗုဒ္ဓဟူး(၁၉-၇-၂၀၁၇) | ကြာသပတေး(၂၀-၇-၂၀၁၇) | သောကြာ(၂၁-၇-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| ရန်ကုန်မြို့ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မန္တလေးမြို့ | ၄၀% ၃၃°C/၉၂°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၄၀% ၃၀°C/၈၆°F |
| မြစ်ကြီးနား | ၆၀% ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F |
| လားရှိုး | ၄၀% ၃၀°C/၈၆°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၆°C/၇၈°F | ၆၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F |
| ကျိုင်းတုံ | ၅၀% ၃၁°C/၈၇°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F |
| လွိုင်ကော် | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၄°C/၇၆°F | ၇၀% ၂၅°C/၇၇°F | ၆၀% ၂၅°C/၇၇°F | ၆၀% ၂၅°C/၇၇°F |
| တောင်ကြီး | ၉၀% ၂၄°C/၇၅°F | ၈၀% ၂၂°C/၇၂°F | ၇၀% ၂၂°C/၇၁°F | ၆၀% ၂၂°C/၇၁°F | ၆၀% ၂၂°C/၇၁°F |
| မော်လမြိုင် | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F |
| ဘားအံ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F |
| တောင်ငူ | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F |
| မုံရွာ | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၄၀% ၃၁°C/၈၇°F | ၅၀% ၃၀°C/၈၆°F |
| ပုသိမ် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မြိတ် | ၉၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၁°F | ၅၀% ၂၈°C/၈၃°F |
| စစ်တွေ | ၅၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| မကွေး | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F |
| ဖလမ်း | ၆၀% ၂၃°C/၇၂°F | ၆၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F |



## ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးမှုဖြစ်ပွား အနည်းဆုံး လူ ၁၆ ဦးသေဆုံး

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ အနည်းဆုံး လူ ၁၆ ဦးသေဆုံးကာ လေးဦး ပျောက်ဆုံးနေကြောင်း ဇန်ကောက်ပို့စ်သတင်းတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက ယခုတစ်ပတ်အထိ မိုးရွာသွန်းနေဆဲဖြစ်သဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားရခြင်းဖြစ်သည်ဟု ဆိုသည်။

Thai Nguyen ပြည်နယ်တွင် အိမ်ခြေ ၅၀၀ ခန့်ပျက်စီးဆုံးရှုံးခဲ့ကာ စပါးစိုက်ဧရိယာ ဟက်တာပေါင်း ၁၄၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။ ရေလွှမ်းမိုးမှုကြောင့် ပြည်နယ် ကိုးခုတွင် ပျက်စီးဆုံးရှုံးမှုများ အများအပြား ဖြစ်ပေါ်ခဲ့သည်ဟု သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေး ဗဟိုကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။

ရေလွှမ်းမိုးသည့် ပြည်နယ်ကိုးခုတွင် မြေပြိုခြင်း၊ တံတားများ ပျက်စီးခြင်း၊ လမ်းများပျက်စီးခြင်း၊ ရေဆိုးစွန့်ထုတ်စနစ်များ ပျက်စီးခြင်း၊ အိုးအိမ်တိုက်တာများ ပျက်စီးခြင်းတို့ကြောင့် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ဒေါ်လာ ဘီလီယံ ၄၀ ကျော်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ Ha Giang ပြည်နယ်တွင် မြေပြိုကျမှုဖြစ်ပွားခဲ့ရာ အင်တာနက်ဆိုင်တစ်ဆိုင် ပျက်စီးခဲ့ကာ ကလေးငယ်နှစ်ဦး သေဆုံးခဲ့ရသည်။ ထို့ပြင် မြေပြိုကျမှုကြောင့် လမ်းများ ပိတ်ဆို့ခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းပြည်နယ် ကိုးခုတွင် မိုးသည်းထန်စွာရွာနိုင်ပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပွားနိုင်ကြောင်း ဗီယက်နမ် မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသော်လည်း အဆိုပါပြည်နယ်များမှ ပြည်သူတို့မှာ သတင်းထုတ်ပြန်ချက်ကို လျစ်လျူရှုခဲ့ကြသဖြင့် ယခုကဲ့သို့ လူအသေအပျောက် များခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းရှိ ပြည်နယ်များတွင် မိုးရေချိန်မီလီမီတာ ၂၅၀ မှ မီလီမီတာ ၃၀၀ အထိရွာသွန်းခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းသည် ပြီးခဲ့သည့် ဇူလိုင် ၉ ရက်မှစတင်ကာ ဇူလိုင် ၁၅ ရက်အထိ ဆက်လက်ရွာသွန်းနေဆဲဖြစ်သဖြင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်ကို စိုးရိမ်လျက်ရှိသည်ဟုဆိုသည်။

**မယ်သီတာ**

## နိုက်ဂျီးရီးယားနိုင်ငံတွင် ရေလွှမ်းမိုးမှုများဖြစ်ပွား၍ အနည်းဆုံး ၁၈ ဦးသေဆုံး

နိုက်ဂျီးရီးယားနိုင်ငံတွင် ဇူလိုင် ၂ ရက်မှ ၈ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရေလွှမ်းမိုးမှုကြောင့် အနည်းဆုံး လူ ၁၈ ဦး သေဆုံးခဲ့ရကြောင်း နိုက်ဂျီးရီးယားအစိုးရက သတင်းထုတ်ပြန်ခဲ့သည်။

ဇူလိုင် ၂ ရက်မှ ၈ ရက်အတွင်း ရွာသွန်းခဲ့သည့် မိုးရေချိန်သည် ၃ ဒသမ ၉ လက်မမှ ၅ ဒသမ ၉ လက်မအထိ ရွာသွန်းခဲ့ကြောင်း၊ မိုးရွာသွန်းမှုကြောင့် နိုက်ဂျီးရီးယားနိုင်ငံ၏ မြို့တော်လာဂို့စ်အပါအဝင် နိုက်ဂျီးရီးယားနိုင်ငံ အနောက်တောင်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် ဇူလိုင် ၈ရက်တွင် ရွာသွန်းခဲ့သည့်မိုးကြောင့် မြစ်ရေများလျှံတက်ကာ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရသည်ဟု ဆိုသည်။

ထို့ပြင် ဆူလီရာမြို့တွင် ဇူလိုင် ၉ ရက်မှစတင်ရွာသွန်းခဲ့သည့်မိုးကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ဆူလီယာမြို့မှ ပြည်သူများမှာ နေအိမ်အတွင်း ပိတ်မိလျက်ရှိနေကြောင်း Sahara-reporters တွင် ဖော်ပြထားသည်။

“ရေလွှမ်းမိုးမှုကြောင့် မြစ်ကမ်းပါးအနီးမှာ နေထိုင်ကြတဲ့ပြည်သူတွေ အများအပြားထိခိုက်ကြပါတယ်။ မြစ်ကမ်းပါးအနီးမှာရှိတဲ့ နေအိမ်အများအပြား ပျက်စီးကုန်တဲ့အတွက် သေဆုံးသူအရေအတွက် ဘယ်လောက်ရှိမလဲဆိုတာ ခန့်မှန်းလို့မရသေးပါဘူး။ စံချိန်တင်လောက်တဲ့ အရေအတွက်ဖြစ်လာနိုင်ပါတယ်။ အခုလောလောဆယ်မှာတော့ ၁၈ ယောက်သေဆုံးတယ်လို့ပဲ သတင်းထုတ်ပြန်ထားပါသေးတယ်”ဟု ဆူလီယာပြည်နယ်မှ ရဲမှူးမိုဟာမက်မိုဟာမက်က ပြောကြားခဲ့သည်။

နိုက်ဂျီးရီးယားသမ္မတက ရေလွှမ်းမိုးခံရသည့် ပြည်နယ်များအား နိုက်ဂျီးရီးယားဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ သန်း) အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုက်ဂျီးရီးယားနိုင်ငံသမ္မတ၏ အကြံပေး ဖြစ်သူ Femi Adesina က အဆိုပါ အကူအညီပေးမည့်ငွေများကို နိုက်ဂျီးရီးယား ဗဟိုဘဏ်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မယ်သီတာ**

Vol: 17, No.27 Monday July 17 2017

# ဘားအံမြို့ရှိ မူလတန်းကျောင်းများနှင့် ကျေးရွာများတွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများ ကျင်းပ

ကရင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဇွန်လ ၁၆ ရက်မှ ဇူလိုင်လ ၁၁ ရက်ထိ ဘားအံမြို့ရှိ မူလတန်းကျောင်းများနှင့် ကျေးရွာများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ကျင်းပခဲ့ကြသည်။

စားသုံးသူ အ ကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကိုဇွန် ၁၆ ရက်တွင် အ. မ. က (၄)၊ ဇွန် ၁၉ ရက်တွင် အ. မ. က (၅)၊ ဇွန် ၂၀ ရက်တွင် အ. မ. က (၆)၊ ဇွန် ၂၂ ရက်တွင် အ. မ. က (၇)၊ ဇွန် ၂၃ရက် တွင် အ. မ. က (၈)၊ ဇွန် ၂၆ ရက်တွင် အ. မ. က (၉) မူလွန်၊ ဇွန် ၂၇ ရက်တွင် အ. မ. က(၁၀) မူလွန်ကျောင်း၊ ဇွန် ၂၈ ရက်တွင် ကော့ရင်းအောက် အ. ထ. က ၊ ဇွန် ၂၉ ရက်တွင်အမက(၁၀) ၊ ဇူလိုင် ၃ ရက်တွင် အမက (၁၂)၊ ဇူလိုင် ၄ ရက်တွင် အမက (၁၃)၊ ဇူလိုင် ၆ ရက်တွင် အမက(၁၄)၊ ဇူလိုင် ၇ရက်တွင် အမက (၁၅)၊ ဇူလိုင် ၁၀ ရက်တွင်အမက (၁၈)နှင့်ဇူလိုင် ၁၁ ရက်တွင် အမကခွဲ(ရွှေကင်း)တို့၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာ ပေးဟောပြောပွဲခြင်း၊ ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းတို့အား ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင်ဇွန် ၁၆ ရက်တွင် ဘားအံမြို့ ခဲထောက်ကျေးရွာနှင့် မြိုင်ကလေး ကျေးရွာ၊ ဇွန် ၁၆ ရက်တွင် အိန္ဒုစံပြကျေးရွာ၊ ဇွန် ၂၃ ရက်တွင် ကော့ကျိုက် ကျေးရွာ၊ ဇွန် ၂၈ ရက်တွင် ကော့ရင်းအောက်ကျေးရွာတို့၌ လည်းကောင်း စားသုံးသူပြည်သူ ဒေသခံများအား အသိပညာပေး ဟောပြောပွဲများကို ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။ **ခင်ကြည် (ကရင်ပြည်နယ်၊ စားသုံးသူ)**

# ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ကသာခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကသာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနရုံး၌ ဇွန်လ ၂၉ ရက်တွင် ကျင်းပခဲ့ရာ ကသာခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင် ၁၀ ဦးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။



အစည်းအဝေးတွင် ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်အုန်းက ကသာခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဇွန်လတွင် စာသင်ကျောင်းများသို့ ၁၉ ကြိမ်၊ ကျောင်းဈေးနှင့် ဈေးစစ်ဆေးမှု (၁၀) ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ငါးကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မေလလုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး ကသာခရိုင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

တက်ရောက်လာသော ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များကလည်း စားသုံးသူပြည်သူများ သတိပြုနိုင်ရန် စားသုံးရန် မသင့်သည့် အစားအသောက်ပုံများကို ဗီနိုင်း၊ ပိုစတာများ စိုက်ထူပေးရန်၊ လိုအပ်ချက် အကြံပြုချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ကသာ၊ ဗန်းမော် ကားဂိတ် အဝင်အထွက် စစ်ဆေးရန်၊ သောက်ရေသန့်စစ်ဆေးရေး၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ တာဝန်ပေးရန်၊ တားမြစ်စားသောက်ကုန်များနှင့် အလှကုန်၊ ဆေးပစ္စည်း၊ ရက်လွန်ပစ္စည်း ၅၄ မျိုးကို မီးရှို့ ဖျက်ဆီးရန်၊ မော်လူးတွင် FDA က သိမ်းဆည်း သော ရက်လွန်ဆေးပစ္စည်း ၃၇ မျိုးကို ဖျက်ဆီးရန် ဆုံးဖြတ်ခဲ့ကြပြီး စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်ဌာနများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိ ပါသည်။

**လှလှခိုင်(ကသာ)**

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းဦးစီးမှူးနှင့် စီးပွားရေးအသင်းအဖွဲ့များ တွေ့ဆုံပွဲပြုလုပ်

ပြည်တွင်း ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေး ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရန်နှင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်း ပိုမို ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် အသင်းအဖွဲ့များ၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဆွေးနွေးရန် တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြစိန်တို့သည် ဇူလိုင်ပထမပတ်တွင် တိုင်းဆန်စက် လုပ်ငန်းရှင်များအသင်း၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်း၊ စက်သုံးဆီရောင်းဝယ်ရေးအသင်း၊ အိမ်ခြံမြေဝန်ဆောင်မှု အသင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ အဆိုပါအသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်၊ အလုပ်အမှုဆောင်များနှင့် ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီး ဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က စီးပွားရေး အသင်းအဖွဲ့များကို သင်းဖွဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခိုင်မာစွာ ဖွဲ့စည်းထားရှိရမှာဖြစ်ကြောင်း၊ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက် လာမှာဖြစ်ကြောင်း၊ ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက အသင်းအဖွဲ့များမှ ကြိုတင်စီမံဆောင်ရွက်နိုင်ရန်နှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နှစ်ရှည်သီးနှံ၊ ကဏ္ဍစုံအလိုက် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အသင်းအဖွဲ့များ၊ သက်ဆိုင်ရာဌာနများ၊ ဒေသ အာဏာပိုင်တို့နှင့် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ လိုအပ်ပါက မိမိတို့ဌာနမှ ကူညီချိတ်ဆက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

တက်ရောက်လာသော စီးပွားရေးအသင်းအဖွဲ့များမှလည်း မိမိတို့အသင်း၏ လက်ရှိဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်း ဆန်ကုန်သည်များအသင်း၊ စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ဆားစက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ စက်မှုလက်မှုအသင်း၊ ပုစွန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ကုန်တင်ယာဉ်ပိုင်ရှင်များအသင်းနှင့် အဆိုပါ တိုင်းဒေသကြီး အသင်းများနှင့်လည်း ထပ်မံတွေ့ဆုံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ကန်ကြီးထောင့်မြို့နယ် (ကံရွာ) အ.ထ.က ကျောင်းနှင့် (ဝက်ထိုး) အ.ထ.က (ခွဲ) ကျောင်းတို့တွင် စားသုံးသူ အသိပညာပေး ဟောပြောပွဲ ကျင်းပ

ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးအုန်းသိန်းနှင့် ဝန်ထမ်းများသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်းလျက် ဇူလိုင် ၁၁ ရက်တွင် (ကံရွာ) အ. ထ. က ကျောင်းရှိဆရာ/ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦးအားလည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် (ဝက်ထိုး)ကျေးရွာ အ. ထ. က (ခွဲ) ကျောင်းရှိ ဆရာ/ဆရာမ ၊ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး အားလည်းကောင်း စာသုံးသူ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် မြို့နယ် တာဝန်ခံ ဦးအုန်းသိန်းက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ ခွင့်မပြုဆိုးဆေး၊ ဓါတုဆိုးဆေးပါ အစားအစာများ၊ ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သော အစားအသောက်များအား ရှောင်ကြဉ် စားသောက်နိုင်ရေး၊ စားသုံးသူများ၏ အခွင့်အရေးများ၊ FDA မှ တားမြစ်ကုန်စည်များနှင့် စားသုံးသူ အသိပညာပေး ဗဟုသုတများကို ဆွေးနွေးဟောပြော၍ တိုက်နယ်ဆရာဝန်မှ သွေးလွန်တုပ်ကွေး အကြောင်း သိကောင်းစရာများ ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်နိုင်ရေးနှင့် မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ကွမ်းစားသုံးခြင်း ဆိုးကျိုး အန္တရာယ်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။ **မင်းမင်းဦး၊ အုန်းသိန်း**

# ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၁၇) ကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၁၇) ကို ဇူလိုင် ၁၂ ရက်က ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ရာ ဒုတိယ ခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး ကော်မတီ အဖွဲ့ဝင်များနှင့် စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

ပခုက္ကူခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က (၃/၂၀၁၇) ကြိမ်မြောက် ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို ဇွန် ၂၀ ရက်တွင် ပြုလုပ်ခဲ့ကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနသည် မြို့နယ်အလိုက် မရှိသေးဘဲ ခရိုင်အဆင့်သာရှိကြောင်း၊ စားသုံးသူ ပြည်သူများ အသိ ပညာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိဖို့ လိုအပ်ကြောင်း၊ လက်ကမ်းစာစောင်များကိုလည်း များများ ဖြန့်ဝေပေးစေလိုကြောင်း၊ သို့မှသာ ထိရောက်မှုပိုရှိမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်ဦးစီးမှူး ဦးသန်းဦးကဇေပြီ၊ မေ၊ ဇွန်လအတွင်း နှစ်ခရိုင်ပေါင်း ၁၄၅ ကြိမ် ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထုတ်ကုန်စစ်ဆေးမှုနှင့် ပတ်သက်၍လည်း ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့၊ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များသို့ ဝင်ရောက် စစ်ဆေးခဲ့ရာ မှိုတက်၊ သက်တမ်းကုန် စားသောက်ကုန်များနှင့် ဆေးဝါးများတွေ့ရှိ၍ ထိုပစ္စည်းများကို အဖွဲ့စုံဖြင့် ပူးပေါင်း၍ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ် ဆောင်ရွက်လိုကြောင်း၊ ဝန်ဆောင်မှုနှင့် ပတ်သက်၍ စားသုံးသူများကို အသိပညာပေး ဟောပြောသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း ကုန်သွယ်မှုမြှင့်တင်ရေးအကြောင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် ဟောပြောသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**သူဇာကျော်(ပခုက္ကူ)**

## ပုသိမ်မြို့ရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် ပုသိမ်မြို့ အထက(၂)တို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲများကျင်းပ

ပုသိမ်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနသည် ဇူလိုင် ၈ ရက်တွင် ပုသိမ်မြို့ရှိ နို့စားနွားမွေးမြူရေး လုပ်ငန်းရှင်များအားလည်းကောင်း၊ ဇူလိုင်လ ၁၀ ရက်တွင် အ. ထ. က (၂) ပုသိမ်ရှိ ကျောင်းသူကျောင်းသားများအား လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများကို ကျင်းပခဲ့သည်။

နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များအား ဟောပြောရာတွင် ခရိုင် ဦးစီးမှူးက စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်း၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ အကြောင်း အားအကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့ပြင် အ. ထ. က (၂) ပုသိမ်၌ ဟောပြောရာတွင် ခရိုင်ဦးစီးမှူးက ကျောင်းသူကျောင်းသားများအား စားသုံးသူရေးရာ သိမှတ်ဖွယ်ရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ဒုတိယဦးစီးမှူးမှ ကျောင်းသူကျောင်းသားများ အဓိကထားရှောင်ရှားစားသုံးရမည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တားမြစ်ထားသော အစားအစာများ၊ အသုံးမပြုရသည့် ဆိုးဆေးများဖြင့် ပြုလုပ်ထားသောမုန့်များအား ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိပါသည်။

ထို့နောက် ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် အမှတ် (၂) ကျောင်းမုန့် ဈေးတန်း စားသုံးသူရေးရာ အဖွဲ့သည် ကျောင်းအတွင်း ကျောင်းမုန့်ဈေးတန်းများအား လိုက်လံကြည့်ရှုစစ်ဆေး၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တားမြစ်ထားသော အစားအစာများ၊ ဆိုးဆေးအလွန်အကျွံ သုံးစွဲထားသောမုန့်များ၊ ရက်လွန်သက်တမ်းလွန်မုန့်များ၊ သန့်ရှင်းလတ်ဆတ်မှုမရှိသော မုန့်များ အား ရောင်းချခြင်းမပြုရန် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## ဟင်္သာတခရိုင်အတွင်း မြို့နယ်များရှိ စာသင်ကျောင်းများတွင် စားသုံးသူ အသိပညာပေး ဟောပြောပွဲများကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ကြံခင်းမြို့နယ်တာဝန်ခံနှင့် အဖွဲ့သည် ဇွန် ၁၅ ရက်တွင် သံပုရာအင်းရွာ အ. မ. က ကျောင်းတွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၆၇ ဦးတို့အား လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန လေးမျက်နှာမြို့နယ်တာဝန်ခံနှင့် အဖွဲ့သည်ဇွန် ၁၅ ရက်တွင် ကြည်တော်စုကျေးရွာ အ. မ. က ကျောင်းတွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၉၁ ဦးတို့အား လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန အင်္ဂပူမြို့နယ်တာဝန်ခံနှင့်အဖွဲ့သည် ဇွန် ၂၀ ရက်၌ မဲဇလီကုန်းတိုက်နယ်၊ သဘော့ကျေးရွာ အလယ်တန်းကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူနှင့် ကျောင်းဈေးရောင်းချသူစုစုပေါင်း ၃၃၇ ဦးတို့အား စားသုံးသူအသိပညာပေး ဟောပြောရာတွင် သက်တမ်းလွန်မုန့်များ၊ ဆိုးဆေးပါသော အစားအစာများ၊ အရောင်ချွတ်ဆေး၊ တာရှည်ခံဆေးများပါသော အစားအစာများအား သတိပြုရွေးချယ် စားသောက်နိုင်ရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ၊ စားသုံးသူဥပဒေ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ FDA မှ တားမြစ်ထားသော အစားအသောက်၊ လူသုံးကုန်များအကြောင်း ဟောပြော ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။ စားသုံးသူများ အမှန်တကယ်နစ်နာမှုရှိပါက မိမိတို့ဌာနတွင် ဖွင့်လှစ်ထားသော စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ (CICC) သို့တိုင်ကြားနိုင်ကြောင်းလည်း ထည့်သွင်းဟောပြောခဲ့ပါသည်။

ဟောပြောပွဲပြီးဆုံးချိန်တွင် ကျောင်းမုန့်ဈေးတန်းများသို့သွားရောက်၍ စားသုံးရန်မသင့်သော အစားအစာများ ၊ ခွင့်မပြုမုန့်များ၊ ဆိုးဆေးပါသော အစားအစာများနှင့် သက်တမ်းလွန်မုန့်များ ရောင်းချမှုမရှိစေရန်နှင့် သန့်ရှင်းလတ်ဆတ်သော အစားအစာများရောင်းချပါရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်းသတင်း ရရှိပါသည်။**မောင်မောင်မြတ်ခိုင်**

## ထားဝယ်မြို့ မောင်မယ်ရှောင် အ ◦ ထ ◦ က (ခွဲ) ကျောင်းနှင့် မနဲ့ကုန်း အ ◦ မ ◦ က ကျောင်းတို့တွင်စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများဟောပြောဆွေးနွေး

စားသုံးသူရေးရာ ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇွန်လ ၂၈ ရက်က ထားဝယ်မြို့၊ မောင်မယ်ရှောင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၌ ဆရာ၊ ဆရာမနှင့် ကျောင်းမုန့်ဈေးသည်စုစုပေါင်း ၃၄ ဦးအပါအဝင် စုစုပေါင်း ၇၃၇ ဦးအား လည်းကောင်း၊ မနဲ့ကုန်းအခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ စုစုပေါင်း ၇၄ ဦးအား လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲ တွင် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးရိက စားသုံးသူရေးရာ ဦးစီးဌာန စတင်ပေါ်ပေါက်လာပုံ၊ ဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ အကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး၊ ဦးစီးမှူး ဦးကျော်မင်းက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင်ပါဝင်သော ပိုးသတ်ဆေးများအကြောင်းကို လည်းကောင်း၊ တာရှည်ခံဆေးများ အသုံးပြုထားသော အစားအသောက်များ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ ကာ ဒုတိယဦးစီးမှူး ဒေါ်ကြည်ကြည်ဇင်က ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးနှင့် ညီညွတ် သည့် အစားအသောက်များကို ရွေးချယ်ဝယ်ယူ စားသောက်တတ်စေရန် အကြောင်းကိုလည်းကောင်း၊ လုံခြုံမှု မရှိသော ထုတ်ကုန်များ၏ ဘေးအန္တရာယ် အကြောင်းကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်ပန်းအိခိုင်က အစားအသောက်များတွင် ပါဝင်သော ဆိုးဆေးများအကြောင်းကို လည်းကောင်း ရှင်းလင်း ဟောပြောခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၀၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**



## ကျိုက်လတ်မြို့နယ်တွင် ကျောင်းမုန့်ဈေးတန်းကြီးကြပ်ရေး အဖွဲ့နှင့် ကျောင်းစားသုံးသူရေးရာအဖွဲ့အား သင်တန်းပို့ချ

ကျိုက်လတ်မြို့နယ်တွင် ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်တာဝန်ခံများ ပူးပေါင်း၍ (၁)ရပ်ကွက်ရှိ အ. လ. က (၁)၌ ကျောင်း မုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့နှင့် ကျောင်းစားသုံးသူ ရေးရာအဖွဲ့အား ဇွန် ၂၁ နှင့် ၂၂ ရက်တို့တွင် စားသုံးသူ ရေးရာသင်တန်းပို့ချခဲ့ကြောင်းသိရ သည်။

အဆိုပါသင်တန်းတွင် ဒေးဒရဲမြို့ နယ်တာဝန်ခံ ဦးဝင်းနိုင် က စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အကြောင်းအရာများကိုလည်းကောင်း၊ ဖျာပုံမြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်ကစားသုံးသူရေးရာကိစ္စရပ်နှင့် ပတ်သက်၍ အပိုင်း(၅)ဖြင့် လုပ်ငန်းဆောင်ရွက်မည့် အစီအမံများ၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ကျောင်းမုန့်ဈေးတန်းစားသုံးသူရေးရာအဖွဲ့များ လိုက်နာရမည့်အချက်များကို လည်းကောင်း၊ ဖျာပုံမြို့နယ် ဒုတိယ တာဝန်ခံ ဦးမင်းဇော်က FDA မှ တားမြစ်ထားသော အစားအစာများ အကြောင်းကိုလည်းကောင်း၊ ကျိုက် လတ်မြို့နယ်တာဝန်ခံ ဦးခင်မောင်ဇင် နှင့် ဖျာပုံခရိုင်မှ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းတို့ကလည်းကောင်း အသီးသီး ရှင်းလင်းပို့ချခဲ့ကြပါသည်။ အဆိုပါအခမ်းအနားသို့ ကျောင်း မုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့မှ ဆရာ၊ ဆရာမများ၊ ကျောင်းစားသုံးသူရေးရာ အဖွဲ့မှ ရပ်မိ၊ ရပ်ဖများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ပြီး၊ ကျိုက်လတ်မြို့နယ် လက်ထောက်ပညာရေးမှူး ဦးထိန်လင်းက သက်ဆိုင်ရာ တာဝန်ကျသူများအနေဖြင့် ကျောင်းများရှိ မုန့်ဈေးတန်းတွင် တားမြစ်ထားသော အစားအစာများ ရောင်းချခြင်းမရှိစေရေးအတွက် နေ့စဉ်ကြီးကြပ် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## စစ်ကိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၅/၂၀၁၇) ကျင်းပ

စစ်ကိုင်းခရိုင် စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေး အဖွဲ့၏ လုပ်ငန်းညှိ နှိုင်းအစည်းအဝေးကို စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းခရိုင် ဦးစီးမှူးရုံး၌ ဇွန်လ ၂၉ ရက်က ကျင်းပခဲ့ရာ မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ခရိုင် စားသုံး သူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဌ ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးခင် မောင်ဆန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်စိုးက စစ်ကိုင်းစက်မှုဇုန်ရှိ အရက်ချက်စက်ရုံနှင့် အရက်ပုလင်းသွပ် စက်ရုံများအား စက်မှုလုပ်ငန်းလိုင်စင်၊ FDA ထောက်ခံချက်၊ စည်ပင်လိုင်စင်၊ အခွန်ပေးဆောင်မှု၊ သဘာဝပတ်ဝန်းကျင် အန္တရာယ်များ ရှိ/မရှိ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ သွားရောက် စစ်ဆေးခဲ့ပြီး လုပ်ငန်းလည်ပတ်ပုံများကိုလည်း လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း၊ စစ်ကိုင်း မြို့ရှိ ကုန်စုံဆိုင်များကို စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချမှုမရှိစေရန် ပညာပေး ဆွေးနွေးခြင်း၊ သိမ်းဆည်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကားဂိတ်များကိုလည်း ဝန်ဆောင်မှုနှင့် ပတ်သက်၍ ပညာပေးခြင်းများ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စစ်ကိုင်းခရိုင် မြို့လယ် လူစည်ကားရာနေရာတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ကို ဇူလိုင်လအတွင်းမှာ ဖွင့်လှစ်ရန် စီစဉ်ထားရှိပါကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါ သည်။

ထို့နောက် တက်ရောက်လာကြသော မိတ်ဖက်ဌာနအသီးသီးမှ တာဝန်ရှိသူများက ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**သဇင်ကို (စစ်ကိုင်း)**

ယခင်တစ်ပတ်မှအဆက်

# တရုတ်နိုင်ငံသို့ ပို့ကုန် တင်ပို့မည်ဆိုလျှင်

ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ)

### Quarantine Inspection Permit (QIP)

တရုတ်နိုင်ငံသို့ တင်သွင်းမယ့် မည်သည့် လယ်ယာထွက်ကုန်ပစ္စည်းအတွက်ကိုမဆို ကူးစက်ရောဂါ စစ်ဆေးခြင်းပါမစ် (QIP) ကို လျှောက်ထားရမှာဖြစ်ပါတယ်။ Importer အနေနဲ့ General Administration of Quality Supervision, Inspection and Quarantine of the People's Republic of China (AQSIQ) ထံမှာ သဘော်တင် အရေအတွက်နဲ့စပ်လျဉ်းတဲ့ အချက်အလက်တွေကို QIP လျှောက်လွှာနဲ့တကွ တင်ပြရမှာဖြစ်ပါတယ်။ QIP လျှောက်လွှာတစ်စောင်ဟာ အကြိမ်ကြိမ် ကုန်တင်ပို့မှုကို လုပ်ဆောင်နိုင်ပြီး သက်တမ်းကတော့ ခြောက်လ ဖြစ်ပါတယ်။

### Meat Quarantine Import Permit (MQIP)

တရုတ်နိုင်ငံသို့ အသားတင်ပို့မှုအတွက်ကိုတော့အသားနဲ့ပတ်သက်တဲ့ ကူးစက်ရောဂါကင်းရှင်းမှု သွင်းကုန်ပါမစ် (MQIP) လိုအပ်ပါတယ်။ တရုတ်နိုင်ငံအတွင်းသို့ အသားတင်သွင်းမည့် သူဟာAQSIQ ထံမှာ သဘော်တင်ပို့မှု အရေအတွက်နဲ့ စပ်လျဉ်းတဲ့ အချက်အလက်တွေကို MQIP လျှောက်လွှာနဲ့ အတူတင်ပြရမှာ ဖြစ်ပါတယ်။ လျှောက်လွှာ တစ်စောင်ဟာ အကြိမ်ကြိမ်ကုန်တင်ပို့မှုကို ဆောင်ရွက်နိုင်ပြီး MQIP ရဲ့ သက်တမ်းက ခြောက်လဖြစ်ပါတယ်။ MQIP ရဲ့ ထူးခြားချက်ကတော့ Importer တစ်ဦး ဟာ မတူညီတဲ့ ကုမ္ပဏီတွေအတွက် MQIP စောင်ရေများစွာကို လျှောက်ထား ရယူခွင့်ရှိသော်လည်းProduction Plant တစ်ခုအတွက်ကိုတော့ MQIP တစ်စောင်သာ ရယူခွင့်ရှိတာပဲ ဖြစ်ပါတယ်။

### Automatic Registration Form (ARF) on Poultry

တရုတ်နိုင်ငံကို ကြက်၊ ဘဲ၊ ငန်း တင်ပို့မယ်ဆိုရင်တော့ အထက်မှာဖော်ပြထားတဲ့ MQIP အပြင် တရုတ်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့သီးခြား သွင်းကုန် ပါမစ်စနစ်တစ်ခုဖြစ်တဲ့အလိုအလျောက် မှတ်ပုံတင်ပုံစံ(ARF)လည်း လိုအပ်ပါတယ်။ ဒီစနစ်ကတော့ တရုတ်နိုင်ငံ အတွင်းသို့ ကြက်၊ ဘဲ၊ ငန်း တင်သွင်းသူတွေအတွက် တင်သွင်းခွင့်ရှိတဲ့ပမာဏကို ဝန်ကြီးဌာနက ခွဲဝေသတ်မှတ်ပေးတဲ့ စနစ်ပဲဖြစ်ပါတယ်။

### Biotech Product Labeling Policy

ဇီဝနည်းပညာ ထုတ်ကုန်တံဆိပ်ကပ်ခြင်းဆိုင်ရာမူဝါဒကိုတော့ တရုတ်နိုင်ငံ၊ စိုက်ပျိုးရေး ဝန်ကြီး ဌာနကကိုင်တွယ်တာ ဖြစ်ပါတယ်။ မျိုးဗီဇပြောင်းလဲထုတ်လုပ်ထားတဲ့ပစ္စည်းတွေရဲ့ စံသတ်မှတ်မှုအပိုင်း၊ တံဆိပ်ကပ်ခြင်းဆိုင်ရာ စီမံ ဆောင်ရွက်ခြင်းအပိုင်းနဲ့ စားသုံးသူအခွင့်အရေး အကာအကွယ်ပေးခြင်းတို့ အားကောင်းလာဖို့ အဆိုပါမူဝါဒကို ချမှတ်ဆောင်ရွက်တာဖြစ်ပါတယ်။ အတည်ပြု သတ်မှတ်ထားတဲ့ တံဆိပ်ကပ်ရန်လိုပြီး၊ တံဆိပ်မကပ်ထားတဲ့(သို့) မှားယွင်းစွာ တံဆိပ်ကပ်ဖော်ပြထားတဲ့ကုန်စည်တွေကို တင်သွင်းခွင့် မပြုဖို့ ပိတ်ပင်ပါတယ်။ကုန်ပစ္စည်း အမျိုးအစားတွေကတော့ပဲပုပ်စေ့၊ ပဲပုပ်စေ့အမှုန့်၊ ပဲပုပ်စေ့ဆီ၊ ပဲပုပ်စေ့ အစားအစာ၊ ပြောင်းစေ့၊ ပြောင်း၊ ပြောင်းဆီ၊ ပြောင်းအမှုန့်၊ ပန်းနှမ်းအစေ့၊ ပန်းနှမ်းမျိုးစေ့၊ ပန်းနှမ်းဆီ၊ ပန်းနှမ်းအစားအစာ၊ ဝါစေ့၊ ခရမ်းချဉ်စေ့၊ ခရမ်းချဉ်သီးနှင့် ခရမ်းချဉ်သီး အနှစ်တို့ ဖြစ်ကြပါတယ်။

### Animal Feed and Feed Additive Regulations

တိရစ္ဆာန်အစာနှင့် အစာပစ္စည်း တင်သွင်းမှုအတွက် တရုတ်နိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာနမှာ မှတ်ပုံတင်ဖို့လိုအပ်မှာဖြစ်ပါတယ်။အစေ့အဆန်မဟုတ်တဲ့ (သို့ဟုတ်)သမားရိုးကျတိရစ္ဆာန် အစာနဲ့ အစာပစ္စည်းအား လုံးကို အဆိုပါဝန်ကြီးဌာန၌ မှတ်ပုံတင်ဆောင်ရွက်ရမည်လို့ ဖော်ပြထားပါတယ်။ ဒီမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ဟာ တင်ပြရန် အချက်အလက် လိုအပ်မှုများပြားပြီး၊ အချိန်အတော်ယူ ဆောင်ရွက်ရတယ်လို့လည်း သိရပါတယ်။

### တရုတ်နိုင်ငံ၊ မည်သည့်ဌာန/ အဖွဲ့အစည်းတွေက စားသောက်ကုန် တင်သွင်းမှုကို ကိုင်တွယ်တာလဲ။

### Ministry of Agriculture (MOA)

တရုတ်နိုင်ငံ၊ စိုက်ပျိုးရေး ဝန်ကြီးဌာနဟာ လယ်ယာထွက်ကုန် ပစ္စည်းတင်သွင်းမှုအတွက် စံသတ်မှတ်ချက်များနှင့် လိုအပ်ချက်များကို ချမှတ်ခြင်း၊ သွင်းကုန်ပါမစ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပါတယ်။ တရုတ်စိုက်ပျိုးရေး ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ အချက်အလက် တွေကိုတော့ http://english.agri.gov.cn နဲ့ http://www.moa.gov.cn တို့မှာ ဝင်ရောက် ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

### General Administration of Quality Supervision, Inspection and Quarantine of the People's Republic of China (AQSIQ)

AQSIQ ဟာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ အောက်ရှိဝန်ကြီးဌာန အဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ လယ်ယာထွက်ကုန် ပစ္စည်းတင်သွင်းမှုအားလုံးအတွက် စစ်ဆေးကြီးကြပ်ခြင်းကို ဒီအဖွဲ့ကနေ ဆောင်ရွက်တာဖြစ်လို့ မြန်မာ့လယ်ယာထွက်ကုန် တင်ပို့သူတွေအနေနဲ့ အများဆုံး ထိတွေ့ရမယ့် အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ AQSIQ ရဲ့ ဝက်ဘ်ဆိုက်လိပ်စာကတော့ http://www.aqsiq.gov.cn ဖြစ်ပါတယ်။ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ အပင်နှင့် အပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာနှင့် အစာထွက်ပစ္စည်းများနှင့် မျိုးဗီဇပြောင်းလဲထားသည့်ပစ္စည်းများနဲ့ဆိုင်တဲ့ quarantine regulations တွေကို http://www.aqsiq.gov.cn/ywpd/ ရဲ့ Animal and plant quarantine and supervision မှာ ဝင်ရောက် လေ့လာလို့ရပါတယ်။ ဒါ့အပြင် စားသောက်ကုန်များ၊ အခွံမာသီးများ၊ နို့ထွက်ပစ္စည်းနှင့် အသားစတဲ့ ကုန်ပစ္စည်းတွေနဲ့ဆိုင်တဲ့ စည်းမျဉ်းတွေကိုတော့ အဆိုပါဝက်ဘ်ဆိုက်ရဲ့ "Import and Export Food Safety Bureau မှာ ရှာဖွေကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

---

# (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် မြန်မာနိုင်ငံ

| ဝင်းသန်းကျော် (ကုန်သွယ်မြှင့်) |

ယခင်တစ်ပတ်မှအဆက်

**တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး** (CABIS)

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် အာဆီယံနိုင်ငံခေါင်းဆောင်များဆွေးနွေးချက်များအရ တရုတ်- အာဆီယံ ကုန်စည်ပြပွဲ ကျင်းပသည့်ကာလတွင် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (China-ASEAN Business & Investment Summit-CABIS) များကို တစ်ပြိုင်နက်တည်း ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအစည်းအဝေးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)၊ တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (CCPIT) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ ရည်ရွယ်ချက်မှာ တရုတ်-အာဆီယံလွတ်လပ်သော ကုန်သွယ်ရေး နယ်မြေထူထောင်ရေးတွင် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အထူးမြှင့်တင်ရန် ဖြစ်ပါသည်။

ယခုနှစ်ကျင်းပမည့်(၁၄) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကြီးတွင်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေးများအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးညှိနှိုင်းတင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**တရုတ်-အာဆီယံကုန်စည်ပြပွဲဆိုင်ရာ အကြီးတန်းအရာရှိများ အစည်းအဝေး** (SOM)

တရုတ်-အာဆီယံကုန်စည်ပြပွဲဆိုင်ရာ အကြီးတန်းအရာရှိများ အစည်းအဝေး (CAEXPO Senior Officials Meeting) များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)၊ အာဆီယံ(၁၀)နိုင်ငံမှ ကုန်သွယ် ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများ၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအစိုးရတို့ပူးပေါင်း၍ သတ်မှတ်ကာလများတွင် တစ်နှစ်လျှင် နှစ်ကြိမ် နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

ယခုနှစ်တွင် အကြီးတန်းအရာရှိများ အစည်းအဝေး (SOM) ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်တွင်ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါ် ဦးဆောင်၍ အဖွဲ့ဝင်နှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

**တရုတ်-အာဆီယံကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှပါဝင်ပြသနိုင်ခဲ့မှု အခြေအနေ**

တရုတ်-အာဆီယံ ကုန်စည်ပြပွဲများကို ၂၀၀၄ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ခဲ့သည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ပြပွဲအကြိမ် | ပြခန်း | ကုမ္ပဏီ | လူဦးရေ | တန်ဖိုး US $ သန်း |
|---|---|---|---|---|
| ပထမ | ၃၂ | ၂၀ | ၆၀ | ၀.၀၅၄ |
| ဒုတိယ | ၃၉ | ၄၀ | ၉၇ | ၀.၀၈၁ |
| တတိယ | ၅၀ | ၄၆ | ၁၄၃ | ၁.၆၈၀ |
| စတုတ္ထ | သီးခြားခန်းမ | ၁၆၈ | ၂၄၃ | ၁.၁၁၀ |
| ပဥ္စမ | သီးခြားခန်းမ | ၆၈ | ၂၁၁ | ၁.၁၁၀ |
| ဆဋ္ဌမ | သီးခြားခန်းမ | ၈၃ | ၂၄၂ | ၁.၂၀၀ |
| သတ္တမ | သီးခြားခန်းမ | ၁၀၆ | ၂၈၃ | ၁.၀၅၅ |
| အဋ္ဌမ | သီးခြားခန်းမ | ၉၀ | ၁၉၇ | ၀.၄၈၀ |
| နဝမ | အမျိုးသားပြခန်းဆောင်၊ ကော်ဖီပြခန်းဆောင်၊ စိုက်ပျိုးရေးပြခန်းဆောင်နှင့် အပေါ့စားစက်မှုပြခန်းဆောင် | ၁၁၃ | ၂၆၅ | ၀.၈၅၇ |
| ဒသမ | ကုန်စည်ပြခန်းဆောင်နှင့် အပေါ့စား စက်မှုပြခန်းဆောင် | ၁၅၅ | ၂၅၅ | ၀.၇၈၇ |
| (၁၁) ကြိမ်မြောက် | ကုန်စည်ပြခန်းဆောင် | ၁၄၃ | ၃၄၁ | ၀.၉၂ |
| (၁၂) ကြိမ်မြောက် | ကုန်စည်ပြခန်းဆောင် | ၁၁၉ | ၃၅၀ | ၀.၇၃၆ |
| (၁၃) ကြိမ်မြောက် | ကုန်စည်ပြခန်းဆောင် | ၁၄၄ | ၃၇၀ | ၁.၂၉၆ |

**တရုတ်-အာဆီယံကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှ ဆုတံဆိပ်များရရှိခဲ့မှု အခြေအနေ**

တရုတ်-အာဆီယံကုန်စည်ပြပွဲ ကျင်းပရေး ကော်မတီသည် အာဆီယံနိုင်ငံများမှ တစ်နှစ်ထက်တစ်နှစ် ထူးခြားစွာပြသနိုင်ရေးနှင့် ပိုမိုစိတ်ဝင်စားအောင် ဆောင်ရွက်လျက်ရှိရာ ဆုချီးမြှင့်ခြင်း အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်လက်ဖော်ပြပါမည်။

# အခွန်နှုန်းထားအသစ်ကြောင့် လျှပ်စစ်ကား ထုတ်လုပ်မှု တစ်ဟုန်ထိုး တိုးတက်လာနိုင်

ပြည်တွင်းလျှပ်စစ်ကား ဝယ်လို အားသည် မကြာမီအတွင်း တစ်ဟုန်ထိုး တိုးတက်လာနိုင်ပြီး လျှပ်စစ်ကားသုံးစွဲမှု တိုးတက်ရေးအတွက် ထပ်ဆောင်းခွန် ဖြေလျှော့ပေးမှုအပေါ် ကျေးဇူးတင်ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ပြောကြားချက်ကို ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားပါသည်။

ထိုင်းစက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ Suparat Sirisuwanang က ယခုအခွန်နှုန်းထားအသစ်သည် ထိုင်းနိုင်ငံ၏ လျှပ်စစ်ကား ဈေးကွက်ကို အထောက်အပံ့ပြုမည်ဖြစ်ကြောင်း၊ Hybrid-Electric Vehicles (HEVs) နှင့် Plug-in Hybrid Vehicles (PHEVs) တို့အပေါ် ရောင်းအား မြင့်တက်လာစေမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လက်လီဈေးနှုန်း မြင့်မားနေ၍ ဝယ်ယူမှုနည်းပါးနေသေးကြောင်း ပြောကြားပါသည်။ လတ်တလောကာလတွင် လျှပ်စစ်ကား အမျိုးအစား လေးမျိုး ထုတ်လုပ်လျက်ရှိကြောင်း၊ ၎င်းတို့အနက် လျှပ်စစ်နှင့် ဓါတ်ဆီနှစ်မျိုးသုံးနှင့် လျှပ်စစ်နှင့် ဒီဇယ် နှစ်မျိုးသုံး HEVs နှင့် PHEVs ထုတ်လုပ်မှုမှာ ဦးစွာ တိုးတက်နိုင်ကြောင်း သုံးသပ်ထားပါသည်။ နောက်ပိုင်းတွင် နည်းပညာအသစ်များဖြင့် ဘတ္တရီလျှပ်စစ်ကား (BEVs) များ တိုးတက်လာနိုင်ပြီး သီးသန့်လျှပ်စစ်အား တစ်မျိုးတည်းသာ အသုံးပြုမောင်းနှင်နိုင်မည်ဖြစ်ကြောင်း ပြောကြားပါသည်။

လျှပ်စစ်ကား ထုတ်လုပ်မှုမှာ အစိုးရက ရည်မှန်းထားသော စက်မှုလုပ်ငန်း (၁၀) မျိုးအနက် တစ်ခုပါဝင်ပြီး ထိုင်းနိုင်ငံအား ကမ္ဘာ့ကား ထုတ်လုပ်မှု အကြီးမားဆုံးဒေသအဖြစ် ရည်ရွယ်ထားရှိပါသည်။ အစိုးရက ထပ်ဆောင်းခွန် နှုန်းထားအသစ်အား ဇွန်လ ၁၉ ရက်က တရားဝင်တော်ဝင်အမိန့်ပြန်တမ်းတွင် ဖော်ပြထားရှိပြီး ဖြစ်ပါသည်။ အခွန်နှုန်းထားသစ်အရ ရင်းနှီး မြှုပ်နှံမှုဘုတ်အဖွဲ့ (BoI) က HEVs နှင့် PHEVs ခရီးသည်တင်ကားများကို အခွန်နှုန်းထား ၂၅ ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုအပေါ် အခြေခံပြီး အဆင့်ဆင့် လျှော့ချပေးမည်ဖြစ်ကြောင်းနှင့် BEVs များအပေါ် မူလနှုန်းထား ၁၀ ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းအထိ လျှော့ချပေးထားကြောင်း သိရှိရပါသည်။

ခရီးသည်တင် Pickup ကားများ (PPVs) နှင့် နှစ်ခန်းတွဲ ဝန်ပေါ့ကုန်တင်ယာဉ်များ၏ (ကာဗွန်ဒိုင် အောက်ဆိုဒ် ထုတ်လွှတ်မှုကို တစ်ကီလိုမီတာခရီးတွင် ၁၇၅ ဂရမ်အောက် သတ်မှတ်ထားရှိသည့်) HEVs အုပ်စုတို့တွင် ယခင်က အခွန်နှုန်းထား ၂၅ ရာခိုင်နှုန်းနှင့် ၁၂ ရာခိုင်နှုန်းအသီးသီး သတ်မှတ်ထားရာမှ နှုန်းထားအသစ်အရ ၂၃ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းသို့ လျှော့ချထားခဲ့ပါသည်။

သို့သော် အခွန်နှုန်းထား အထူးအခွင့်အရေးပေးခြင်းသည် အစိုးရက သတ်မှတ်ထားရှိသော ပြည်တွင်းထုတ် လျှပ်စစ်ကားများအတွက်သာဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့၏ ယခုနှစ် မတ်လထုတ်ပြန်ချက်အရ လျှပ်စစ်ကားများ ထုတ်လုပ်မှုအပေါ် အခွင့်အရေးပေးခြင်းတွင် အခွန်ကင်းလွတ်ခွင့်ကာလ ငါးနှစ်မှ ရှစ်နှစ်အထိ လျှော့ပေါ့ပေးခြင်းလည်း ပါဝင်ပါသည်။ ယခုအထူးအခွင့်အရေးပေးခြင်းသည် HEVs , PHEVs နှင့် BEVs လျှပ်စစ်ကားများ ထုတ်လုပ်မှု အားလုံးအကျုံးဝင်ပါသည်။ ၎င်းအပြင် ဘုတ်အဖွဲ့ အနေဖြင့် လျှပ်စစ်ကား ထုတ်လုပ်ရန်အရေးကြီးသော အစိတ်အပိုင်း ၁၀ မျိုးအပေါ်လည်း ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ရှစ်နှစ်အထိ ခွင့်ပြုထားပါသည်။

၎င်းအစိတ်အပိုင်း ၁၀ မျိုး ထုတ်လုပ်မှုအပေါ် အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် နည်းပညာ ရှာဖွေနိုင်ရေးအတွက် ထုတ်လုပ်သူများသည် အရှေ့ပိုင်း စီးပွားရေးစင်္ကြံ (EEC) ၌ ဆောင်ရွက်ပြီး ယခုနှစ် ဒီဇင်ဘာလ ၂၉ ရက်အထိ လုပ်ငန်း ဆောင်ရွက်ခွင့် လျှောက်ထားသူများအပေါ် ဝင်ငွေခွန် ၅၀ ရာခိုင်နှုန်းအား နောက်ထပ် ငါးနှစ်အထိ ထပ်မံလျှော့ချပေးမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ စက်မှုလုပ်ငန်းရှင်များ အသင်းအောက်ရှိ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းစုအဖွဲ့မှ ဇွန်လ ၂၁ ရက်က ထုတ်ပြန်ရာတွင် မေလအတွက် ကားထုတ်လုပ်မှုမှာ သုည ဒသမ ၆၅ ရာခိုင်နှုန်းတိုးတက်ပြီး စီးရေ ၁၆၉၄၉၅ စီး ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ကားရောင်းချရမှုမှာလည်း သုည ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာပြီး စီးရေ ၆၆၄၂၂ ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

ကားတင်ပို့မှုမှာ ၁၁ လ ဆက် တိုက်ကျဆင်းနေပြီး ၉ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းကာ စီးရေ ၉၀၀၉၂ သာရှိ ကြောင်း၊ တင်ပို့နိုင်မှုတန်ဖိုးမှာလည်း ၁၂ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဘတ် ၄၈ ဘီလီယံသာရှိကြောင်း ထုတ်ပြန်ထားရှိပါသည်။

**သတင်းရင်းမြစ် -(၂၂-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "New tax rates set to spark electric car surge " သတင်း**

**သောင်းနိုင်(တာချီလိတ်)**



# သကြားအခွန် တိုးမြှင့်မှုကြောင့် ရှယ်ယာဈေးနှုန်းကို ထိခိုက်စေနိုင်

အချိုရည် ထုတ်လုပ်မှု လုပ်ငန်းများအနေဖြင့် သကြားအပေါ် ထပ်ဆောင်းခွန် ကောက်ခံမည့် ကိစ္စနှင့် ပတ်သက်၍ စိုးရိမ်မှုများ ဖြစ်ပွားခဲ့သဖြင့် ဇွန်လ ၁၆ ရက်က ရှယ်ယာ ဈေးနှုန်းများ လျော့ကျခဲ့ကြောင်း သိရှိရပါသည်။ Stock Exchange of Thailand - SET စာရင်းဝင်အချိုရည် ထုတ်လုပ်မှုလုပ်ငန်းများ၏ ရှယ်ယာ ဈေးနှုန်းသည် ကျဆင်းသွားခဲ့ကြောင်း၊ အထူး သဖြင့် Carabao Group Plc, Food and Drinks Plc, Ichitan Group, Malee Group နှင့် Oishi Group တို့၏ ရှယ်ယာ ဈေးနှုန်းများ အဓိက ကျဆင်းခဲ့ကြောင်း၊ Tipco Foods ၏ ရှယ်ယာဈေးနှုန်းမှာ မြင့်တက်ခဲ့ပြီး Haad Thip နှင့် Sermsuk တို့၏ ရှယ်ယာဈေးနှုန်းမှာ မပြောင်းလဲခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

သစ်သီးဖျော်ရည် အပါအဝင် အချိုရည်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းများ အားလုံးသည် ယခုအသစ် ပြဋ္ဌာန်းလိုက်သည့် သကြားအပေါ် ထပ်ဆောင်းခွန် ကောက်ခံမည့်ကိစ္စနှင့် ပတ်သက်နေကြောင်း၊ ကော်ဖီနှင့် လက်ဖက်ရည် ထုတ်လုပ်မှုကုမ္ပဏီများအပေါ်တွင်လည်း ကြီးမားစွာ ထိခိုက်စေမည်ဖြစ်ကြောင်း Krungsri Securities သုတေသနဌာန၏ ဒုတိယဥက္ကဋ္ဌ Mr. Sunthorn Thongthip က ပြောကြားပါသည်။ လက်ရှိထပ်ဆောင်းခွန် ဥပဒေအရ ကော်ဖီနှင့် လက်ဖက်ရည်မှာ သဘာဝထုတ်ကုန်အပေါ် အခြေပြုဆောင်ရွက်သော လုပ်ငန်းများဖြစ်၍ အခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရှိရသည်။ သို့သော်လည်း ယခုပြဋ္ဌာန်းမည့် နှုန်းထားအသစ်မှာ သကြားပါဝင်မှု ပမာဏ နှင့် ရာခိုင်နှုန်းအပေါ် အခြေပြုတွက်ချက်မည်ဖြစ်၍ အသင့်သုံး ကော်ဖီနှင့် လက်ဖက်ရည်တို့အပြင် ရေခဲ့ကြမ်း (အအေး) တို့၌လည်း သကြားပါဝင်မှု များပြားနေ၍ အခွန်ကျသင့်စေမည်ဖြစ်ကြောင်း သိရှိရသည်။

လွန်ခဲ့သော နှစ်များစွာကပင် လက်ဖက်ရည်၊ ကော်ဖီ၊ ရေနွေးကြမ်း (အအေး)တို့၏ ဈေးကွက်အတွင်း ရောင်းချနိုင်မှု တိုးမြှင့်ခဲ့ကြောင်း၊ ယခုအခါ လက်ရှိရောစပ်ထားသည့်သကြားပါဝင်မှု အချိုးကို ဖော်မြူလာ အသစ်ဖြင့် လျှော့ချပြင်ဆင်ရန် လိုအပ်လာကြောင်း ပြောကြားပါသည်။ သို့သော်လည်း သတ္တုဓာတ်နှင့် အားဖြည့်အချိုရည်တို့၌ သကြားပါဝင်မှု နှုန်းထားမှာ လက်ဖက်ရည်၊ ကော်ဖီတို့၌ ပါဝင်မှု နှုန်းထားနှင့် မတူညီနိုင်ကြောင်း ၎င်းက ထပ်မံ ပြောကြားခဲ့ပါသည်။

သတ္တုဓာတ်နှင့် အားဖြည့်အချိုရည်များအား သကြားမပါဘဲ ထုတ်လုပ်၍ မရကြောင်း၊ သို့ဖြစ်၍ ၎င်းအချိုရည်များအပေါ် လက်လီရောင်းဈေးနှုန်း တိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရပါသည်။ မစ္စတာ ဆမ်သွန်၏ ပြောကြားချက်အရ အခွန်နှုန်းထားသက်ရောက်ပြီး သုံးလမှခြောက်လအတွင်း အခွန်နှုန်းထားအသစ်အပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ ကာလရှည်အတွက်မူ ခန့်မှန်းရန် ခက်ခဲနေသေးကြောင်း ပြောကြားပါသည်။

သဘာဝ သစ်သီးဖျော်ရည်များမှာ ကာလတိုအတွက် မထိခိုက်နိုင်သေးကြောင်း၊ ကောက်ခံမည့် အခွန်နှုန်းကိုလည်း ယခုအထိ တိကျစွာ ဆုံးဖြတ်ခြင်း မပြုရသေးကြောင်း၊ အကယ်၍ သကြားပါဝင်မှု အချိုးအပေါ် မူတည်ပြီး ၁၀ ရာခိုင်နှုန်းမှ ၁၄ရာခိုင်နှုန်းအထိ ပါဝင်မှု၊ ၁၄ ရာခိုင်နှုန်း မှ ၁၈ ရာခိုင်နှုန်းအထိ ပါဝင်မှုနှင့် ၁၈ ရာခိုင်နှုန်း အထက် ပါဝင်မှုဟူ၍ အုပ်စုခွဲခြား သတ်မှတ်ပြီး အခွန်နှုန်းထား ကွဲပြားပါက မည်သည့်ကုန်ပစ္စည်းအပေါ် ဦးစားပေး ထုတ်လုပ်နိုင်မည်ကို ရွေးချယ်စေနိုင်မည်ဟု ပြောကြားပါသည်။

Asia Plus Securities မှ သုတေသနပြုချက်အရ သကြားပါဝင်မှု ခွဲခြားပြီး အခွန်နှုန်းထား သတ်မှတ်သည့်တိုင် ကာဗွန်နိတ် အချိုရည်၊ အားဖြည့်အချိုရည်၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ဖျော်ရည်၊ ရေနွေးကြမ်း (အအေး) အားလုံးတို့အပေါ် အခွန်နှုန်းထားအသစ်အရ စရိတ်မြင့်တက်စေမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

အချိုရည်များအပေါ် ဈေးနှုန်း တိုးမြှင့် ရောင်းချရန်မှာ ခက်ခဲကြောင်း၊ အသင့်သုံး အချိုရည်နှင့် လက်ဖက်ရည်တို့၏ ဈေးကွက်ယှဉ်ပြိုင်မှု အားကြီးမားကြောင်း၊ ဈေးနှုန်းနှင့် အရောင်းမြှင့်တင်ရေးလှုပ်ရှားမှုများ ယှဉ်ပြိုင်လုပ်ကိုင်နေရကြောင်း၊ လက်ဖက်ရည်ဈေးကွက်မှာ သုံးနှစ်ဆက်တိုက် ကျဆင်းနေကြောင်း သုတေသနပြုချက်တွင်ဖော်ပြထားပါသည်။

အချိုရည်များအပေါ် ထပ်ဆောင်းခွန် ကောက်ခံမည့် ဥပဒေအသစ်မှာ စက်တင်ဘာလ ၁၆ ရက်နေ့တွင် စတင်အသက်ဝင်မည် ဖြစ်ပါသည်။ နှုန်းထားအသစ်အရ သကြားပါဝင်သော အချိုရည်များအတွက် ဈေးနှုန်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားနိုင်ပြီး အခွန်ဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်ကြောင်း၊ အယ်လ်ကိုဟော မပါဝင်သော အချိုရည်များအပေါ် သကြားပါဝင်မှု ၁၀ ရာခိုင်နှုန်းအောက်ဖြစ်ပါက အခွန် ကျသင့်မည်မဟုတ်ဘဲ သကြားပါဝင်မှု ၁၈ ရာခိုင်နှုန်းကျော်ပါက အခွန်နှုန်း အမြင့်ဆုံးဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**သတင်းရင်းမြစ် -(၁၇-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Sugar tax fear hits stocks" သတင်း**

**၂**

**သောင်းနိုင်(တာချီလိတ်)**

# ရော်ဘာဈေးနှုန်း တည်ငြိမ်ရေး ဆောင်ရွက်မည့် အစီအမံနှင့်ပတ်သက်၍ ထိုင်းအစိုးရ ကြိုဆို

ထိုင်းနိုင်ငံ အစိုးရအနေဖြင့် ရော်ဘာဈေးနှုန်း ကျဆင်းမှု ပြဿနာအား ဖြေရှင်းရန် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိကြောင်း၊ ထောက်ပံ့ငွေ ထုတ်ပေးခြင်းထက် တည်ငြိမ်သော ဈေးကွက်သို့ ချဉ်းကပ်နိုင်ရန် ဆောင်ရွက်သွားရေးကို ပိုမိုလိုလားကြောင်း ဗန်ကောက်ပို့စ် သတင်းစာတွင် ဖော်ပြထားပါသည်။ နိုင်ငံရေးသမားများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အုပ်စုမှ ယခုပြဿနာအား အကောင်းဆုံးနည်းလမ်း ရှာဖွေပေးရန် အစိုးရသို့ တောင်းဆိုခဲ့ကြောင်း ဝန်ကြီးချုပ် ပရာယွဒ်ချန်အိုချာကလည်း ၎င်းတို့၏ တောင်းဆိုမှုအပေါ် မျက်ကွယ်ပြုထားခြင်းမရှိပါကြောင်း၊ အစိုးရအနေဖြင့် ရော်ဘာဈေးနှုန်းတည်ငြိမ်ရေးကို ကိုင်တွယ်ထိန်းချုပ်ထားနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ရော်ဘာဈေးနှုန်း ကျဆင်းသည့်အခါတိုင်း ထောက်ပံ့ငွေပေးနေရခြင်းအစား တည်ငြိမ်မှု ရရှိရေးကိုသာ ကြိုးပမ်းဆောင်ရွက်သွားလိုကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး ဆန်ဆဲင်းက ဇူလိုင်လ ၁ ရက်တွင် ပြောကြားသွားပါသည်။



နှစ်စဉ်နှစ်တိုင်း အကြောင်းအရာအမျိုးမျိုးကြောင့် ရော်ဘာ ဈေးနှုန်း အတက်အကျနှင့် ရင်ဆိုင်နေရကြောင်း၊ ယခုနှစ် မေလနှင့် ဇွန်လတို့တွင် ဈေးနှုန်းကျဆင်းရန် အလားအလာ ရှိနေသော်လည်း၊ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပိုမိုရရှိနေကြောင်း၊ အစိုးရအနေဖြင့် ရော်ဘာဈေးနှုန်း ကျဆင်းမှုပြဿနာရပ်အပေါ် ပြည်တွင်း ရော်ဘာ သုံးစွဲမှုတိုးမြှင့်လာရေး တိုက်တွန်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုင်းနိုင်ငံ ရော်ဘာ အာဏာပိုင်အဖွဲ့ (RAT) အောက်ရှိ အဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ပြီး ရော်ဘာနှင့် ရော်ဘာသစ်များကို ခြံရှင်များထံမှ တိုးချဲ့ဝယ်ယူရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရော်ဘာစိုက်ပျိုးသူ လယ်သမားများ၏ သက်သာချောင်ချိရေးအတွက် ရန်ပုံငွေရရှိရေးကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ အစိုးရအနေဖြင့် စုပေါင်း ကုမ္ပဏီတစ်ခုကဲ့သို့ အနာဂတ်ကာလတွင် ရော်ဘာစီးပွားရေးလုပ်ငန်းများအား ပေါင်းစပ်ဆောင်ရွက်သွားရန် ရည်ရွယ်ထားရှိကြောင်း ၎င်းကပြောကြားပါသည်။

အစိုးရအနေဖြင့် အင်ဒိုနီးရှား၊ မလေးရှားတို့နှင့် ပူးပေါင်းပြီး သတ်မှတ်ကာလအတွင်း ရော်ဘာဈေးနှုန်းအား ဈေးကွက်အတွင်း ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ရော်ဘာအဓိက ဦးဆောင်တင်ပို့သောနိုင်ငံများဖြစ်သည်နှင့်အညီ ဈေးနှုန်းအတားအဆီးကိုလည်း တိုက်ဖျက်သွားရန် သဘောတူညီထားကြကြောင်း ဆက်လက်ပြောကြားပါသည်။ ယခုအခါ ထိုင်းနိုင်ငံ အစိုးရအနေဖြင့် သုံးနိုင်ငံအကြား ဝန်ကြီးဌာနအဆင့် ဆွေးနွေး ညှိနှိုင်းမှုများအား အရှိန်မြှင့်ဆောင်ရွက်ရန် ကြိုးစားနေပြီး ရော်ဘာဈေးနှုန်းကို ကိုင်တွယ်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်နေကြောင်း ဆက်လက် ပြောကြားပါသည်။

ယခုလတ်တလောတွင် ရော်ဘာဈေးနှုန်းတည်ငြိမ်ရေးအတွက် ထိုင်းရော်ဘာအာဏာပိုင် အဖွဲ့နှင့် အဓိက စီးပွားရေးလုပ်ငန်းရှင် ငါးဦးတို့ ပူးပေါင်းပြီး ရန်ပုံငွေ ဘတ် ၁ ဒသမ ၂ ဘီလီယံ ထည့်ဝင်စုဆောင်းထားပြီး ဖြစ်ကြောင်း၊ ယခုရန်ပုံငွေဖြင့် နိုင်ငံရပ်ခြားနှင့် ထိုင်းနိုင်ငံဗဟိုဈေးကွက်အတွင်း ရော်ဘာများဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ရော်ဘာ ဈေးနှုန်း တည်ငြိမ်မှုကို ထိန်းသိမ်းသွားမည့်အပြင် ရော်ဘာတင်ပို့မှုနှင့် ရော်ဘာလက်ကျန်များ ထိန်းချုပ်ခြင်းကို ကြီးကြပ်ရန် ပြဋ္ဌာန်းပေးထားသော ရော်ဘာကြီးကြပ်ရေးဥပဒေကိုလည်း တင်းကျပ်စွာ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ဆန်ဆဲင်းက ဆက်လက် ပြောကြားပါသည်။

ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံရေးသမားများနှင့် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအုပ်စုအား ၎င်းတို့၏ ရော်ဘာဈေးနှုန်း ပြဿနာအပေါ် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းအား ရှာဖွေမှုပုံစံကို ပြောင်းလဲသွားရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း၊ အတိတ်ကာလက ဆောင်ရွက်ပေးခဲ့မှုများကြောင့် အစိုးရတွင် ဝန်ထုပ်ဝန်ပိုး ဖြစ်ခဲ့ရမှုကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ၎င်းကဆက်လက် ပြောကြားပါသည်။ ထိုင်းနိုင်ငံတွင် အဓိကရော်ဘာစိုက်ပျိုးဒေသဖြစ်သော နိုင်ငံတောင်ပိုင်းဒေသမှ ဒီမိုကရက်ပါတီဝင်တို့ အနေဖြင့်လည်း ရော်ဘာဈေးနှုန်း ပြဿနာအား ဖြေရှင်းပေးရန် စာပေးပို့တောင်းဆိုထားကြောင်း သိရှိရပါသည်။

ဒီမိုကရက်ပါတီ ဒုတိယအကြီးအကဲနီပစ်က အစိုးရအား ဈေးကွက်စီမံခန့်ခွဲရေး မဟာဗျူဟာ အသစ်အားထုတ်ပြန်သွားရန် တောင်းဆိုထားကြောင်း၊ အစိုးရအနေဖြင့် ရော်ဘာလက်ကျန်များအား မည်သည့်အခါတွင်မှ ထုတ်ရောင်းမည် မဟုတ်ကြောင်းနှင့် ပြည်တွင်းသုံးစွဲမှု တိုးမြှင့်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းရော်ဘာကို ပြည်တွင်းသုံးအဖြစ် အရေးပါစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုင်းရော်ဘာ အာဏာပိုင်အဖွဲ့အောက်တွင် ကုမ္ပဏီတစ်ခု တည်ထောင်ပြီး မလေးရှား၊ အင်ဒိုနီးရှားတို့နှင့်ပူးပေါင်း၍ ရော်ဘာထုတ်လုပ်မှုနှင့် ရောင်းချမည့် အစီအမံအား သုံးနိုင်ငံနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရန် တိုက်တွန်းထားကြောင်း ဖော်ပြထားပါသည်။

**သတင်းရင်းမြစ် -(၂-၇-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Govt hails sustainable rubber plan " သတင်း**

**သောင်းနိုင်(တာချီလိတ်)**

# ထိုင်းအကောက်ခွန်မှ ရငွေ လျာထားချက်အား ဘတ် ၁၅ ဘီလီယံသို့လျှော့ချ




ထိုင်းနိုင်ငံ၊ အကောက်ခွန် ဦးစီးဌာနအနေဖြင့် အခွန်ကောက်ခံမှု ပုံသဏ္ဌာန် ပြောင်းလဲခြင်းနှင့် လွတ်လပ်သော ကုန်သွယ်ရေးဇုန်များအတွင်း အခွန် လျှော့ကျနိုင်မှုအပေါ် ယခုနှစ် အခွန်ရငွေ လျာထားချက်အား ဘတ် ၁၅ ဘီလီယံသို့ လျှော့ချသွားရန် ညှိနှိုင်းပြီးဖြစ်ကြောင်း ဖော်ပြထားပါသည်။ စက်တင်ဘာလကုန်တွင် ကုန်ဆုံးမည့် ယခုဘဏ္ဍာနှစ်အတွက် မူလ လျာထားချက် ရငွေ ဘတ်ဘီလီယံ ၁၂၀ မှ ၁၀၅ ဘီလီယံသို့ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kulit Sombatsiri က ပြောကြားပါသည်။

ဌာနရငွေအနေဖြင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဇုန် (AFTA) အရ အကောက်ခွန် နှုန်းထားများအား သုညရာခိုင်နှုန်း နီးပါး လျှော့ချရခြင်းကြောင့် ရငွေဘတ် လေးဘီလီယံ လျော့ကျသွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများအတွင်းမှ တပ်ဆင်ထုတ်လုပ်သော မော်တော်ကား တင်သွင်းမှုကြောင့်လည်း အခွန်ရငွေ ဘတ် သုံးဘီလီယံ ဆုံးရှုံးသွားနိုင်ကြောင်း၊ ပင်ရင်း ဒေသ စည်းမျဉ်းအရ လျှော့နည်းသွားခြင်းဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားပါသည်။ အင်ဒိုနီးရှားနိုင်ငံမှ ကားအစီးရေ ၇၀၀၀ ခန့် တင်သွင်းခဲ့ပြီး AFTA ၏ အခွန်သက်သာခွင့် အကျိုးအမြတ်ကို ရယူခံစားခဲ့ကြကြောင်း ရှင်းလင်း ပြောကြားပါသည်။ အခွန်နှုန်းထား ပုံသဏ္ဌာန် ပြောင်းလဲမှုကြောင့် အခွန်ရရှိမှုကို ထိခိုက်စေခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ယခုဘဏ္ဍာနှစ် မေလအထိ ရှစ်လအတွက် အကောက်ခွန် ကောက်ခံရရှိငွေသည် ဘတ် ၆၉ ဒသမ ၁ ဘီလီယံသာ ရရှိခဲ့ပြီး လျာထားချက် အောက် ၁၀ ဒသမ ၆ ဘီလီယံ လျော့နည်းကာ ၁၃ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ ယခင်နှစ် ကာလတူထက်လည်း ၆ ဒသမ ၁၅ ဘီလီယံလျော့နည်းပြီး ၈ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဖော်ပြထားရှိပါသည်။

အခွန်ကောက်ခံ ရရှိမှု လျာထားချက် ပြည့်မီရေးအတွက် အခွန်ကောက်ခံမှု ထိရောက်ရေး တိုးမြှင့်ရန် အကောက်ခွန်ဦးစီးဌာနအနေဖြင့် အခွန်ရှောင်တိမ်းမှုနှင့် ယိုပေါက် ဟာပေါက်များကို ယခုဘဏ္ဍာနှစ် လက်ကျန်သုံးလအတွင်း ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားပါသည်။ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) တွင် ၎င်း၏ အရာရှိများအား ကုန်ပစ္စည်း စစ်ဆေးမှု တင်းကြပ်စွာဆောင်ရွက်ရန်၊ ကုန်ပစ္စည်းဈေးနှုန်းနှင့် ကုန်အလေးချိန်တို့ ကြေညာရာတွင် အခွန်ရှောင်လွှဲမှု မဖြစ်စေရေး ကြပ်မတ်ရန်၊ ကုန်ပစ္စည်း ကြေညာမှုများ၌ ပင်ရင်းနိုင်ငံအား အခွန်သက်သာစေရန် မမှန်မကန် ကြေညာခြင်းများ မရှိရေး ကြပ်မတ်ရန် ညွှန်ကြားခဲ့ပါသည်။

စတီးနှင့် ဆက်စပ်ကုန်ပစ္စည်းများ၊ စက်ကိရိယာများ၊ IT ပစ္စည်းများ၊ အိမ်သုံးဆေးဝါးများ၊ လယ်ယာ ထွက်ကုန်ပစ္စည်းများ စသည်တို့ပါဝင်သော တန်ဖိုးကြီး အုပ်စုဝင် ပစ္စည်းများအား အထူးဦးစားပေး စစ်ဆေးသွားရန် ၎င်းက ညွှန်ကြားပါသည်။

၎င်းအပြင် အကောက်ခွန် ဦးစီးဌာနအနေဖြင့် စည်းမျဉ်းစည်းကမ်း ချိုးဖောက်သော ကုန်တင်သွင်းသူများနှင့် အထူးအရေးယူရန် လိုအပ်သော ကုန်တင်ပို့ရောင်းချသူများအား မှတ်တမ်းထားရှိဆောင်ရွက်သွားရန်၊ သတင်းပြန်ကြားရေးဌာနကို ဖွင့်လှစ်သွားရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ သတင်းပြန်ကြားရေးဌာနအနေဖြင့် အမျိုးအစားသုံးမျိုးခွဲခြား ထုတ်ပြန်သွားမည် ဖြစ်ကြောင်း၊ အနီရောင် သည်ဥပဒေချိုးဖောက်သော ကုန်တင်သွင်းသူ အုပ်စု၊ အဝါရောင်သည် စောင့်ကြည့်ရမည့် ကုန်တင်သွင်းသူများ အုပ်စုနှင့် အစိမ်းရောင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်သည့်အုပ်စု ဟူ၍ သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား ပါသည်။

၎င်းအစိမ်းရောင်အဆင့် ရရှိထားသူများအား အကောက်ခွန် ဦးစီးဌာနအနေဖြင့် လုပ်ငန်း ဆောင်ရွက်မှုများကို လျင်မြန်စွာ ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားပါသည်။

**သတင်းရင်းမြစ် - (၅-၇-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Customs reduces collection target by B15bn " သတင်း**

**သောင်းနိုင် (တာချီလိတ်)**



## စားအုန်းဆီကိစ္စနှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား အငြင်းပွားဖွယ်ရာအခြေအနေများ အစပျိုးနေ

ပြင်သစ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား စားအုန်းဆီတင်သွင်းမှုဆိုင်ရာ ကိစ္စရပ်နှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာအခြေအနေများ အစပျိုးနေပြီဖြစ်ကြောင်း BioFuel International သတင်းတွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံ၏ မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည့် စားအုန်းဆီ ထည့်သွင်းအသုံးပြုထားသည့် ဇီဝလောင်စာဆီတင်သွင်းမှုကို တားမြစ်ပိတ်ပင်သွားမည်ဟူသည့်ကြေညာချက်နှင့်ပတ်သက်၍ မလေးရှားနိုင်ငံကလည်းပြင်သစ်နိုင်ငံနှင့် ကုန်သွယ်မှုများအား ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

ဖြစ်နိုင်လျှင် ပြင်သစ်နိုင်ငံမှ မလေးရှားနိုင်ငံသို့ တင်သွင်းလာသည့် ပြစ်သစ်ထုတ်ကုန်များအား လျှော့ချဖြတ်တောက်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မကြာသေးမီက ပြင်သစ်နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး နီကိုလပ်စ်ဟော့လ်က စားအုန်းဆီကို အသုံးပြု၍ ထုတ်လုပ်ထားသည့် ဇီဝလောင်စာ ဆီတင်သွင်းမှုကို တားမြစ်သွားရန်၊ စားအုန်းဆီထုတ်လုပ်သည့် နိုင်ငံများ၏ သစ်တောပြုန်းတီးမှုကို လျှော့ချသည့်အနေဖြင့် အဆိုပါလုပ်ဆောင်ချက်ကို အကောင်အထည်ဖော်ရန် ထုတ်ဖော်ကြေညာခဲ့သည်။

ကမ္ဘာပေါ်တွင် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် စားအုန်းဆီ အများဆုံးစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံ နှစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

"ဒီကြေညာချက်ဟာ စားအုန်းဆီစက်ရုံတွေနဲ့ ထုတ်လုပ်သူတွေကို ဖိအားပေးလိုက်တာပဲဖြစ်ပါတယ်။ မလေးရှားနိုင်ငံနဲ့ ပြင်သစ်နိုင်ငံတို့ဟာ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းတွေမှာ ခိုင်ခိုင်မာမာနဲ့ရပ်တည်ခဲ့ကြတဲ့နိုင်ငံတွေပါ။ အခုလိုမျိုးစားအုန်းဆီစက်ရုံတွေကို ပိတ်ပစ်လိုက်ရတဲ့အဖြစ်မျိုးအထိ လုပ်လိမ့်မယ်လို့ မထင်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ပြင်သစ်နိုင်ငံရော၊ အခြားသောဥရောပနိုင်ငံတွေနဲ့ပါ ရေရှည်တည်တံ့ခိုင်မြဲစေတဲ့ အတူတကွပူးပေါင်းဆောင်ရွက်မှုမျိုးကိုပဲ လိုလားပါတယ်"ဟု မလေးရှားနိုင်ငံ စိုက်ပျိုးရေးစက်မှုလုပ်ငန်းနှင့် ကုန်စည်လုပ်ငန်းဝန်ကြီး Datuk Seri Mah Siew Keong က သတင်းစာရှင်းလင်းပွဲတွင် ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ စားအုန်းဆီလုပ်ငန်းများသည် သစ်တောပြုန်းတီးမှုနှင့် ဆက်စပ်နေသဖြင့် ပြင်းပြင်းထန်ထန် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည်။

## သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အသုံးပြုရန် လာအိုနိုင်ငံအား ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာသန်း ၃၀ ကူညီထောက်ပံ့

လာအိုနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အသုံးပြုရန် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၃၀ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဒေသတွင်း ဇူလိုင် ၁၃ ရက်က ထုတ်ဝေခဲ့သည့် ဒေသတွင်းသတင်းစာ တစ်စောင်ဖြစ်သည့် ဗီယန်ကျင်းသတင်းစာတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ရှိ ကမ္ဘာ့ဘဏ်၏ အမှုဆောင်ဒါရိုက်တာအဖွဲ့က အဆိုပါအမေရိကန်ဒေါ်လာသန်း ၃၀ ကူညီထောက်ပံ့မည့်ကိစ္စကို အတည်ပြုခဲ့ပြီး လာအိုနိုင်ငံ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးစီမံကိန်းလုပ်ငန်းများအတွက် ပေးအပ်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ထို့ပြင် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ ရေအရင်းအမြစ်ရရှိရေး စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ကိုလည်း အမေရိကန်ဒေါ်လာ ၂၅ သန်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားချက်ကို ကိုးကား၍ အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ကြေညာချက်များအရ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများသည် ငွေကြေးလှည့်ပတ်မှုလုပ်ငန်းစဉ်များအားလုံးကို ထေမိစေပြီး သတင်းအချက်အလက်များ ရရှိမှုကဲ့သို့သော လေ့လာတွေ့ရှိမှုများမှတစ်ဆင့် လာအိုနိုင်ငံတစ်ဝန်းရှိ လူမှုအသိုင်းအဝိုင်းများအား အကျိုးဖြစ်ထွန်းစေကြောင်း သိရသည်။

ထို့ပြင် ရေအရင်းအမြစ်စီမံခန့်ခွဲရေး လုပ်ငန်းများသည် အမျိုးသား ရေအရည်အသွေး ဓာတ်ခွဲခန်းတစ်ခုကိုတည်ထောင်ခြင်းနှင့် မည်သို့သောရာသီဥတုမျိုးပင်ဖြစ်စေ ရေရရှိမည်ဟု ခိုင်ခိုင်မာမာ ပြောကြားနိုင်ခြင်းတို့ကြောင့် သာမန်ပြည်သူများအား အကျိုးကျေးဇူး ဖြစ်ထွန်းစေလိမ့်မည်ဟု ဆိုသည်။

"လာအိုနိုင်ငံဟာ လျင်လျင်မြန်မြန်ကို ဖွံ့ဖြိုးတိုးတက်လျက်ရှိတာကြောင့် သဘာဝသယံဇာတ အရင်းအမြစ်တွေဟာ လျော့ပါးကုန်သလို ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်စေပါတယ်။ ပြည်သူတွေနဲ့ သူတို့ရဲ့ ပိုင်ဆိုင်ပစ္စည်းတွေဟာလည်း သဘာဝဘေးအန္တရာယ်ကြောင့် လျော့နည်းပျက်စီးကုန်ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ ရင်းနှီးမြှုပ်နှံမှုမလုပ်ရဘဲ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီး၊ လျော့ပါးသွားရတာတွေကို ပြန်လည်ဖြည့်ဆည်းနေရတာကြောင့် တိုးတက်သင့်သလောက် မတိုးတက်ဘူးဖြစ်နေပါတယ်"ဟု လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့အတွက် ကမ္ဘာ့ဘဏ်၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ အယ်လင်ဂိုးလ်စတိန်းက ပြောကြားခဲ့သည်။

လာအိုနိုင်ငံ၏ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှု ဒုတိယဝန်ကြီး Khamlien Pholsena က လာအိုနိုင်ငံအစိုးရအနေဖြင့် ကမ္ဘာ့ဘဏ်၏ ယခုကဲ့သို့ ကူညီထောက်ပံ့မှုမျိုးကို ကြိုဆိုပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ၂၀၁၆-၂၀၂၀ အဋ္ဌမကြိမ်မြောက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ဦးစားပေးအစီအစဉ်များဖြင့် ရေးဆွဲချမှတ်ခဲ့ကြောင်း၊ အဆိုပါအစီအစဉ်များတွင် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် နိုင်ငံ၏ ရေအရင်းအမြစ် ပေါကြွယ်ဝမှုများ ကောင်းစွာ ထိန်းသိမ်းထားနိုင်ရေးတို့ပါဝင်ကြောင်း ပြောကြားခဲ့သည်။

## အိန္ဒိယနိုင်ငံတွင် နွေသီးနှံစိုက်ပျိုးဧရိယာ ၃၉ ရာခိုင်နှုန်းမြင့်တက်



ယခုနှစ် သီးနှံစိုက်ရာသီတွင် နွေသီးနှံစိုက်ပျိုးဧရိယာသည် ၃၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ မိုးရွာသွန်းမှုသည် နိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်သဖြင့် နွေသီးနှံစိုက်ဧရိယာများ ယခုကဲ့သို့ မြင့်တက်လာရခြင်းဖြစ်သည်ဟု ဆိုသည်။

ဇူလိုင် ၁၄ ရက်စာရင်းအရ နွေသီးနှံစိုက်ဧရိယာ ဟက်တာ ၅၆ ဒသမ ၃၂သန်းရှိခဲ့ရာ စုစုပေါင်း စိုက်ဧရိယာ၏ ရှစ်ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ခုနှစ်က သီးနှံ စိုက်ဧရိယာမှာ ဟက်တာ ၅၂ ဒသမ ၁၈ သန်းသာ ရှိခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းဒေသများတွင် မိုးရေချိန်သည် သာမန်ထက် ၃၀ ရာခိုင်နှုန်းကျော် ပိုမိုရရှိခဲ့သဖြင့် စပါးစိုက်ပျိုးမှုအထူးသဖြင့် ဘာစမာတီစပါးစိုက်ပျိုးမှုသည် ပိုမိုမြင့်တက်ခဲ့သည်ဟု ဆိုသည်။

စပါးစိုက်ပျိုးမှုဧရိယာသည် ပြီးခဲ့သည့်နှစ်က စိုက်ပျိုးခဲ့သည့် ဧရိယာ ဟက်တာ ၁၂ ဒသမ ၅၈သန်းထက် ၄ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

ထို့ပြင် ပဲစင်းငုံစိုက်ဧရိယာများ ကျဆင်းလျက်ရှိနေစဉ် မတ်ပဲနှင့် ပဲတီ ရွှေဝါစိုက်ပျိုးမှုသည် တိုးတက်လျက်ရှိကြောင်း၊ ယခုနှစ် ပဲစိုက်ရာသီတွင် ပဲမျိုးစုံစိုက်ဧရိယာသည် ၁၀ ဒသမ ၅၆ သန်းရှိခဲ့ကြောင်း အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

နှံစားသီးနှံများ စိုက်ပျိုးမှုသည် ယခု နှစ် သီးနှံစိုက်ရာသီတွင် ၁၄ ဒသမ ၄၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဧရိယာ ဟက် တာ ၁၁ ဒသမ ၃၁ သန်းရှိခဲ့သည်။ ကြံစိုက်ပျိုးမှုသည် ၂၀၁၆ခုနှစ်ကထက် ခြောက်ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ဟက်တာ ၄ ဒသမ ၇၉သန်းရှိခဲ့သည်။ ဝါစိုက်ဧရိယာမှာ ၂၃ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဟက်တာ ၉ ဒသမ ၀၈သန်းရှိခဲ့သည်။

သို့သော် ဆီထွက်သီးနှံစိုက်ပျိုးမှုဧရိယာမှာ ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ဟက်တာ ၁၀ ဒသမ ၃၉ သန်းသာရှိခဲ့သည်။ ဆီထွက်သီးနှံများဖြစ်သည့်ပဲပုပ်၊ မြေပဲနှင့်နေကြာများကို အဓိကစိုက်ပျိုးလျက်ရှိသည့်ဒေသများဖြစ်သည့် မဒ္ဒရာပရာဒေ့ရှ်၊ အင်ဒရာပရာဒေ့ရှ်နှင့်တီလန်ဂါနာဒေသတို့တွင် စိုက်ဧရိယာများကျဆင်းခဲ့သည်။

ဇွန်လအစပိုင်းကတည်းက မိုးရွာသွန်းမှုသည် ၂၈၉ ဒသမ ၅ မီလီမီတာရှိခဲ့သဖြင့် သာမန်မိုးရေချိန်အတိုင်းရရှိခဲ့သည်။ အဆိုပါမိုးရေချိန်သည် ပြီးခဲ့သည့်နှစ်ကထက် လျော့နည်းရရှိခဲ့သော်လည်း အဓိကရေလှောင်တမံများတွင်မှု ရေများ လုံလောက်စွာရရှိခဲ့သည်ဟု ဆိုသည်။

မောင်ဆုစုစည်းသည်။

## ဗီယက်နမ်နိုင်ငံ၏စီးပွားရေး ၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ဟု ကမ္ဘာ့ဘဏ်သုံးသပ်

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၇ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ကမ္ဘာ့ဘဏ်က ဇူလိုင် ၁၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ဗီယက်နမ်အစိုးရအနေဖြင့် ၎င်း၏ဂျီဒီပီကို ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာစေရန် ရည်မှန်းချက်ထားရှိပြီး အဆိုပါရည်မှန်းချက်အတိုင်းရရှိစေရန် ကြိုးပမ်းသွားမည်ဟု ဆုံးဖြတ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၄ ဝန်းကျင်တွင် ငြိမ်သက်နေစေရန် စီမံချက်ချမှတ်၍ ဆောင်ရွက်ခဲ့သဖြင့် ပြည်ပမှ မေခရိုစီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးသည်လည်း ပုံမှန်အတိုင်း တိုးတက်လျက်ရှိသည်ဟု ကမ္ဘာ့ဘဏ်က သုံးသပ်ပြောကြားခဲ့သည်။ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူလာမှုနှင့်အတူ ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီသည် ၂၀၁၇ ခုနှစ် ပထမနှစ်ဝက်အတွင်း ၅ ဒသမ ၇ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ငွေကြေးဖောင်းပွမှုများရှိနေသော်လည်း အလွန်အကျွံမဟုတ်ဘဲ အနည်းငယ်သာ ဖောင်းပွလျက်ရှိပြီး နှစ်ရာခိုင်နှုန်းအောက်သာ ဖောင်းပွလျက်ရှိကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံက တစ်နှစ် နှစ်ကြိမ် ထုတ်ပြန်လျက်ရှိသည့် စီးပွားရေးအစီရင်ခံစာအရ ဗီယက်နမ်နိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍမှရရှိငွေသည် ဂျီဒီပီအားလုံး၏ ၄၂ ရာခိုင်နှုန်းရှိပြီး ခြောက်လတာကာလအတွင်း တစ်ရှိန်ထိုးမြင့်တက်လာခြင်းဖြစ်သည်။

ထို့ပြင် ကုန်သွယ်မှုပမာဏမှာလည်း ပိုမိုမြင့်တက်လာနိုင်ပြီး ပြည်တွင်းစားသုံးမှုမှာလည်း မြင့်တက်လာနိုင်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ အလားတူ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးကိုလည်း ၅ ဒသမ ၂ရာခိုင်နှုန်း မြင့်တက်လာမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားကြောင်း သိရသည်။



C B BANK
CB BANK နှင့် COMMERZ BANK တို့ ပူးပေါင်း၍
ဥရောပနိုင်ငံများသို့ ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်
ငွေပေးချေမှုလုပ်ငန်းများကို CB BANK တွင်
ရယူဆောင်ရွက်နိုင်ပါပြီ . . .
COMMERZBANK
HOTLINE :
(+951) 378644, 260891
(+959) 261997208
www.cbbank.com.mm
trade.services@cbbank.com.mm




GREE AIR CONDITIONER
U-Crown
1.0 HP/1.5HP/2.0HP
• 2-stage compressor
• Superior perfomance in extremely ambient temperature (-30°C to 54°C);
• Wide 3D airing
• 7 Fan Speeds;
Bee 3
NEW
1.0HP/1.5HP/2.0HP/2.5 HP
• 140V low voltage start up;
• "Turbo" cooling;
• Self-diagnosis;
• Auto restart
Silent King
1.0 HP/1.5HP/2.0HP
• R410a eco-friendly refrigerant;
• 60% energy saving;
• Rapid cooling;
• Precise temp control
I-Crown
3.0 HP
• 2-Stage compressor;
• Superior performance in extremely ambient temperature (-30°C to 54°C);
• Elegant design;
• 110cm wide air outlet;
• Long airing distrance;
Diamond
2.0HP/3.0HP
• Powerful cooling;
• Lond distance airing;
• Self-diagnosis;
• Auto restart
Dehumidifier
8L/D
• Fashion design;
• Water overflow protection;
• Filter cleaning reminder;
• Humidity display
Air Purifier
HEPA High Efficiency Dedusting Filter
• Eliminate 99.97% of dust and almost 100% of cigarette
• HIMOP odor-free Filter
• Anions Generating Function
မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ်
CHRIS HO COMPANY LIMITED
ခရစ်ဟိုးကုမ္ပဏီလီမိတက်
THE AIR CONDITIONER EXPERT
Yangon Office : No.(153-D), Waizayandar Garden Housing, Waizayandar Road, Thingangyun Tsp, Yangon, Myanmar.
Ph : 01-8564253, 01-8564352, 01-578605, 01-8562836, 01-8561853,09 457005566, 09457005599
Brand Office : Ma-13/15, Teik Pan Street, Between 57 & 58 Street, Mandalay.
Ph : 095009036, 09 47121582, 0991044737

# မြတ်မေတ္တာမွန် ဝန်ဆောင်မှုကုမ္ပဏီ


























(ရုံးချုပ်)
အမှတ်(၃၂-ဒီ)၊ ၃၂ ရိပ်သာလမ်း၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၀၇၀၅၆၊ ၀၉-၇၈၅၀၀၉၇၆၄၊ ၀၉-၅၀၁၀၀၄၄

ဆိပ်ကမ်းဒေသလိပ်စာ
အမှတ် (၁၊ ၂)အေး၊ သီလဝါဆိပ်ကမ်းဒေသ၊ ကျောက်တန်းမြို့နယ်၊
ရန်ကုန်တောင်ပိုင်းခရိုင်။
ဖုန်း - ၀၉-၅၁၉၃၈၆၅၊ ၀၉-၇၉၀၆၄၂၁၇၀

# COMMERCE INTERNATIONAL


## တရုတ်-အာဆီယံ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မိတ်ဆွေရင်းချာများသဖွယ်ဖြစ်လာ




တရုတ်နိုင်ငံနှင့် အာဆီယံဒေသတွင်း နိုင်ငံများ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုနီးစပ်လာခဲ့ပြီဖြစ်ပြီး မိတ်ဆွေရင်းချာများသဖွယ် ဖြစ်လာခဲ့ကြောင်း၊ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ နိုင်ငံရေးအရ ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့ခြင်းနှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ကျင်းပနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးQian Keming က တရုတ်-အာဆီယံ ကုန်သွယ်မှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် အာဆီယံဒေသတွင်း နိုင်ငံများ၏ ကုန်သွယ်မှုပမာဏသည် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၄၅၂ ဒသမ ၂ ဘီလီယံရှိခဲ့ရာ တရုတ်နိုင်ငံ၏စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုပမာဏထက် ပိုမိုမြင့်မားခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

"တရုတ်နိုင်ငံဟာ အာဆီယံဒေသတွင်း နိုင်ငံများနဲ့ ကုန်သွယ်ရာမှာ အကြီးဆုံးသော ကုန်သွယ်ဖက်အနေနဲ့ ဆက်လက် ရပ်တည်သွားမှာဖြစ်ပါတယ်။ အာဆီယံဟာ တရုတ်နိုင်ငံရဲ့ တတိယမြောက် ကုန်သွယ်ဖက်နိုင်ငံဖြစ်သလို တရုတ်နိုင်ငံရဲ့ စတုတ္ထမြောက် အကြီးမားဆုံး ပို့ကုန်တင်ပို့ရာ ဒေသလည်းဖြစ်ပါတယ်။ ဒ့ါအပြင် အာဆီယံဒေသက ကုန်ပစ္စည်းတွေကို ဒုတိယမြောက် အများဆုံး တင်သွင်းနေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်"ဟု Qian က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တရုတ်နှင့် အာဆီယံဒေသတွင်း နိုင်ငံများအကြား ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိရာ ယခုနှစ် ပထမငါးလအတွင်း ကုန်သွယ်မှုသည် ၁၆ ဒသမ ၂ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟုဆိုသည်။

"ဒီရလဒ်ဟာ တရုတ်နဲ့ အာဆီယံတို့အကြား နိုင်ငံရေးအရ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ခြင်းနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေခဲ့လို့ ဖြစ်ပါတယ်။ တရုတ်-အာဆီယံ ကုန်စည်ပြပွဲကိုလည်း အကောင်းမြင်ဝါဒနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြလို့ဖြစ်ပါတယ်"ဟု Qian က ထပ်မံပြောကြားခဲ့သည်။

ယခုနှစ်ကျင်းပမည့် (၁၄)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (China-ASEAN Expo, 2017)ကို စက်တင်ဘာ ၁၂ ရက်မှ ၁၅ရက်အထိ တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်းရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျင်းပမည်ဖြစ်သည်။ ယခုနှစ်ကျင်းပမည့် ကုန်စည်ပြပွဲ၏ဆောင်ပုဒ်မှာ "၂၁ ရာစုရေကြောင်းပိုးလမ်းမကြီးတွင် ပူးပေါင်းပါဝင်တည်ဆောက်ရေး၊ ခရီးသွားလုပ်ငန်းနှင့်အတူ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး"ဟူ၍ဖြစ်သည်။

## နိုင်ငံခြား ရွှေ့ပြောင်းလုပ်သားပြဿနာကြောင့် ဆန်တင်ပို့မှုလျာထားချက်ကို ထိခိုက်နိုင်



နိုင်ငံခြားသား လုပ်သားပြဿနာသည် ထိုင်းဆန်တင်ပို့မှုအပေါ်တွင် များစွာထိခိုက်နိုင်ပြီး ယခုနှစ်တွင် လျာထားချက် တန်ချိန် ၁၀ သန်း ပြည့်မီအောင် တင်ပို့နိုင်ရေးအတွက် အခက်အခဲ ဖြစ်စေကြောင်း ရွှေ့ပြောင်းလုပ်သားများမှာ လုပ်ငန်းခွင်မှ ထွက်ခွာလျက်ရှိပြီ ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ထိုင်းဆန်တင်ပို့သူများအသင်း ဂုဏ်ထူးဆောင်နာယက မစ္စတာချိုကီရက်က ထိုင်းဆန်များအား သင်္ဘောတင်ရန်အတွက် လုပ်သားအင်အား လုံလောက်မှုမရှိ ဖြစ်နေကြောင်း၊ အစိုးရက အမိန့်ထုတ်ပြန်ပြီးနောက် လုပ်သားလျော့နည်းမှုဖြစ်နေကြောင်း ပြောကြားခဲ့ပါသည်။ လောလောဆယ်တွင် ဆိပ်ကမ်း၌ သင်္ဘောတင်ရန် လုပ်သားရှားပါးမှု ပြဿနာနှင့် ရင်ဆိုင်နေရကြောင်း ဆိပ်ကမ်း၌ သင်္ဘောများရှိသော်လည်း ကုန်တင်ရန် နှောင်နှေးမှုများနှင့်လည်း ရင်ဆိုင်နေရကြောင်း အစိုးရကၡင်းထုတ်ပြန်ခဲ့သည့် အမိန့်အား ပြင်ဆင်ခြင်းမပြုပါက ဆန်တင်ပို့မှုလုပ်ငန်းကို ထိခိုက်လာစေနိုင်ကြောင်း ပြောကြားပါသည်။ ထိုင်းနိုင်ငံ ဆန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံခြားလုပ်သား ၃၀၀၀၀ မှ ၄၀၀၀၀ အတွင်း လုပ်ကိုင်လျက်ရှိပါသည်။ ယခင်က သင်္ဘောတင်ချိန်မှာ ၇ ရက်မှ ၁၀ ရက်အတွင်းသာ ကြာမြင့်သော်လည်း ယခုအခါ အချိန်တစ်လကြာမြင့်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

ဆန်တင်ပို့မှုသည် နိုင်ငံခြားငွေလဲလှယ်နှုန်း အပေါ်တွင်လည်းများစွာ တည်မှီကြောင်း ထိုင်းဘတ်ငွေတန်ဖိုး မြင့်တက်မှုကြောင့် ထိုင်းဆန် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ကျဆင်းစေကြောင်း ငွေလဲနှုန်း တစ်ဘတ်ပြောင်းလဲသွားတိုင်း ထိုင်းဆန်ဖြူဈေးနှုန်းမှာ တစ်တန်လျှင် ၈ ဒေါ်လာမှ ၉ ဒေါ်လာအထိ မြင့်တက်သွားကြောင်း ၎င်းက ပြောကြားပါသည်။

ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဌ မစ္စတာချာရွန်းက အစိုးရသည် ပုဒ်မ (၄၄) အရ အရေးယူမည့်ကာလ သတ်မှတ်ချက်အား ရက် ၁၈၀ ဆိုင်းငံ့ပေးရန် လိုအပ်ကြောင်း၊ ဆိုင်းငံ့ရက် ၁၈၀ ခွင့်ပြုပါက ကာလတိုအတွက် လုပ်သားပြဿနာကို ကိုင်တွယ်နိုင်မည်ဟု ထင်မြင်ကြောင်း ပြောကြားသွားပါသည်။အစိုးရအနေဖြင့် နိုင်ငံခြားလုပ်သား မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ဖြေလျှော့ပေးရန် ၎င်းက တောင်းဆိုခဲ့ကြောင်း၊ မှတ်ပုံတင်ကြေး ပယ်ဖျက်ပေးရန်နှင့် ထိုင်းပို့ကုန်လုပ်ငန်း၏ ယှဉ်ပြိုင်နိုင်မှုကို အတားအဆီးဖြစ်စေသော အချက်များကိုလည်း ဖယ်ရှားပေးရန် တောင်းဆိုခဲ့ကြောင်း လက်ရှိတွင် နိုင်ငံခြားလုပ်သားတစ်ဦး၏ မှတ်ပုံတင်ကြေးမှာ ဘတ် ၃၀၀၀၀ မှ ၄၀၀၀၀ အထိ ရှိကြောင်း ပြောကြား သွားပါသည်။

၎င်းတို့အသင်းအနေဖြင့် ဇွန်လ ၂၀ ရက်အထိ ထိုင်းဆန်တင်ပို့မှု တန်ချိန် ၅ဒသမ၃၃ သန်းရှိခဲ့ပြီး ယခင်နှစ်ကထက် ၁၅ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ယင်းအချက်သည် ကမ္ဘာ့ဦးဆောင် ဆန်တင်ပို့သူအဆင့်သို့ ပြန်လည်တက်လှမ်းနိုင်ရန် အလားအလာရှိကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်ခန့်ကအဆင့်လျော့ကျခဲ့ပြီး အိန္ဒိယနိုင်ငံက ဦးဆောင်အဆင့်ကို ရရှိခဲ့ကြောင်း ပြောကြားပါသည်။ ၎င်းတို့အသင်းအနေဖြင့် ယခုပထမ နှစ်ဝက်အတွင်း ဆန်တန်ချိန် ၅ ဒသမ ၅ သန်း တင်ပို့ရန်နှင့် တစ်နှစ်လုံးအတွက် ဆန်တန်ချိန် ၁၀ သန်း တင်ပို့နိုင်ရန် လျာထားခဲ့ကြောင်း တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အီရန်၊ အီရတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံတို့မှ ဝယ်လိုအား တိုးမြင့်လာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

တစ်ချိန်တည်း၌ပင် စားသုံးရန်မသင့်သည့် ဆန်တန်ချိန် ၂ဒသမ၇ သန်းလေလံတင်ရောင်းချရေးကိစ္စအား ဆိုင်းငံ့ထားရန် ဗဟိုတရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မေတ္တာရပ်ခံခဲ့ပါသည်။ နိုင်ငံခြားကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် မစ္စဒူရန်ပွန်ရော့ခ်ဖာရာက တရားရုံး၏ ဆုံးဖြတ်ချက်သည် ဆန်ကုန်သွယ်မှုလုပ်ငန်းအပေါ် ဆန့်ကျင်ဘက်အကျိုးသက်ရောက်သွားစေနိုင်သည်ဟု ပြောကြားခဲ့ပါသည်။ ဌာနအနေဖြင့် ၂၇ ကြိမ်အထိ ဆန်လေလံတင် ရောင်းချနိုင်ခဲ့သည့် အခြေအနေ အသေးစိတ်အား ရှင်းလင်း ပြောပြလိုကြောင်း၊ လေလံတင်ခြင်းကို ဥပဒေနှင့်အညီ ထင်သာမြင်သာရှိစွာ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ ပါသည်။

ဗဟိုတရားရုံးသည် ဇွန် ၃၀ ရက်နေ့တွင် စားသုံးရန်မသင့်သည့် ဆန်လက်ကျန် တန်ချိန် ၂ဒသမ၇ သန်း လေလံတင်ရောင်းချမည့် အစီအစဉ်အား ဆိုင်းငံ့ထားရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ TPK Ethanol Co,. Ltd. ၏ စောဒကတက်မှုကြောင့် ဆိုင်းငံ့စေခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ဧပြီလလေလံတင် ရောင်းချမှုတွင် ၎င်းတို့အား ပါဝင်ခွင့်မပြုဘဲ တားမြစ်ခဲ့ခြင်းအပေါ် ဝန်ကြီးဌာနက မညီမမျှ ဆောင်ရွက်သည်ဟု စောဒကတက်ထားကြောင်း သိရှိရပါသည်။ နိုင်ငံခြား ကုန်သွယ်ရေးဦးစီးဌာန၏ အစီရင်ခံစာအရ TPK Ethanol Co,. Ltd သည် လေလံယှဉ်ပြိုင်ရန် အရည်အချင်း ကိုက်ညီမှုမရှိကြောင်း လွန်ခဲ့သည့် နှစ် ၂၀ ခန့်က ပီလောပီနံဈေးနှုန်း အာမခံချက်အပေါ် စာချုပ်စည်းကမ်းကို ဖောက်ဖျက်ခဲ့သူဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းကိစ္စရပ်အပေါ် ဗဟိုတရားရုံးကလည်း ကုမ္ပဏီအား ဌာနသို့ ဒဏ်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း ၎င်း၏ နာမည်ပျက်ခဲ့မှုကြောင့် ဌာနအနေဖြင့် ဆန်လေလံ တင် ရောင်းချမှုတွင် ဝင်ရောက်ခွင့်မပြုခြင်းဖြစ်ကြောင်း ဖော်ပြထားရှိပါသည်။

**Source: ဗန်ကောက်ပို့စ်**
**သောင်းနိုင်(တာချီလိတ်)**